၁၉၉၅ ခု အောက်တိုဘာလမှစတင်၍
အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group
Issue No. 709 MAY 10, 2009

1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN
Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , voburma@ac.auone-net.jp

## ဒေါ်အောင်ဆန်းစုကြည်ရဲ့ဂုဏ်သိက္ခာကျဆင်းစေရန် နအဖလုပ်နိုင်ဖွယ်ရှိ

**Mizzima | မေလ ၇ ။** ။ အကျယ်ချုပ်ကျခံနေရတဲ့နေအိမ်အတွင်း အမေရိကန်နိုင်ငံသားတဦး တိတ်တဆိတ်ဝင်ရောက်ခဲ့မှုကို ဒေါ်အောင်ဆန်းစုကြည်၏ ဂုဏ်သိက္ခာကျဆင်းစေရန် ဖန်တီးလာနိုင်ကြောင်း ပြည်ပအခြေစိုက် အဲန်အဲယ်လ်ဒီ (လွတ်မြောက်နယ်မြေ) ကပြောပါတယ်။

ပါတီခေါင်းဆောင်၏နေအိမ်၌ ၂ ရက်ကြာနေခဲ့ပြီး ယခုလ ၅ ရက်နေ့ညနေတွင် ပြန်လည်ထွက်ခွာလာကာ ၆ ရက်နေ့တွင် အင်းလျားကန်အတွင်းရေကူးနေစဉ် အဖမ်းခံခဲ့ရကြောင်း နအဖသတင်းစာများတွင် သတင်းထုတ်ပြန် ချက်အပေါ် NLD-LA က တုန့်ပြန်ပြောဆိုလိုက်ခြင်းဖြစ်ပါတယ်။

“ထင်ယောင်ထင်မှားဖြစ်အောင် ဒေါ်အောင်ဆန်းစုကြည်ကိုထောက်ပံ့တယ်၊ ထောက်ခံတဲ့လူလည်းဖြစ်နိုင်တယ်၊ နိုင်ငံရေးကြောင့်ဝင်လာတယ်ဆိုတာကိုမပြောဘဲနဲ့ အမျိုးသမီးတယောက်အိမ်ကိုယောက်ျားတယောက်က ၂ ရက် ခိုလှုံနေပါတယ်လို့ အကြောင်းပြချက်က ဒေါ်အောင်ဆန်းစုကြည်ရဲ့ သိက္ခာစော်ကားတာ။” ဟု NLD-LA နိုင်ငံခြားရေးရာ တာဝန်ခံ ဦးညိုအုန်းမြင့်ကပြောပါတယ်။

နေအိမ်မှာ အကျယ်ချုပ်နဲ့ကျခံနေရတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့နေအိမ်ဝင်းသို့ စစ်အုပ်စုအဆိုအရ အမေရိကန်နိုင်ငံသားတဦး ခိုဝင်ခဲ့ခြင်းကို လုံခြုံရေးအားနည်း၍ ဖြစ်ပွားရခြင်းဖြစ်ကြောင်း မြန်မာပြည်တွင်းရှိ NLD ကပြောပါတယ်။

“ကျနော်တို့ ကအသေးစိတ် အကျိုးအကြောင်း ဘာမှမသိသေးဘူးဆိုတော့ တခုဘဲပြောနိုင်မယ် ဗျာ၊ လုံခြုံရေးအားနည်းနေလို့ဖြစ်တာလို့ဘဲ ပြောနိုင်တယ်ပေါ့ဗျာ။” ဟု NLD ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းကပြောပါတယ်။

ယနေ့ထုတ်မြန်မာ့အလင်းသတင်းစာမှာ “လုခြုံရေးအရတားမြစ်ထားသောနယ်မြေအတွင်းသို့ လျှို့ဝှက်တိတ်တဆိတ်ဝင်ရောက်ခဲ့မှုအတွက် ၎င်း၏ရည်ရွယ်ချက်နှင့်လုပ်ဆောင်ချက်များအား သက်ဆိုင်ရာတာဝန်ရှိသူများက ဆက်လက်စစ်ဆေးနေကြောင်း။” ဆိုထားပါတယ်။

“ဒီနေရာကိုဖြတ်မသွားရ၊ ဒီနေရာကိုမသွားရဆိုတဲ့ ဥပဒေကိုကြေညာထားရမယ်။ ပြဌာန်းထားရမယ်လေ။ ဒေါ်စုအိမ်ကို မည်သူမဝင်ရောက်ရဆိုတဲ့ ဥပဒေကိုပြဌာန်းထားတာမရှိဘူး။” ဟု ပဲခူးမြို့ရှိရှေ့နေဦး အေးမြင့်ကဆိုပါတယ်။

ယခုကိစ္စနှင့်ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်၏လုံခြုံရေးအတွက် အထူးစိုးရိမ်ဖွယ်ရာပင်ဖြစ်ကြောင်း NLD ကသုံးသပ်ပါတယ်။ NLD-LA နိုင်ငံခြားရေးရာတာဝန်ခံကလည်း “နအဖစစ်အုပ်စုက ဒေါ်အောင်ဆန်းစုကြည်လုံခြုံရေးကို သေချာတာဝန်ယူမထားဘူးဆိုတာ တွေ့ရပါတယ်။ စုစုပေါင်း ၁၃ နှစ်ပြည့်တော့မှာပါ။ ရန်ကုန်တက္ကသိုလ်ရိပ်သာလမ်းရှေ့က လုံခြုံရေးတင်းကျပ်မှုမရှိဘူးဆိုတာတွေ့ရတယ်။ အခုကိစ္စကိုကြည့်ရင် အန္တရာယ်များတယ်လို့ ကျနော်ထင်တယ်လေ။” ဟုပြော ပါတယ်။

ယနေ့ထုတ်ပြန်သည့် AP သတင်းတရပ်တွင် ယနေ့နေ့ခင်းပိုင်းက ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်ကျခံနေရသည့်နေအိမ်အတွင်း ရဲတပ်သား ၂၀ ဦးခန့် ဝင်ရောက်သွားခဲ့ကြောင်း အိမ်နီးနားချင်းများရဲ့ပြောဆိုချက်ကို ကိုးကားဖော်ပြထားပါတယ်။

## အမေရိကန်သံရုံးမေတ္တာရပ်ခံချက်နအဖအကြောင်းမပြန်

**RFA | မေလ ၈ ။** ။ နေအိမ်အချယ်ချုပ်နဲ့ထိန်းသိမ်းခံနေရတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အင်းလျားကန်စောင်းနေအိမ်ကို ရေကူးပြီးဝင်ရောက်ခဲ့မှုနဲ့ မေလ ၆ ရက်နေ့က အဖမ်းအဆီးခံထားရတဲ့ အမေရိကန်နိုင်ငံသားကို တွေ့ဆုံခွင့်ပေးဖို့အကြိမ်ကြိမ်မေတ္တာရပ်ခံတာကို မြန်မာအစိုးရက မသိကျိုးကျွံပြုထားတယ်လို့ မြန်မာနိုင်ငံမှာရှိတဲ့ အမေရိကန်သံရုံးက ပြောကြားလိုက်ပါတယ်။

ဒီသတင်းနဲ့ပတ်သက်လို့ အတည်ပြုချက်ရယူလိုပြီး ဒီလူနဲ့တဦးချင်း တိုက်ရိုက်စကားပြောလိုတယ်လို့ အမေရိကန်သံရုံးပြောခွင့်ရပုဂ္ဂိုလ် Richard Mei က ပြောပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ အာရှသံတမန်တွေကတော့ ဒီလူကိုဒေါ်အောင်ဆန်းစုကြည်ကသူ့အိမ်မှာနေထိုင်ဖို့ခွင့်ပြုတယ်ဆိုတာကို အာဏာပိုင်တွေသိသွားရင် ပြစ်ဒဏ်ချမှတ်ခံရနိုင်တာကိုစိုးရိမ်တဲ့အကြောင်း တိုးတိုးတိတ်တိတ်ထုတ်ဖော် ပြောကြားတယ်လို့ဆိုပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပြောခွင့်ပုဂ္ဂိုလ် ဦးဉာဏ်ဝင်းကတော့ ဒေါ်အောင်ဆန်းစုကြည်က

စာမျက်နှာ ၁၂ သို့

ဒေါ်အောင်ဆန်းစုကြည် နေအိမ် အကျယ်ချုပ် အမှု အယူခံပိုင်ခွင့် အခွင့်အရေး မရရှိ — စာမျက်နှာ ၃
အဖွဲ့ချုပ်အပေါ် အကောင်းမြင် ရေးသားမှု ပြည်တွင်း မီဒီယာမှာ ဖော်ပြခွင့်ရရှိ — စာမျက်နှာ ၅
နာဂစ်တနှစ်ပြည့် ကုသိုလ်ပြုပွဲများ ရောဝတီတိုင်း အတွင်း ကျင်းပကြ — စာမျက်နှာ ၈
နအဖစစ်အုပ်စုကို နိုင်ငံတကာ ခုံရုံးတင်ရေး ဘန်ကောက်တွင် ဆွေးနွေး — စာမျက်နှာ ၁၀
လူ့အခွင့်အရေးချိုးဖောက်မှုတွေ စုံစမ်းပေးရန် ဗြိတိသျှပါလီမန် အမတ်များ အဆိုပြု — စာမျက်နှာ ၁၃

VOB အာဘော်

# "တိကျပြတ်သားရမည့်သဘောထားနှင့်လုပ်ဆောင်ချက်"

မေလ ၄ ရက်နေ့၌ အီးယူနှင့် ဂျပန်တို့အကြား ပုံမှန်ကျင်းပလေ့ရှိသည့် ထိပ်သီးဆွေးနွေးပွဲကို ချက်သမတနိုင်ငံ ပရာဟာတွင်ကျင်းပခဲ့သည်။ ဂျပန်ဝန်ကြီးချုပ် တာရိုအာ့ဆိုနှင့် အီးယူခေါင်းဆောင်များတက်ရောက်ခဲ့သည်။ အီးယူနှင့် ဂျပန်တို့အကြား အရေးကိစ္စများကိုသာမက နိုင်ငံတကာအရေးကိစ္စများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့သည်။ ထိုဆွေးနွေးမှုများထဲတွင် မြန်မာ့အရေးလည်းပါဝင်ခဲ့သည်။ ခေါင်းဆောင်များက ပူးတွဲကြေညာချက်တစောင်ထုတ်ပြန်ရာတွင် စစ်အစိုးရကျင်းပမည်ဆိုသည့် ၂၀၁၀ ရွေးကောက်ပွဲသည် မြန်မာ့နိုင်ငံရေးတွင် သက်ဆိုင်သူအားလုံးပါဝင်ဆွေးနွေးညှိနှိုင်းထားချက်အပေါ်အခြေခံသော ရွေးကောက်ပွဲဖြစ်ပါက နိုင်ငံတကာအသိုင်းအဝိုင်းက ကြိုဆိုမည်ဖြစ်ကြောင်း အတိအလင်းဆိုထားသည်။

ထိုသို့ကြိုဆိုနိုင်ရေးအတွက်ဆိုလျှင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ထိန်းသိမ်းထားသောသူများ၊ နိုင်ငံရေးအကျဉ်းသားများကိုလွှတ်ပေးရမည်၊ နိုင်ငံရေးပါတီများအပေါ် ကန့်သတ်ထားချက်များကို ချက်ချင်းဖယ်ရှားပစ်ရမည်ဟု တောင်းဆိုထားသည်။ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ကြောင်းကျိုးညီညွတ်သောတောင်းဆိုချက်ဖြစ်သည်။ ထိုမျှမကသေး မြန်မာ့အရေးနှင့်ပတ်သက်၍ ကုလသမဂ္ဂ၏အခန်းကဏ္ဍနှင့် လုပ်ဆောင်ချက်များကိုလည်း အပြည့်အဝထောက်ခံပါကြောင်းဆိုထားသေးသည်။ ထိုကြိုးပမ်းချက်များ အောင်မြင်ရေးအတွက် မြန်မာစစ်အစိုးရအနေနဲ့ အပြည့်အဝပူးပေါင်းဆောင်ရွက်ရန်လည်း တိုက်တွန်းထားသည်။

အဖွဲ့အစည်းတရပ်အနေဖြင့်လည်းကောင်း၊ နိုင်ငံတနိုင်ငံအနေဖြင့်သော်လည်းကောင်း အခြေအနေအကြောင်းအချက်တရပ် သို့မဟုတ် အကြောင်းအရပ်များနှင့်ပတ်သက်၍ မိမိ၏သဘောထား ရပ်တည်ချက်များကို ထုတ်ဖော်ပြောဆိုကြေညာသည့်အခါ တောင်းဆိုချက်များပါဝင်လေ့ရှိသည်။ ယဉ်ကျေးသောလူမှုအသိုင်းအဝိုင်းတွင် ထိုကဲ့သို့သောတောင်းဆိုချက်များကို သက်ဆိုင်သူတို့က တုံ့ပြန်ပြောဆိုမှုများပြုလေ့ရှိသည်။ လိုက်နာနိုင်သည်လည်းရှိသည်၊ လက်မခံနိုင်သည် လည်းရှိသည်။ ဤသည်က ပုံမှန်ဖြစ်သော်လည်း မြန်မာနိုင်ငံ၌မူ ထိုသို့မဟုတ်ပေ။ စစ်အုပ်စုက မသိကျိုးကျင်ပြုသည်ကများသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ဧပြီ ၂၈၊ ၂၉ နေ့များပြုလုပ်ခဲ့သည့် အဖွဲ့ချုပ်အထူးအစည်းအဝေးတွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းမည်ဆိုသည့်ရပ်တည်ချက်အတိုင်း ခိုင်မာစွာရပ်တည်လျက်ရှိသည့် အဖွဲ့ချုပ်သည် တွေ့ဆုံဆွေးနွေးရေးကိုအခြေခံသော ရပ်တည်ချက်နှင့် နိုင်ငံရေးတောင်းဆိုချက်များကို ရှင်းလင်းပြတ်သားစွာဖော်ပြထားသည်။ တောင်းဆိုချက်များသည် လွန်စွာမှန်ကန်ပြီး ကြောင်းကျိုးခိုင်မာကာ အနာဂတ် မြန်မာနိုင်ငံအတွက် အကောင်းဆုံးမျှော်မှန်းကာ ထုတ်ပြန်ခဲ့သောကြေညာချက်ဖြစ်သည်။ နှစ်ပေါင်းများစွာ ကြံ့ကြံ့ခိုင်ရပ်တည်လှုပ်ရှားနေခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ရွှေဂုံတိုင်ကြေညာချက်သည် မိမိတို့တောင်းဆိုချက်များကို နအဖက မဖြည့်ဆည်းပေးခဲ့သော် နအဖက တွေ့ဆုံဆွေးနွေးမှုမပြုခဲ့သော် မည်သို့လုပ်ဆောင်မည်ဆိုသည်မှာ မပါဝင်ပေ။ မြန်မာ့အရေးကို ပတ်သက်လုပ်ကိုင်နေသူမှန်သမျှ ကြိုဆိုကြမည့်ကြေညာချက်ဆိုသည်မှာ မြေကြီးလက်ခပ်မလွဲပေ။ သို့သော် နအဖကဲ့သို့သော အာဏာကို ငမ်းငမ်းတက်တွယ်ဖက်နေသည့် စစ်အာဏာရှင်များအတွက် ထိုကြေညာချက်သည် မသိကျိုးကျင်ပြုဖွယ်ရာရှိသည်။ အီးယူ–ဂျပန်ထိပ်သီးအစည်းအဝေးကြေညာချက်တွင် နအဖစစ်အုပ်စုက လူ့အခွင့်အရေးလေးစားလိုက်နာကာ သိသာထင်ရှားသောနိုင်ငံရေးအရ တိုးတက်မှုဖြစ်ထွန်းလာပါက သူတို့အနေဖြင့် အပြုသဘောဆောင်သည့်တုံ့ပြန်မှုများပြုလုပ်ရန် အဆင့်သင့်ရှိသည်ဆိုသော လုပ်ဆောင်မည့်အချက်ကို ရှင်းလင်းစွာဖော်ပြထားသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ရွှေဂုံတိုင်ကြေညာချက်တွင် မိမိတို့တောင်းဆိုချက်ရရှိလျှင် သို့မဟုတ် မရရှိလျှင် မည်သို့လုပ်ဆောင် မည်ဆိုသည့်အချက်မပါဝင်ပေ။ ဤသည်က အာဏာရှင် နအဖအနေဖြင့် မသိကျိုးကျင်ပြုကာ လျစ်လျူရှုကာနေဖွယ်ရာရှိကြောင်း ရေးသားလိုက်ရပေသည်။

# ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးဖို့ မိတ္ထီလာအဖွဲ့ချုပ် တောင်းဆို

**DVB၊မေ ၆။** ။ နေအိမ်အကျယ်ချုပ်ကျခံနေရတဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ဘယ်လိုအကြောင်းပြချက်နဲ့မှ ဆက်လက်မထိန်းသိမ်းထားပဲ အမြန်ဆုံးပြန်လွှတ်ပေးဖို့ မိတ္ထီလာခရိုင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တောင်းဆိုလိုက် ပါတယ်။

ဒီလ ၁ ရက်နေ့က ပြုလုပ်တဲ့ မိတ္ထီလာခရိုင် အဖွဲ့ချုပ် အစည်းအဝေးပွဲကနေ တောင်းဆိုလိုက်တာပါ။ နာဂစ်လေဘေးဒုက္ခသည်တွေရဲ့ အခက်ခဲတွေကို ကူညီရင် ဖမ်းဆီးထောင်ချခံခဲ့ရသူ ၂၁ ဦးကိုလည်း ခြွင်းချက်မရှိ ပြန်လွှတ်ပေးဖို့ ဆုံးဖြတ်ချက်ချတောင်းဆိုတယ်လို့ မိတ္ထီလာမြို့အဖွဲ့ချုပ် အတွင်းရေးမှူးဒေါ်မြင့်မြင့်အေးက ပြောပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်ကို ဒီလ လွှတ်ကိုလွှတ်ပေးရမည် ။ ၆ နှစ်ပြည့်နေပြီ သူတို့ ဥပဒေကြောင်းအရရော၊ မည်သည့်အကြောင်းပြချက်နဲ့မှ ကန့်ကွက်အချိန်ဆွဲမနေဘဲ ခြွင်းချက်မရှိချက်ချင်းလွှတ်ပေးဖို့ ဆုံးဖြတ်ချက်ချခဲ့တယ်။

"နောက်တခုက ၂ ရက် ၅ လ ၂၀၀၉ ရက်နေ့မှာ နာဂစ်လေမုန် တိုင်းကျရောက်တာ နှစ်ပတ်လည်နေ့ဖြစ်တဲ့အတွက်ကြောင့် မုန်တိုင်းကြောင့် ဒုက္ခရောက်တဲ့ ပြည်သူလူထုကို လူမှုရေးအကူအညီပေးမှုကြောင့် ဖမ်းဆီးထောင်ချခံခဲ့ရတဲ့ နိုင်ငံကျော် လူရွှင်တော် ဇာဂနာ၊ သတင်းထောက် မအိမ့်ခိုင်ဦး၊ ဒေါက်တာ နေဝင်း အပါအဝင်ပေါ့ ၂၁ ဦးကို အမြန်ဆုံးပြန်လွှတ်ပေးဖို့ တောင်းဆိုကြောင်း ဆုံးဖြတ်ချက်ချခဲ့တယ်။"

ပြီးခဲ့တဲ့လ ၂၉ ရက် နေ့စွဲနဲ့ အဖွဲ့ချုပ်ဗဟိုက ထုတ်ပြန်ခဲ့တဲ့ ရွှေဂုံတိုင်ကြေညာစာ တမ်းကို ကြိုဆိုထောက်ခံခဲ့ကြတယ်လို့လည်း ပြောပါတယ်။ ဒါ့အပြင် မြို့နယ်အတွင်း ရေအခက်ခဲတွေရှိနေလို့ ဒေသခံတွေ တင်ပြလာတာတွေနဲ့ပတ်သက်လို့လည်း ဆွေးနွေးခဲ့ကြတယ်လို့ ဒေါ်မြင့်မြင့်အေးက ပြောပါတယ်။

"မိတ္ထီလာမှာ မြောက်ဘက်ကန်ရေက မရှိသလောက် ဖြစ်သွားပြီ၊ ညောင်ကုန်းဆည်၊ မုန်တိုင်ဆည် တို့ကနေ ရေတွေကို တောင်းယူပြီး မြို့လူထုကို ဖြန့်ဝေပေးသင့်တယ်။ အဲဒီဆည်ရေတွေက စိမ်းကိန်းသီးနှံတွေအတွက် တိုက်ရိုက် ပေးလိုက်တဲ့အခါ လူတွေက ရွံ့ရေတွေ၊ ရေနောက်တွေပဲရနေတာ။"

"မြို့လူထုက ရှိတဲ့လူတွေက အဝီစိတွင်းတူးတယ်၊ မရှိတဲ့ လူတွေကတော့

**စာမျက်နှာ ၁၅ သို့**

# ဒေါ်အောင်ဆန်းစုကြည်နေအိမ်အကျယ်ချုပ်အမှု အယူခံပိုင်ခွင့် အခွင့်အရေးမရရှိ

**NMG၊ မေလ ၅။** ။ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အကျယ်ချုပ်အမှု အယူခံကို နအဖစစ်အစိုးရကပယ်ချလိုက်ပြီဖြစ်ပါတယ်။ အယူခံပယ်ဖျက်မှုကို မေ ၃၀ ရက်တွင် တွဲဘက်ရှေ့နေဦးလှမျိုးမြင့်ကိုယ်တိုင် နေပြည်တော်သို့သွားယူခဲ့ရကြောင်း ရှေ့နေကြီးဦးကြည်ဝင်းက သတင်းဌာနများ သို့ပြောပါတယ်။

နေအိမ်အကျယ်ချုပ်အယူခံမှုကို ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်ကတည်းက တင်သွင်းခဲ့သော်လည်း နအဖ ဝန်ကြီးချုပ်က တစုံတရာအကြောင်းပြန်ကြားခြင်းမရှိခဲ့ရာ မေ ၂၈ ရက်တွင် နအဖ စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ထပ်မံတင်ပြခဲ့ရာတွင် အယူခံမှုကို ပလပ်လိုက်ကြောင်း နအဖဘက်က တရားဝင်အကြောင်းကြားလိုက်ခြင်းဖြစ်ပါတယ်။

အဆိုပါကိစ္စနှင့်စပ်လျဥ်း၍ မြန်မာနိုင်ငံရှေ့နေများကောင်စီ BLC အထွေထွေအတွင်းရေးမှူး ဦးအောင်ထူးက "ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ BLC နဲ့ လန်ဒန်အခြေစိုက်တဲ့ရှေ့နေကြီးများအဖွဲ့ကနေ ပြီးခဲ့တဲ့လကတည်းကကိုဘဲ ကုလမဂ္ဂလက်အောက်မှာရှိတဲ့ စိတ်ထင်မြင်ရုံနဲ့ဖမ်းဆီးချုပ်နှောင်ခြင်းဆိုင်ရာ လုပ်ငန်းအဖွဲ့ကိုတင်ပြီးတော့ အဆုံးအဖြတ်တောင်းခဲ့တယ်။ အဲဒီအဖွဲ့ကနေပြီး ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးချုပ်နှောင်ထားတာဟာ ပြည်တွင်းဥပဒေအရရော၊ နိုင်ငံတကာဥပဒေအရရော ဥပဒေနဲ့မညီညွတ်ဘူးဆိုတာကို ဆုံးဖြတ်ထားပြီးသားဖြစ်တယ်။" ဟု ပြောပါတယ်။

တည်ဆဲဥပဒေ ၁၉၇၅ အရ နိုင်ငံတော်နှောင့်ယှက်ဖျက်ဆီးသူများမှ ကာကွယ်သည့်ဥပဒေတွင် ၅ နှစ်အထိသာ ချုပ်နှောင်ထားပိုင်ခွင့်ရှိသော်လည်း တနှစ်ထပ်မံတိုးချုပ်ခဲ့ခြင်းသည်ပင်လျှင် နအဖ အစိုးရအနေဖြင့် ကိုယ့်ဥပဒေကိုယ်ချိုးဖောက်နေခြင်းဖြစ်သည်ဟုလည်း ၎င်းကထောက်ပြပြောဆိုပါတယ်။

"ပြည်တွင်းဥပဒေကိုလည်းဆန့်ကျင်တယ်၊ နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံးဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ ၁/င မှာပါတဲ့ လူတဦးတယောက်ရဲ့ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်ကို ကြီးမားစွာထိခိုက်စေခြင်းဆိုတဲ့ ပြဋ္ဌာန်းချက်ကိုလည်း လုံးဝချိုးဖောက်ရာရောက်တယ်။ အခု ဒေါ်အောင်ဆန်းစုကြည်အမှုအပါအဝင် နိုင်ငံရေးအကျဥ်းသားတွေကို ဆက်လက်ဖမ်းဆီးချုပ်နှောင်နေတာတွေ၊ နှစ်ရှည်ထောင်ဒဏ်ချမှတ်နေတာတွေ၊ နောက် တရားစီရင်ရေးစနစ်ကို ဖိနှိပ်ရေးကိရိယာအဖြစ်သုံးတဲ့ကိစ္စတွေ၊ တိုင်းရင်းသားတွေအပေါ် ဖိနှိပ်နေတာတွေအားလုံးစုပေါင်းပြီးတော့ နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးကနေ အရေးယူဆောင်ရွက်ခွင့်ရလာအောင် ကြိုးစားနေပါတယ်။" ဟု ဦးအောင်ထူးကဆက်လက်လုပ်ဆောင်သွားမည့် ကိစ္စရပ်များကိုရှင်းလင်းပြောဆိုပါတယ်။

အဲန်အဲယ်လ်ဒီပါတီပြောခွင့်ရပုဂ္ဂိုလ် ဦးဥာဏ်ဝင်းက "ကျနော်တို့ရဲ့သဘောထားကတော့ အယူခံပိုင်ခွင့် အခွင့်အရေးကိုအပြည့်အဝမရခဲ့ပါဘူး။ အယူခံကို ကြားနာခြင်းမရှိဘဲ ပယ်ချလိုက်တဲ့အတွက် အခွင့်အရေးအပြည့်အဝမရခဲ့ဘူး။ ဒီလိုဘဲမြင်ပါတယ်။" ဟုပြောပါတယ်။ နေအိမ်အကျယ်ချုပ်အမှု ပလပ်ခံရမှုအတွက် ဒေါ်အောင်ဆန်းစုကြည်အားအကြောင်းကြားနိုင်ရန် ရှေ့နေကြီး ဦးကြည်ဝင်းကသတင်းတပ်ဖွဲ့ကိုတောင်းဆိုထားပါတယ်။

# ဒီကေဘီအေအတွင်းသဘောထားကွဲလွဲ

**NMG၊ မေလ ၅။** ။ တိုးတက်သောကရင်ဗုဒ္ဓဘာသာအဖွဲ့ DKBA ကို နယ် ခြားစောင့်တပ်အဖြစ် မြန်မာစစ်အစိုးရကပြင်ဆင်ဖွဲ့စည်းပေးမည်ကို သဘောတူ လက်ခံသော်လည်း တပ်ဖွဲ့အင်အားလျှော့ချမည့်ကိစ္စနှင့်ပတ်သက်၍ DKBA အတွင်းသဘောထားကွဲလွဲမှုများဖြစ်ပေါ်နေသည်ဟု အဖွဲ့အဆင့်မြင့်အရာရှိတဦးက ပြောပါတယ်။

"၂၀၁၀ ရွေးကောက်ပွဲပြီးရင် DKBA ကို နိုင်ငံတော်က နယ်ခြားစောင့်တပ်အဖြစ်အသွင်ပြောင်းမှာကို သဘောတူပေမယ့် တပ်ဖွဲ့အင်အားလျှော့မယ့်ကိစ္စနဲ့ပတ်သက်ပြီး သက်ဆိုင်ရာအသီးသီးကခေါင်းဆောင်တွေနဲ့ သဘောထားကွဲလွဲနေကြလို့ ဒီလဆန်းကနေစပြီး ဌာနချုပ်မှာအစည်းအဝေးထိုင်နေရတယ်။" ဟုပြောပါတယ်။ ဒေသတခုမှာရှိတဲ့ တပ်ရင်းတရင်းကို တပ်ဖွဲ့ဝင် ၃၀၀ သာကန့်သတ်ထားကာ တပ်ရင်းမှူးနဲ့ဒု-တပ်ရင်းမှူးမှာ DKBA ကအရာရှိဖြစ်သော်လည်း ကျန်တဲ့အထက်ဆင့်နဲ့အောက်ခြေအဆင့်များကို တပ်မတော်ကအဆင့်ဆင့်ကွပ်ကဲအုပ်ချုပ်သွားမှာဖြစ်တဲ့အတွက် အစည်းအဝေးထိုင်ရခြင်းဖြစ်ကြောင်း DKBA မှအဆိုပါအဆင့်မြင့်အရာရှိကပြောပါတယ်။

DKBA အနေနဲ့ နိုင်ငံတော်နဲ့ငြိမ်းချမ်းရေးရယူထားတဲ့ အဖွဲ့အချို့လို့ ပါတီထောင်ပြီး ရွေးကောက်ပွဲဝင်ဖို့လုံးဝအစီအစဥ်မရှိကြောင်း၊ နအဖ စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဒု-ဗိုလ်ချုပ်ကြီးရဲမြင့် ပြောကြားခဲ့တဲ့အတိုင်း နယ်ခြားစောင့်တပ်အဖြစ်အသွင်ပြောင်းမှာကို သဘောတူညီခဲ့သော်လည်း အခုလိုတပ်အင်အားအစပေါင်းများစွာ လျှော့ချမယ့်ကိစ္စကို DKBA ခေါင်းဆောင်အချို့က သဘောမတူကြတာလို့သိရပါတယ်။

DKBA ဖွဲ့စည်းပုံအရ မြိုင်ကြီးငူဗဟိုဌာနချုပ်အပါအဝင် လက်အောက်ခံ ၃၃၃-၅၅၅-၉၉၉ စတဲ့တပ်မဟာ ၃ ခုရှိပြီး လက်နက်ကိုင်အင်အား ၃,၀၀၀ ခန့်ရှိတယ်လို့ DKBA မှတ်တမ်းအရသိရှိရကာ နအဖ သတ်မှတ်ထားတဲ့အတိုင်း တပ်အင်အားလျှော့ချမယ်ဆိုပါက တပ်ဖွဲ့ဝင်အင်အား ၉၀၀ ခန့်သာကျန်ရှိမှာဖြစ်တယ်လို့သိရပါတယ်။

DKBA အဖွဲ့ဟာ ၁၉၉၄ ခုနှစ်က ကရင်အမျိုးသားအစည်းအရုံး KNU မှခွဲထွက်ခဲ့ပြီး မြန်မာစစ်အစိုးရရဲ့ ကျောထောက်နောက်ခံဖြင့်ဖွဲ့စည်းခဲ့သည်။ ထိုစဥ်ကခွဲထွက်မှုကိုဦးဆောင်ခဲ့တဲ့ ဒု-အရာခံဗိုလ်စောကျော်သန်းသည် လက်ရှိ DKBA အဖွဲ့ရဲ့စစ်ဦးစီးချုပ်ဖြစ်ပါတယ်။

# အီးယူနဲ့ဂျပန်တို့ နအဖအပေါ် ကြေညာချက်ထုတ်ပြန်

**RFA၊ မေလ ၅။** ။ ဥရောပသမဂ္ဂ EU နဲ့ ဂျပန်တို့က မြန်မာစစ်အစိုးရအပေါ် ပူးတွဲကြေညာချက်တစောင်ကို မေလ ၄ ရက်နေ့ရက်စွဲနဲ့ ထုတ်ပြန်ခဲ့ပါတယ်။ ၁၈ ကြိမ်မြောက် EU-ဂျပန်ညီလာခံကနေ ဒီကြေညာချက်ထုတ်ပြန်လိုက်တာပါ။

အဲဒီကြေညာချက်မှာ မြန်မာစစ်အစိုးရက လက်ရှိပြည်တွင်းမှာဖြစ်နေတဲ့ နိုင်ငံရေး၊ စီးပွားရေးအကျပ်အတည်းတွေကိုဖြေရှင်းဖို့ ဒီမိုကရေစီနဲ့အရပ်သားအစိုးရပေါ်ထွန်းဖို့နဲ့ ငြိမ်းချမ်းစွာအသွင်ကူးပြောင်းရေးဆောင်ရွက်ဖို့မျှော်လင့်ပြီး ဒီပူးတွဲကြေညာချက်ထုတ်ပြန်တာလို့ဆိုပါတယ်။ အဲဒီအတွက် စစ်အစိုးရက သက်ဆိုင်ရာအတိုက်အခံနိုင်ငံရေးခေါင်းဆောင်တွေနဲ့ အနှစ်သာရရှိတဲ့တွေ့ဆုံဆွေးနွေးပွဲတွေပြုလုပ်မယ်ဆိုရင် ၂၀၁၀ မှာကျင်းပမယ့် ရွေးကောက်ပွဲကို နိုင်ငံတကာအသိုင်းအဝိုင်းက လက်ခံအသိအမှတ်ပြုလာနိုင်တယ်လို့ ပူးတွဲကြေညာချက်မှာဖော်ပြထားပါတယ်။

အဲဒီအပြင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ဖမ်းဆီးထိန်းသိမ်းထားတဲ့ နိုင်ငံရေးအကျဥ်းသားတွေ အားလုံးလွှတ်ပေးဖို့နဲ့ နိုင်ငံရေးပါတီတွေကိုကန့်သတ်ချုပ်ချယ်ထားတာတွေ ချက်ချင်းရုတ်သိမ်းပေးဖို့ စစ်အစိုးရကိုတောင်းဆိုလိုက်ပါတယ်။ တဆက်တည်းမှာဘဲ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဆောင်ရွက်နေတဲ့ ကိစ္စတွေနဲ့ ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ်ရဲ့ဆောင်ရွက်ချက်တွေကိုလည်း အပြည့်အဝထောက်ခံကြောင်း ရေးသားဖော်ပြထားပြီး စစ်အစိုးရအနေနဲ့ ကုလသမဂ္ဂရဲ့ကြားဝင်ဆောင်ရွက်မှုတွေကို အပြည့်အဝပူးပေါင်းဖို့ တိုက်တွန်းတောင်းဆိုထားပါတယ်။

EU နဲ့ ဂျပန်တို့ရဲ့ ပူးတွဲကြေညာချက်နဲ့ပတ်သက်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကလည်း ထောက်ခံကြောင်း ပါတီပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းကအခုလိုထုတ်ဖော်ပြောဆိုပါတယ်။ "ကျနော်ဖတ်ပြီးပြီ၊ တော်တော်ကောင်းပါတယ်။ ဒီအတိုင်း သူတို့နှစ်ဖွဲ့လုပ်တဲ့အတိုင်းဖြစ်မယ်ဆိုရင် ကျနော်တို့ကြိုဆိုပါတယ်ဗျာ။"

# သတင်းစာဆရာမရဲ့ကိုယ်တွေ့မှတ်တမ်း

**ဦးအောင်ခင်**
**မျက်မှောက်ရေးရာသုံးသပ်ချက်**

ဗမာစစ်အစိုးရရဲ့ ပါတီသုတေသနနဲ့သတင်းစာလောကမှာအမှုထမ်းခဲ့တဲ့ သတင်းစာဆရာမတဦးရဲ့ ကိုယ်တွေ့မှတ်တမ်းကို ဒီကနေ့တင်ပြပါမယ်။ စစ်အစိုးရပိုင် မဆလ ပါတီဌာနချုပ်နဲ့ မြန်မာ့အလင်းသတင်းစာမှာ အမှုထမ်းခဲ့သူ စန်းစန်းတင်က သူ့အတွေ့အကြုံကိုရိုးရိုးသားသားပွင့်ပွင့်လင်းလင်း တင်ပြထားတဲ့စာအုပ်ပါဘဲ။

လွန်ခဲ့တဲ့ ၁၀ နှစ်လောက်က အမေရိကန်နိုင်ငံ Berkeley အခြေစိုက်ကာ လီဖိုးနီးယားတက္ကသိုလ်မှာ စန်းစန်းတင်သတင်းစာပညာသင်တန်းတက်ရင်းရင်းနှီးခဲ့တဲ့ဆရာမ Carolyn Wakeman နဲ့ပူးတွဲရေးသားထားတဲ့ ကိုယ်တွေ့မှတ်တမ်းစာအုပ်ဘဲဖြစ်ပါတယ်။ No Time for Dreams ဆိုတဲ့အမည်နဲ့ Rowman & Littlefield စာအုပ်တိုက်က ၂၀၀၉ ခုနှစ်၊ ဂျန်နဝါရီလမှာ ထုတ်ဝေလိုက်တာပါဘဲ။ စာမျက်နှာ ၂၀၀ နီးပါးရှိပြီး ကဒ်ထူဖုံးနဲ့ထုတ်ဝေထားပါတယ်။

စန်းစန်းတင်လိုအတွေ့အကြုံမျိုးရှိကြသူတွေ မြန်မာပြည်မှာအများကြီးရှိပေမယ့် လွတ်လပ်မှုမရှိတဲ့အတွက် ရေးသားဖော်ပြနိုင်ကြတာမဟုတ်ပါဘူး။ နိုင်ငံခြားရောက်လာလို့ လွတ်လပ်သွားပြန်တော့လည်း မြန်မာပြည်မှာကြုံတွေ့ခဲ့ရတဲ့အနိဋ္ဌာရုံတွေကိုပြန်လည်စဉ်းစားပြီး မှတ်တမ်းတင်ချင်သူသိပ်မရှိပါဘူး။ ဒါကြောင့် စန်းစန်းတင်ရဲ့ကိုယ်တွေ့မှတ်တမ်းဟာ အင်္ဂလိပ်စာပေလောကမှာ ထူးခြားတယ်လို့ပြောရပါလိမ့်မယ်။ နိုင်ငံခြားမှာကြီးပြင်းလာလို့ ဗမာစာမတတ်တဲ့ဗမာလူငယ်တွေအဘို့ စန်းစန်းတင်ရဲ့ကိုယ်တွေ့မှတ်တမ်းဟာ အဘိုးတန်ဗဟုသုတဖြစ်မှာသေချာပါတယ်။

Berkeley အခြေစိုက် ကာလီဖိုးနီးယားတက္ကသိုလ်မှာ သတင်းစာပညာဆည်းပူးနေတုန်း ဒေါ်စန်းစန်းတင်က မြန်မာပြည်အတွေ့အကြုံကို ပြန်ရေးဘို့ဆုံးဖြတ်လိုက်တဲ့အတွက် ဒီစာအုပ်ထွက်လာတာလို့ Carolyn Wakeman ကအမှာစာရေးထားပါတယ်။ ရှင်းလင်းပြတ်သားစွာ ကွက်ကွက်ကွင်းကွင်းပြန်ပြောနိုင်တဲ့ ဒေါ်စန်းစန်းတင်ရဲ့မှတ်ဉာဏ်ကိုလည်း အံ့သြမိပါတယ်တဲ့။ ဗမာစစ်အစိုးရရဲ့ညံ့ဖြင်းမှုကြောင့် မြန်မာပြည်ယိုယွင်းပျက်ဆီးလာရပုံကို မြန်မာပြည်မရောက်ဘူးတဲ့ နိုင်ငံခြားပညာရှင်တွေကလည်း ရေးကြပါတယ်။

ဒါပေမယ့် ဘက်ပေါင်းစုံကဖိနှိပ်တဲ့ စစ်အစိုးရအောက်မှာ ဘဝရပ်တည်ရေးနဲ့အသက်မွေးမှုပညာရရှိရေးအတွက်ကြိုးပမ်းနေရတဲ့ မြန်မာပြည်သူပြည်သားတွေရဲ့ဘဝကိုတော့ နိုင်ငံခြားကဖော်ပြလို့မရပါဘူး။ ဒီနေရာမှာ ဒေါ်စန်းစန်းတင်ရဲ့ကိုယ်တွေ့မှတ်တမ်းဟာ အရေးကြီးတဲ့နေရာကပါဝင်လာပါတယ်။ ဒါကြောင့် မြန်မာသတင်းစာဆရာမတဦးရဲ့ ဘဝအတွေ့အကြုံကို အင်္ဂလိပ်စာဖတ်ပရိသတ်သိရအောင်ရေးဘို့ ဆုံးဖြတ်လိုက်ရတယ်လို့ Carolyn Wakeman ကဆိုပါတယ်။

ကျနော်အလုပ်လုပ်လာတဲ့သက်တမ်း ၄၇ နှစ်မှာ မြန်မာပြည်မှာလုပ်တဲ့သက်တမ်းက ၁၀ နှစ်ဘဲရှိတာကြောင့် ကျနော်လည်းဗဟုသုတရပါတယ်။ စန်းစန်းတင်ရဲ့ကိုယ်တွေ့မှတ်တမ်းဖတ်ရတာ ကျနော်ထွက်လာခဲ့တဲ့ မဆလ ခေတ်မြန်မာပြည်ကိုပြန်ရောက်သွားသလိုခံစားရပါတယ်။ ၁၉၆၂ မှာ စစ်တပ်ကအာဏာသိမ်းတော့ စန်းစန်းတင်က ၁၂ နှစ်သမီး၊ ကျနော်က တက္ကသိုလ်နည်းပြဆရာပါ။ တက္ကသိုလ်မှာ ၁၀ နှစ်လုပ်ပြီး ပညာတော်သင်အဖြစ် နိုင်ငံခြားကိုပထမထွက်တယ်။ နောက်တော့ပြန်လာပြီး နှစ်လအတွင်းအလုပ်ထွက်ပြီး နိုင်ငံခြားထွက်တာမို့ ဗမာစစ်အစိုးရရဲ့ကလိမ်စေ့ငြမ်းဆင်တဲ့ ဝါဒဖြန့်ယန္တရားအကြောင်းသိပ်မသိပါဘူး။ စန်းစန်းတင်ကတော့ ၁၂ သမီးက ၄၉ နှစ်အရွယ်အထိ ၃၇ နှစ်လုံးလုံး စစ်အစိုးရအဆက်ဆက်ရဲ့လက်အောက်မှာ နေခဲ့ရသူဖြစ်ပါတယ်။

အမြဲတမ်းလိမ်ညာဝါဒဖြန့်ပြီး အဖြစ်မှန်ကိုဖုံးကွယ်တတ်တဲ့ ဗမာစစ်အစိုးရရဲ့အကျင့်ဆိုးကြောင့် အရှိကိုအရှိအတိုင်းတင်ပြထားတဲ့ ဒေါ်စန်းစန်းတင်ရဲ့ကိုယ်တွေ့မှတ်တမ်းဟာ အရေးကြီးတယ်လို့စာရေးဆရာမ Emma Larkin ကစာအုပ်နိဒါန်းမှာရေးထားပါတယ်။ Emma Larkin ဟာ ဗမာစာ–ဗမာစကားတတ်ကျွမ်းပြီး မြန်မာပြည်မှာလေ့လာဘူးသူဖြစ်ပါတယ်။ ဒါကြောင့် ဗမာစစ်အစိုးရရဲ့အဂတိလိုက်စားမှုတွေကို အများသိအောင် ဒေါ်စန်းစန်းတင်ကဖော်ပြလိုက်တာလို့ သူကမြင်ပါတယ်။

သတင်းစာလောကမှာ အမျိုးသားကြီးစိုးပါတယ်။ အင်ဒိပဲင်းဒင့်ဒေါ်စန်း၊ ဂျာနယ်ကျော်မမလေး၊ လူထုဒေါ်အမာ၊ စတဲ့နာမည်ကျော်ပုဂ္ဂိုလ်တွေရှိပေမယ့် စန်းစန်းတင်တို့ခေတ်ရောက်လာတော့လည်း သတင်းစာဆရာမဦးရေဟာ အလွန်နည်းနေတုန်းပါဘဲ။ ဒါကြောင့် သတင်းစာလောကမှာ မိန်းမရှုပ်တဲ့အမျိုးသားတွေသိပ်များတယ်လို့သိရပါတယ်။ ၇၀ ရခိုင်နှုန်းလောက်ဟာ မိန်းမရှုပ်ကြတယ်လို့ လုပ်ဖော်ကိုင်ဘက်အမျိုးသားတဦးကပြောတာကိုလည်း စန်းစန်းတင်ကဖော်ပြပါတယ်။ အသက် ၄၆ နှစ်မှာကွယ်လွန်သွားတဲ့ သူ့မိတ်ဆွေစာရေးဆရာမ မိုးမိုး(အင်းလျား) ဟာ ဖောက်ပြန်တဲ့လင်ယောကျ်ားကိုမကွာရှင်းနိုင်ဘဲ ဘဝနိဂုံးချုပ်သွားရတာကိုလည်း စန်းစန်းတင်ကဝမ်းနည်းနေပုံရပါတယ်။

အိမ်ထောင်သည်ဘဝမှာ ယောကျ်ားကဖောက်ပြန်တာများပေမယ့် လင်ယောကျ်ားကိုသာ အလေးထားတဲ့ မြန်မာ့ဓလေ့ကိုလည်း စန်းစန်းတင်က မကျေမနပ်ဖြစ်နေပုံရပါတယ်။ ‘မောင်တကျိပ်ပင်ရှိလင့်ကစား လင်မရှိသောမိန်းမာသည်အချည်းအနှီးတည်း’ ဆိုတဲ့ ရှေးရိုးစဉ်လာဗမာစကားဟာ အမျိုးသမီးတွေကိုစောကားသလိုဖြစ်နေတယ်လို့ စန်းစန်းတင်ကမြင်ပါတယ်။ နှစ်ပေါင်းရာကျော်က ဦးသြဘာသရေးခဲ့တဲ့ ဝေသန္တရာဇာတ်တော်လာ စကားချပ်ပါဘဲ။ မိန်းမဆိုတာ ယောကျ်ားရှိမှတင့်တယ်တယ်ဆိုတဲ့ သဘောကိုဖော်ပြထားပုံရပါတယ်။ ဒါပေမယ့် အခုခေတ်မှာဒီစကားကို ဘယ်သူမှလက်မခံတော့ပါဘူး။ လင်မရှိဘဲ ကလေးရှိတဲ့ အမျိုးသမီးခေါင်းဆောင်တွေ အနောက်တိုင်းမှာအများကြီးရှိပါတယ်။

ဒေါ်စန်းစန်းတင်ရဲ့ပထမအလုပ်က သူ့အမြဲတမ်းဝေန်ရှုတ်ချနေတဲ့ မဆလပါတီသုတေသနဌာနဖြစ်ပြီး ဒုတိယအလုပ်က မြန်မာ့အလင်းသတင်းစာဖြစ်တဲ့အတွက် မဆလ ဝါဒဖြန့်ယန္တရားရဲ့ လုပ်ပုံ ကိုင်ပုံ ဖြီးဖြန်းပုံတို့ကို အသေးစိတ်သိထားသူပါဘဲ။ ၁၉၇၄အလုပ်သမားအရေးအခင်း၊ ဦးသန့်အရေးအခင်း၊ ၁၉၈၈ အရေးတော်ပုံ၊ ၁၉၉၀ ရွေးကောက်ပွဲ၊ ၁၉၉၆ ကျောင်းသားဆန္ဒပြပွဲ၊ စတာတွေကို ကိုယ်တိုင်မြင်တွေ့ခဲ့ရသူလည်းဖြစ်ပါတယ်။ ဒီလို ပြည်သူ့အုံကြွမှုကြီးတွေကို မှတ်တမ်းတင်သူသိပ်နည်းပါတယ်။ ဒါကြောင့် ဒေါ်စန်းစန်းတင်ရဲ့ကိုယ်တွေ့မှတ်တမ်းဟာ ပြည်သူ့အုံကြွမှုသမိုင်းကို တဘက်တလမ်းကအထောက်အကူပြုတယ်လို့ ဆိုနိုင်ပါတယ်။

မတက်ချင်ဘဲ တက်ခဲ့ရတဲ့ ဖောင်ကြီးသင်တန်းကျောင်းအတွေ့အကြုံကိုလည်း စန်းစန်းတင်ကနောက်ကြောင်းပြန်ထားပါတယ်။ ဗမာစစ်အစိုးရခံစားနေရတဲ့ ရောဂါတွေထဲမှာ သင်တန်းရောဂါလည်းပါဝင်ပါတယ်။ ဘယ်အရာမဆို သင်တန်းပေးလိုက်ရင် ခိုင်းတဲ့အတိုင်းလုပ်လိမ့်မယ်လို့စစ်ဗိုလ်တွေကယူဆထားပုံရပါတယ်။ ကျနော်လည်း နိုင်ငံခြားပညာသင်မထွက်မီ အင်းလျားလေးစခန်းမှာ ၂ ပတ် သင်တန်းတက်လိုက်ရပါသေးတယ်။ လုံးဝအသုံးမကျမှန်းသိပေမယ့် နိုင်ငံခြားသွားရမယ့်အခွင့်အလမ်းပိတ်သွားမှာစိုးလို့ သည်းခံပြီးတက်ခဲ့ရတာပါ။ ဒီလိုဘဲ နှစ်စဉ်နှစ်တိုင်း သဘောတရားရေးသင်တန်းပေးရင်း ၁၉၈၈ မှာ မဆလ ဆိုရှယ်လစ်လို့အမည်ခံတဲ့ စစ်တပ်ရဲ့နိုင်ငံရေးစနစ် ပြိုကွဲပျက်ဆီးသွားရပါတယ်။

ဗမာစစ်အစိုးရဟာ ပုံစံတမျိုးနဲ့ဆက်လက်ရှင်သန်နေတုန်းမို့ အခုဆိုရင်သက်တမ်း ၄၇ နှစ်ရှိနေပါပြီ။ ဒီကာလမှာ သတင်းကိုအမှန်အတိုင်းရေးခွင့်ရတာ ၂၂ ရက်သာရှိပါတယ်။ ဒါဟာ ၁၉၈၈ ပြည်သူ့အရေးတော်ပုံကာလမှာဖြစ်ပါတယ်။ အစိုးရသတင်းစာဟာ လိမ်ညာဝါဒဖြန့်တဲ့ လက်နက်ကြီးဖြစ်နေပြန်တဲ့အတွက် မြန်မာ့အလင်းသတင်းစာ အယ်ဒီတာဟောင်း စန်းစန်းတင်ရဲ့ကိုယ်တွေ့မှတ်တမ်းဟာ လူသိနည်းသေးတဲ့သတင်းစာလောကကို မီးမောင်းထိုးပြလိုက်သလို ဖြစ်နေတာတွေ့ရပါတယ်။

ရှေ့အပတ်ကစပြီး ရွှေတြိဂံနယ်မြေက မူးယစ်ဆေးအခြေအနေစာအုပ်ကိုတင်ပြဘို့စီစဉ်ထားပါတယ်ခင်ဗျား။

# အဖွဲ့ချုပ်အပေါ် အကောင်းမြင်ရေးသားမှု ပြည်တွင်းမီဒီယာမှာ ဖော်ပြခွင့်ရရှိ

**NMG၊ မေ ၄။** ။ ဧပြီလ ၂၉ ရက်တွင် ကျင်းပပြီးစီးခဲ့သည့် NLD စုံညီအစည်းအဝေးအပြီး ထုတ်ပြန်ကြေညာခဲ့သည့် ရွှေဂုံတိုင်ကြေညာစာတမ်းနှင့်ပတ်သက်၍ အလားအလာကောင်းများရှိသည်ဟုယူဆရကြောင်း ပြည်တွင်းထုတ်ဂျာ နယ်တစောင်၏ အယ်ဒီတာ့အာဘော်တွင်ဖော်ပြထားပါတယ်။

ယနေ့ထွက်သည့် ဝီးကလီးအီလဲဗင်းဂျာနယ် စာမျက်နှာ ၂ တွင် ဖော်ပြထားခြင်းဖြစ်ပြီး NLD ပါတီ၏လုပ်ရပ်နှင့်ပတ်သက်ပြီး အကောင်းမြင်ရေးသားမှုပထမဦးဆုံးဖော်ပြခွင့်ရခြင်းဖြစ်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ၏ အဆိုပါရွှေဂုံတိုင်ကြေညာချက်တွင် နအဖ အစိုးရအနေဖြင့် ၎င်းတို့တောင်းဆိုချက်အချက် ၃ ချက်ကို လိုက်လျောပါက လာမည့် ၂၀၁၀ ရွေးကောက်ပွဲဝင်ရန်စဉ်းစားမည်ဟုဖော်ပြထားပါတယ်။

တောင်းဆိုချက် ၃ ချက်မှာ (၁) ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးအပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးရေး၊ (၂) ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှ ဒီမိုကရေစီနှင့်မကိုက်ညီသည့်အချက်များကို ပြင်ဆင်ပေးရေး(ထို့အတွက် NLD နှင့်စစ်အစိုးရဆွေးနွေးညှိနှိုင်းရမည်။) (၃) ကုလသမဂ္ဂနှင့်နိုင်ငံတကာစောင့်ကြည့်အဖွဲ့များကို ခွင့်ပြုသည့် တရားမျှတလွတ်လပ်ပွင့်လင်းသည့် ရွေးကောက်ပွဲအဖြစ် ကျင်းပပေးရေးတို့ဖြစ်သည်။

အဆိုပါအချက် ၃ ချက်အနက် အချက် ၂ ချက်မှာမူ စစ်အစိုးရကတလျှောက်လုံးငြင်းဆိုထားသည့် အချက်ဖြစ်သည်။ ဝီးကလီးအီလဲဗင်းအယ်ဒီတာ့အာဘော်တွင်မူ “တူတာတွေတွဲလုပ်၊ မတူတာတွေညှိနှိုင်းဖြေရှင်း။” ဟုခေါင်းစဉ်တပ်ထားပြီး စစ်ခေါင်းဆောင်များနှင့် NLD အပါအဝင် နိုင်ငံရေးခေါင်းဆောင်များညှိနှိုင်းတိုင်ပင်အဖြေရှာပြီး ရွေးကောက်ပွဲကိုအောင်အောင်မြင်မြင်ကျင်းပသွားရန် တိုက်တွန်းထားပါတယ်။

အယ်ဒီတာ့အာဘော်နိဂုံးပိုင်းတွင်“အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးမှာ ညီညီညွတ်ညွတ်ဖြင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးပြီး လက်ရှိအခြေအနေတွင် အင်အားစုများလုံးပါဝင်ပြီး ဂုဏ်သိက္ခာရှိသော Inclusive & Free & Fair Election ရွေးကောက်ပွဲကို အောင်မြင်အောင်ဆောင်ရွက်သွားကြရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။” ဟု ရေးသားထားပါတယ်။

အဆိုပါဆောင်းပါးနှင့်ပတ်သက်၍ ဝါရင့်သတင်းစာဆရာကြီးတဦးက “ဒါဟာ ပြည်သူလူထုထဲကနေ စစ်အစိုးရနဲ့အတိုက်အခံတွေ့ဆုံဆွေးနွေးညှိနှိုင်းတာကိုမြင်လိုတဲ့သဘောပြလိုက်တာဘဲ။ တနည်းပြောရရင် စစ်အစိုးရအနေနဲ့ ပြီးခဲ့တဲ့ ၂၀၀၈ အခြေခံဥပဒေဆန္ဒခံယူပွဲတုန်းကလို သူ့သဘောနဲ့သူထင်ရာစိုင်းပြီး ရွေးကောက်ပွဲကိုကျင်းပ၊ လိုသလိုအဖြေထုတ်သွားမှာကို လိမ္မာပါးနပ်စွာနဲ့ဆန့်ကျင်တဲ့သဘောပါနေတာတွေ့ရတော့ ကောင်းတဲ့လက္ခဏာပါလို့ဆိုချင်ပါတယ်။” ဟုပြောပါတယ်။

ပြည်တွင်းပုဂ္ဂလိကဂျာနယ် အယ်ဒီတာတဦးကမူ ယခုကဲ့သို့ အယ်ဒီတာ့အာဘော်မျိုးကို စစ်အစိုးရစာပေစိစစ်ရေးက အထူးအခွင့်အရေးပေးထားသည့် ဝီးကလီးအလဲဗင်းဂျာနယ်မျိုးတွင်သာ ဖော်ပြခွင့်ရခြင်းဖြစ်ကြောင်း၊ မည်သို့ပင်ဖြစ်စေ NLD ကဲ့သို့ အတိုက်အခံပါတီကြီးတရပ်နှင့်ပတ်သက်၍ အကောင်းမြင်သဘော ရေးသားခွင့်ရသည်ကို ကြိုဆိုရမည်ဖြစ်ကြောင်း၊ သို့သော် အယ်ဒီတာ့အာဘော်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရွှေဂုံတိုင်ကြေညာချက် စသည်တို့ရေးသားဖော်ပြခွင့်မရဘဲ နိုင်ငံရေးပါတီကြီးစသည့် စကားလုံးများဖြင့်သာဖော်ပြခွင့်ရသည့်အတွက် စစ်အစိုးရစာပေစိစစ်ရေးကို သိပ်အကောင်းမမြင်နိုင်သေးကြောင်း ဝေဖန်ပြောကြားပါတယ်။

ဝါရင့်သတင်းစာဆရာကြီးတဦးကမူ ယခုကဲ့သို့ အပြုသဘောဆောင်သည့် အရေးအသားမျိုး ယခင်ကလည်းဖော်ပြခဲ့ဘူးကြောင်း၊ မြန်မာ့နိုင်ငံရေးစာမျက်နှာသစ်ဖွင့်ပြီ စတဲ့အရေးအသားမျိုးဖြစ်ကြောင်း နောက်ပိုင်းမည်သို့မျှဖြစ်မလာကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့အရေးအသားမျိုးကို ကြိုဆိုသော်လည်း တွေ့ဆုံဆွေးနွေးရေးဖြစ်လာရန် မမျှော်လင့်နိုင်သေးသကဲ့သို့ စာပေစိစစ်ရေးက ရေးသားခွင့်များပိုပြီးဖွင့်ပေးလာသည်ဟု ပြောရန်လည်း မည်သည့်အထောက်အထားမှမမြင်မတွေ့ရသေးကြောင်း ပြောပါတယ်။

# ပြည်သူ့ပြည်ချစ်ပါတီဒုဥက္ကဋ္ဌနှင့်အဖွဲ့ နအဖထံသွားရောက် အညံ့ခံ

**NMG၊ မေ ၄။** ။ ပြည်သူ့ပြည်ချစ်ပါတီ PPP အဖွဲ့၏ဒုဥက္ကဋ္ဌဦးအုန်းသော်သည် အဖွဲ့ဝင် ၂၀ နှင့်အတူ မြဝတီတပ်စခန်းမှတဆင့် နအဖထံသွားရောက်ခဲ့သည်ဟု အဖွဲ့၏ဥက္ကဋ္ဌဦးသန်းစိန်က ပြေပါတယ်။

ပြီးခဲ့တဲ့ကြာသပတေးနေ့က မဲဆောက်မှတဆင့်မြဝတီသို့ လက်နက်မဲ့သွားရောက်ခဲ့ခြင်းဖြစ်ပြီး ၎င်းတို့နှင့်အတူ အဖွဲ့၏အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးအောင်မြင့်လည်းလိုက်ပါသွားခဲ့သည်ဟု ဦးသန်းစိန်ကပြောပါတယ်။ ဦးသန်းစိန်က “ကျနော်တို့ကို နအဖ ကပွဲစားလွှတ်ပြီး လာစည်းရုံးတာကြာပြီ၊ ကျနော်တို့လက်မခံဘူး။ အဲဒါကို ဒုဥက္ကဋ္ဌဦးအုန်းသော်က ကျနော်တို့ပါတီဝင်မဟုတ်တဲ့လူ ၂၀ လောက်ကိုခေါ်သွားပြီး အညံ့ခံတာဖြစ်တယ်။ ကိုအောင်မြင့်ကိုတော့ သူ့မိန်းမ မမြင့်နဲ့ဦးအုန်းသော်တို့တိုင်ပင်ပြီး ဆေးခန်းသွားပြရာကနေ အတင်းအဓမ္မခေါ်သွားတာဖြစ်တယ်။ အခုသွားတဲ့လူ ၂၀ ထဲက ကျနော်တို့ပြည်သူ့ပြည်ချစ်ပါတီက ဦးအုန်းသော်နဲ့ကိုအောင်မြင့်နှစ်ယောက်ဘဲပါတယ်။” ဟု ပြောပါတယ်။

ပြည်သူ့ပြည်ချစ်ပါတီ၏ အထွေထွေအတွင်းရေးမှူးဖြစ်ပြီး မြန်မာပြည်ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ် DAB တပ်ပေါင်းစု၏ တွဲဘက်အတွင်းရေးမှူးတာဝန်ယူထားသူ ဦးအောင်မြင့်သည် ကိုယ်တခြမ်းလေဖြတ်ထားသည့်အပြင် သွေးကြောပိတ်ရောဂါကြောင့် ခြေတဘက်ဖြတ်ထားရပြီး လမ်းလျှောက်နိုင်ဘဲ ကျန်းမာရေးချို့တဲ့နေသူဖြစ်ပါတယ်။

ဦးအုန်းသော်မှာ ယခင်ကတည်းက ပြည်ချစ်ပါတီအဖွဲ့ဝင်တဦးဖြစ်ပြီး ၁၉၈၀ ပြည့်နှစ် မဆလ အစိုးရလက်ထက်ကပေးသည့် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် မြန်မာနိုင်ငံသို့ပြန်ဝင်သွားသူဖြစ်ပြီး လွန်ခဲ့တဲ့ ၈ နှစ်ခန့်က လွတ်မြောက်နယ်မြေသို့ ပြန်လာကာ PPP အဖွဲ့တွင်ဒုဥက္ကဋ္ဌအဖြစ် အရွေးခံရသူဖြစ်သည်။ ယခုဖြစ်ရပ်နှင့်ပတ်သက်၍ မြန်မာပြည်ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ် DAB မှ တွဲဘက်အတွင်းရေးမှူး ၂ မိုင်ဘုန်းကျော်က “ကျနော်တို့အဖွဲ့အနေနဲ့ ဒီဖြစ်ရပ်ကိုအသေးစိတ်စုံစမ်းတုန်းဘဲရှိပါတယ်။ ဒါကြောင့် အဖွဲ့အနေနဲ့လောလောဆယ် ဘာမှမှတ်ချက်ပေးဘို့မရှိသေးဘူး။” ဟုပြောပါတယ်။

ဦးအုန်းသော်နှင့်အဖွဲ့ကို မြန်မာအာဏာပိုင်များက လက်ခံထားသော်လည်း ၎င်းတို့အား မြဝတီမြို့ပြင်တွင်ထားရှိကာ တဦးချင်းစီကိုစစ်ကြောရေးဝင်နေသည်ဟု အာဏာပိုင်များနှင့်နီးစပ်သည့် မြဝတီမြို့ခံတဦးကပြောပါတယ်။ စစ်တပ်ရဲ့အာဏာသိမ်းခံရတဲ့ မြန်မာနိုင်ငံဝန်ကြီးချုပ်ဟောင်းဦးနုသည် ၁၉၆၉ ခု၊ စက်တင်ဘာ ၂၇ ရက်တွင် ပါလီမန်ဒီမိုကရေစီပါတီ PDP ကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင်စတင်ဖွဲ့စည်းခဲ့ပြီး ထိုင်း–မြန်မာနယ်စပ်တွင် တပ်အင်အားအလုံးအရင်းဖြင့်အခြေချကာ ထိုစဉ်က အာဏာသိမ်းစစ်အစိုးရကိုတော်လှန်တိုက်ပွဲဝင်ခဲ့သည်။

ဦးနုမရှိတော့သည့်နောက်ပိုင်း PDP ပါတီကိုဖျက်သိမ်းကာ ပြည်သူ့ပြည်ချစ်ပါတီ PPP ကို ၁၉၇၄ ခုနှစ်တွင် ပြန်လည်ဖွဲ့စည်းပြီ ဥက္ကဋ္ဌမှာဗိုလ်လက်ျာဖြစ်ပြီး နောက်ပိုင်း ဦးသွင်၊ ဦးသန့်ဇင်တို့က ဆက်လက်ဆောင်ရွက်ခဲ့ကာ ၁၉၉၇ ခုနှစ်တွင် ပါတီဥက္ကဋ္ဌအဖြစ်ဦးသန်းစိန်ကိုရွေးချယ်ခဲ့သည်မှာ ယနေ့အထိဖြစ်သည်။

ကျော်ကျော်စိုး

# ဒီမိုကရေစီ၏အခြေခံမူများ

**ယခင်လအဆက်**

## အပိုင်း ၇

## ဖက်ဒရယ်ဝါဒ

ဘာသာစကား၊ ဘာသာရေးယုံကြည်ချက်၊ ယဉ်ကျေးမှုစံနှုန်းခြားနားသည့် အမျိုးမျိုးသောအုပ်စုများမှ လွတ်လပ်သောပြည်သူများသည် ဖွဲ့စည်းပုံအခြေခံဘောင်အတွင်း၌ အတူတကွ နေထိုင်ကြရန် ရွေးချယ်ကြသည်၊ ၎င်းတို့သည် ဒေသန္တရအုပ်ချုပ်မှုအခွင့်အာဏာကို အတိုင်းအတာတခုအထိ ရရှိရန်မျှော်မှန်းထားသကဲ့သို့ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာအခွင့်အလမ်းများကိုလည်း တူညီစွာရရှိနိုင်မည်ဟု မျှော်လင့်ထားသည်။

ဖက်ဒရယ်အစိုးရ(ပြည်ထောင်စုအစိုးရ) စနစ်တရပ်သည် ဒေသန္တရနှင့် နိုင်ငံအဆင့်များသတ်မှတ်၍ အုပ်ချုပ်မှုအာဏာကို ခွဲဝေကျင့်သုံးသည်၊ ဒေသဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့်ပေါ်လစီများကို ရေးဆွဲသတ်မှတ်ရေးအတွက် ရွေးချယ်ခံကိုယ်စားလှယ်များကို လုပ်ပိုင်ခွင့်အာဏာများ အပ်နှင်းသည်။ ၎င်းတို့သည် နိုင်ငံတွင်းရင်ဆိုင်နေရသည့် များစွာသောပြဿနာများကို ပြည်ထောင်စုအစိုးရနှင့် ပူးပေါင်းဖြေရှင်းနိုင်ရေးအတွက် အလုပ်လုပ်ကြသည်။

ဖက်ဒရယ်ဝါဒဆိုသည်မှာ နယ်မြေဒေသအရနှင့် ထိုနယ်မြေများအတွင်းရှိပြည်သူများကို အုပ်ချုပ်ရေးအတွက် လွတ်လပ်စွာရွေးချယ်တင်မြှောက်ခံခဲ့ရသည့် နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသောအုပ်ချုပ်ရေးအဖွဲ့များအကြား အာဏာခွဲဝေကျင့် သုံးခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းများကို ပြုလုပ်သည့်စနစ်ဖြစ် သည်။

ဤစနစ်က ဒေသန္တရလူ့အဖွဲ့အစည်းများကိုရော နိုင်ငံအစိုးရအဆင့် အထိပါ ချက်ချင်းလက်ငင်းအကျိုးသက်ရောက်မှုရှိ သည့်ရလဒ်များဖြစ်ထွန်းရေးအတွက် ဆုံးဖြတ်ချက်ချသည့်အခြေအနေကိုအာမခံချက်ပေးသလို အကာအကွယ်လည်းပေးသည်။

ဖက်ဒရယ်ဝါဒက အစိုးရအား ပြည်သူလူထုအတွက် တာဝန်ခံမှုကို ဖြစ်ထွန်းစေပြီး ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များက သက်ဆိုင်ရာဒေသများအတွက် လိုအပ်သော ဥပဒေများကို ရေးဆွဲခွင့်ပြုပြီး ဒေသတွင်းပြည်သူများအား ထိုလုပ်ငန်းစဉ်များတွင် ပါဝင်လုပ်ဆောင်ရန်အားပေးပြီး တာဝန်ယူမှုကိုပါဖြစ်စေသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ၌ အုပ်ချုပ်ခွင့်အာဏာနှင့် အစိုးရ၏အုပ်ချုပ်မှုအဆင့်ဆင့်တွင် ကျယ်ပြန့်သည့်တာဝန်ခံမှုကို သတ်မှတ်ပေးသည့်အတွက် ဖက်ဒရယ်စနစ်သည်တောင့်တင်း ခိုင်မာလေသည်။

ဒေသဆိုင်ရာလိုအပ်ချက်များအတွက် လုပ်ပိုင်ခွင့် အာဏာရရှိမှုအပေါ် ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့က ကျေနပ်မှုရှိသည်ဆိုသည်ကို ယေဘုယျအားဖြင့် သဘောတူညီထားကြပြီး၊ အချို့သောအရေးကိစ္စများကို နိုင်ငံအစိုးရက ကိုင်တွယ်လုပ်ဆောင်ရန် သဘောတူကြသည်။ ဥပမာအားဖြင့် ကာကွယ်ရေး၊ နိုင်ငံတကာစာချုပ်များ၊ ပြည်ထောင်စုဘတ်ဂျက်၊ စာတိုက်လုပ်ငန်း စသည်တို့ဖြစ်သည်။

ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များ၊ မြူနီစီပယ်အုပ်ချုပ်ရေး အဖွဲ့များသည် ဒေသခံပြည်သူများ၏သဘောဆန္ဒကို ရောင်ပြန်ဟပ်သောအားဖြင့် ရဲတပ်ဖွဲ့၊ မီးသတ်၊ ကျောင်းအုပ်ချုပ်ရေး၊ ကျန်းမာရေးနှင့် အဆောက်အဦဆိုင်ရာကိစ္စရပ်များကို စနစ်ကျနစွာဖြင့် သတ်မှတ်လုပ်ဆောင်ကြသည်။

ဖက်ဒရယ်စနစ်တွင် အုပ်ချုပ်ရေးအဖွဲ့များအကြား ဆက်ဆံမှုများရှိပြီး ဤသည်မှာ ပြည်ထောင်စုအစိုးရ၊ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့၊ မြူနီစီပယ်အုပ်ချုပ်ရေးများအကြား ပူးပေါင်းဆောင်ရွက်စရာကိစ္စရပ်များကို မိမိတို့၏လုပ်ပိုင်ခွင့်များနှင့်အညီ လုပ်ဆောင်ခြင်းဖြစ်သည်။ တခါတရံတွင် ဗဟိုအစိုးရသည် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များအကြား သို့မဟုတ် အုပ်ချုပ်ရေးဆိုင်ရာနယ်မြေတခုနှင့် တခုအကြား အငြင်းပွားမှုများကို ဝင်ရောက်ဖြေရှင်းပေးရသည်များလည်းရှိသည်။

ပထဝီဝင်အနေအထားအကျယ်အဝန်းအရသော် လည်းကောင်း၊ စီးပွားရေးအင်အားအကြီးအသေးအရသော်လည်းကောင်း ပြည်ထောင်စုအစိုးရသည် အခွန်ဝင်ငွေခွဲဝေပေး ခြင်းဆိုင်ရာမူဝါဒများနှင့်အညီ ဒေသများအား ငွေကြေးနှင့် လူမှုဖူလုံရေးဆိုင်ရာခံစားခွင့်များကို သတ်မှတ်ခွဲဝေပေးရလေသည်။

ဖက်ဒရယ်စနစ်သည် အများသဘောဆန္ဒကိုတုံ့ပြန် ချက်ပေးရသလို အများစုပေါင်းပါဝင်သည့်စနစ်ဖြစ်သည်။ ပြည်သူ ပြည်သားများသည် ပြည်ထောင်စုအဆင့်၊ ဒေသန္တရအဆင့်၊ မြူနီစီပယ်အဆင့် စသည့်အဆင့်တိုင်းတွင် လွတ်လပ်စွာဖြင့်ဝင်ရောက် ယှဉ်ပြိုင်အရွေးခံပိုင်ခွင့်ရှိသည်။ ဒေသန္တရနှင့် မြူနီစီပယ်အုပ်ချုပ်ရေးအဖွဲ့များသည် ၎င်းတို့ဒေသတွင်းရှိလူမှုအသိုင်းအဝိုင်းအား လူထုကိုယ်စားပြုရာထူးအများစုကို ဝင်ရောက်ထမ်းဆောင်ပိုင်ခွင့် အခွင့်အလမ်းအများဆုံးဖြစ်စေရန်ပေးသည်။

ဖက်ဒရယ်စနစ်က နိုင်ငံရေးပါတီများအား ၎င်းတို့ပါဝင် ယှဉ်ပြိုင်လိုသည့် မဲဆန္ဒနယ်မြေတွင်လှုပ်ရှားနိုင်ရန်အတွက် အခွင့်အလမ်းမျိုးစုံကို ဖန်တီးပေးသည်။ နိုင်ငံရေးပါတီတရပ်အနေဖြင့် ပြည်ထောင်စုအဆင့်လွှတ်တော်နှင့် အုပ်ချုပ်ရေးနေရာများတွင် အများစုမရရှိသည့်တိုင် ဒေသန္တရနှင့် မြူနီစီပယ်အဆင့်များတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်များကို ပေးထားသည်။

## အပိုင်း ၈

## တရားဥပဒေစိုးမိုးရေး

လူ့သမိုင်းတလျှောက်တွင် အုပ်ချုပ်သူများနှင့်ဥပဒေဆိုသည်မှာ ဒင်္ဂါးပြားရှိ ခေါင်းနှင့်ပန်းကဲ့သို့ ခွဲခြား၍မရသောအရာ ဖြစ်ပေသည်။ ဥပဒေဆိုသည်မှာ အုပ်ချုပ်သူများ၏ဆန္ဒဖြစ်ခဲ့လေသည်။ ထို့ကြောင့် ဖိနှိပ်မှုများမဖြစ်စေရေးဟူသော အယူအဆဖြင့် လုပ်ဆောင်ကြသည့် ပထမဦးဆုံးခြေလှမ်းသည် ဥပဒေဖြင့်အုပ်ချုပ်ခြင်းဖြစ်သည်ဆိုသည့် အယူအဆဖြစ်သည်။ ထိုအယူအဆအရ အုပ်ချုပ်သူသည် ဥပဒေအောက်တွင်ရှိရမည်ဖြစ်ပြီး ဥပဒေ၏အနှစ်သာရနှင့်အညီအုပ်ချုပ်ရမည်ဆိုသည့် ကျင့်ဝတ်ကိုလိုက်နာရမည်ဖြစ်သည်။ ဒီမိုကရေစီသည် တရားဥပဒေစိုးမိုးရေးကိုထူထောင်ရသည်။ ပြဿနာများမှကင်းလွတ်သော လူ့အဖွဲ့အစည်း၊ အစိုးရများမရှိသော်လည်း တရားဥပဒေစိုးမိုးမှုက အခြေခံနိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာအခွင့်အရေးများကို ကာကွယ်ပေးပြီး ဖိနှိပ်မှုများနှင့် ဥပဒေမဲ့လုပ်ရပ်များမရှိစေရဆိုသည်ကို အမြဲသတိပေးနေသည်။

တရားဥပဒေစိုးမိုးမှုဆိုသည်မှာ မည်သူတဦးတယောက်မျှ သမတသော်လည်းကောင်း၊ သာမန်ပြည်သူတဦးဦးသော်လည်းကောင်း၊ တရားဥပဒေအထက်မရှိစေရဆိုသည့်ပင်ဖြစ်သည်။ ဒီမိုကရေစီအစိုးရများသည် ဥပဒေနှင့်အညီကျင့်ကြံလုပ်ဆောင်ရပြီး ဥပဒေ၏သတ်မှတ်ချက်ဘောင်များအတွင်း၌ပင် မိမိတို့၏လုပ်ငန်းများကို အကောင်အထည်ဖော်ကြရသည်။ ဥပဒေများသည် ပြည်သူလူထု၏ဆန္ဒကိုဖော်ကျူးရမည်။ ဘုရင်များ၊ အာဏာရှင်များ၊ စစ်တပ်အရာရှိများ၊ ဘာသာရေးခေါင်းဆောင်များ၊ မိမိတို့ဘာသာခေါင်းဆောင်နေရာကိုယူထားသော နိုင်ငံရေးသမားများ၏ဆန္ဒကို ဖော်ကျူးခြင်းမရှိစေရ။

ဒီမိုကရေစီထွန်းကားသောနိုင်ငံများတွင် ပြည်သူပြည်သားများသည် ၎င်းတို့လူ့အဖွဲ့အစည်းအတွင်း၌ ဥပဒေများကို လေးစားလိုက်နာလိုကြသည်။ ဤသည်မှာလည်း ၎င်းတို့ကိုယ်တိုင် စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများကို တင်သွင်းထားခြင်းကြောင့်ဖြစ်သည်။ ပြည်သူများက ၎င်းတို့ကိုယ်တိုင်ရေးဆွဲအတည်ပြုထားသည့်ဥပဒေများကို ကိုယ်တိုင်လေးစားလိုက်နာမှသာ တရားစီရင်ရေးဆိုသည်ကို အကောင်းဆုံးအကောင်အထည်ဖော်နိုင်မည်ဖြစ်ပေသည်။

တရားဥပဒေစိုးမိုးမှုအောက်တွင် အားကောင်းခိုင်မာ၍ သီးခြားလွတ်လပ်သောတရားရုံးများသည် အာဏာနှင့်လုပ်ပိုင်ခွင့်များ၊ လိုအပ်သော အရင်းအမြစ်

# အတင်းအဓမ္မ ဈေးရွှေ့ခိုင်း၍ လပွတ္တာမြို့ ဈေးသည်များ ဒုက္ခရောက်

**DVB। မေလ ၅။ ။** ဧရာဝတီတိုင်း လပွတ္တာမြို့ ၅ ရပ်ကွက် အောင်မင်္ဂလာလမ်းမှာရှိတဲ့ဈေးကို သက်ဆိုင်ရာအာဏာပိုင်တွေက ကမ်းနားလမ်းမှာရှိတဲ့ သဲပုဆိပ်ဈေးဆီ အတင်းအဓမ္မပြောင်းရွှေ့ခိုင်းတဲ့အတွက် ဈေးသည်တွေ ဒုက္ခရောက်နေပါတယ်။

ပြီးခဲ့တဲ့ မေ ၁ ရက်နေ့ကစပြီး သက်ဆိုင်ရာစည်ပင်နဲ့ ဈေးခေါင်းတွေက ပြောင်းရွှေ့ခိုင်းတာဖြစ်ပြီး မပြောင်းရင် ဖမ်းဆီးမယ်လုပ်တဲ့အတွက် သတ်မှတ်တဲ့နေရာကို ပြောင်းရွှေ့နေရတယ်လို့ ဈေးသည်နဲ့နီးစပ်တဲ့ ဒေသခံတယောက်က ပြောပါတယ်။

"လူကြီးကလို့ဆိုတာပဲ ခဝတ လား တိုင်းမှူးလားတော့ မပြောတတ်ဘူး၊ လူကြီးအမိန့်နဲ့ပြောင်းရတာလို့ပြောတာပဲ၊ မဝတရော စည်ပင်ရော၊ ဈေးကောက်ရော အကုန်လုံး အစည်းအဝေးခေါ်ပြီး ညှိပြီးလုပ်တဲ့သဘောပဲ။ ဈေးသည်တွေကို ကတ္တရာလမ်းကြီး၊ ဘာအကာအကွယ်မှမရှိတဲ့ နေပူကျဲကြီး အဲ့ဒီနေရာကို သူတို့ရွှေ့တာ။ ဖမ်းမယ်ဆီးမယ်ဆိုတော့ ဈေးသည်တွေလည်း အကုန်ပြောင်းရတာပေါ့။ ဈေးသည်တွေမှာ တအားဒုက္ခရောက်တာပေါ့။"

ပြီးခဲ့တဲ့ ၂၀၀၄ တုန်းက လပွတ္တာမြို့ရဲ့ဈေးကြီး မီးလောင်ကျွမ်းခဲ့တဲ့အတွက် အဲဒီကတည်း အောင်မင်္ဂလာလမ်း လေးထပ်ပရိယတ္တိစာသင်တိုက်ဝန်းကျင်မှာ ဈေးရောင်းချခွင့် ပြုခဲ့တာဖြစ်ပါတယ်။ ဈေးကို ပြန်ဆောက်မယ်ဆိုပြီး ဈေးသည်တွေဆီက ကြိုတင်ငွေကောက်ခံခဲ့ပေမယ့် ခုချိန်ထိ ဆောက်လို့ မပြီးပါဘူး။ ပြီးခဲ့တဲ့ တပတ်က တိုင်းအရာရှိတွေလာလို့ ဈေးကိုမဖြစ်မနေပြီးအောင် ဆောက်ရမယ်ဆိုတော့မှ ဆောက်ဖို့ငွေမရှိလို့ ငွေထွက်လာအောင် ဈေးသည်တွေကို သူတို့ဆိုင်ခန်းဆောက်တဲ့နေရာဆီ အခုလို ပြောင်းရွှေ့ခိုင်းတာဖြစ်တယ်လို့ အဲဒီဒေသခံကပဲ ပြောပါတယ်။

"လူကြီးရောက်လို့ ဈေးကို အားချင်းဆောက်ရမယ်ဆိုတော့ သူတို့လက်ထဲမှာ ငွေလည်းမရှိရော ဈေးသည်တွေဆီက ရတဲ့နည်းနဲ့မဝတ၊ ဈေးခေါင်းနဲ့စည်ပင် သုံးခုပေါင်းပြီး ဈေးသည်တွေကို ခလောက်ထုတ်လိုက်တာ။ ခုကျတော့ ဘယ်လိုဖြစ်လဲဆိုတော့ ဈေးရောင်းမယ်ဆိုရင် ၂၅ သိန်းတန်တဲ့ ဆိုင်ခန်းဆိုရင် ၁၀ သိန်း၊ ၁၅ သိန်းလက်တွေ့ပုံရမှာတို့၊ ၁၀ သိန်းတန်တဲ့ ဆိုင်ခန်းကျတော့ ၃ သိန်း၊ ၄ သိန်းပုံရမယ်ဆိုပြီး အားချင်းတောင်းတာ။ ဒါနဲ့ပဲ အသက်မွေဝမ်းကြောင်း ပြုကြတဲ့ လူတွေကျတော့လည်း မရှိရှိတာလေးတွေချွတ်၊ ပေါင်နှံပြီးတော့ ယူတဲ့ လူတွေလည်းရှိတယ်။ လုံးဝမယူနိုင်တဲ့လူတွေကျတော့ တအားအခက်တွေ့တာပေါ့။"

သဲပုဆိပ်နားမှာ ဆိုင်ခန်းတွေ ဆောက်လို့မပြီးသေးပေမယ့် ဈေးသည်တွေကို ကြိုရောင်းနေတာဖြစ်ပြီး အဲဒီ ဆိုင်ခန်းတွေကို ၈ သိန်းကနေ ၂၅ သိန်းနှုန်းနဲ့ ရောင်းချနေတာ ဖြစ်ပါတယ်။ အခုဈေးပြောင်းခိုင်းတဲ့နေရာမှာ ဈေးသည်တယောက်ကို မြေနေရာ ၃ ပေပတ်လည်ပဲ ပေးတဲ့အတွက် တဲထိုးရောင်းနေရတယ်လို့ ဈေးသည် တယောက်က ပြောပါတယ်။ ဈေးခေါင်း ဇော်မင်းထွန်းကို ငွေ ၅ ထောင် (သို့မဟုတ်) တသောင်းပေးပြီးမှ ဈေးရောင်းဖို့ နေရာစီစဉ်ပေးတယ်လို့လည်း ဈေးသည်တွေက ပြောပါတယ်။

**တဖက်မှ**

များ၊ အစိုးရအရာရှိများ၊ ထိပ်တန်းခေါင်းဆောင်များကိုပါ ထိန်းချုပ်ပိုင်ခွင့်ရှိပေသည်။ ဤသည်က တရားရုံးများသည် နိုင်ငံ၏ဥပဒေများနှင့် နည်းဥပဒေများကို တာဝန်ခံခြင်းပင်ဖြစ်သည်။

ထိုအကြောင်းရင်းကြောင့် တရားသူကြီးများကို ကောင်းစွာလေ့ကျင့်ပေးရမည်၊ ကျွမ်းကျင်သူများဖြစ်လာစေရမည်၊ သီးခြားလွတ်လပ်စေရမည်၊ ဩဇာလွှမ်းမိုးမှုများမှ ကင်းလွတ်စေရမည်။ တရားဥပဒေရေးရာနှင့် နိုင်ငံရေးစနစ်တို့တွင် ၎င်းတို့ပါဝင်ထမ်းဆောင်ရန်လိုအပ်သည့်တာဝန်ကို ထမ်းဆောင်နိုင်ရန်အတွက် တရားသူကြီးများသည် ဒီမိုကရေစီ၏အခြေခံမှုများကို လိုက်နာစောင့်ထိန်းရန် လိုအပ်ပေသည်။

ဒီမိုကရေစီတွင် ဥပဒေများဖြစ်ထွန်းရေးတည်ရှိရေး အတွက်ရရှိရာရရှိကြောင်း အရင်းအမြစ်များစွာရှိသည်။ ရေးဆွဲထားသည့်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အကိုးအကားများ၊ လုပ်ထုံးလုပ်နည်းများ၊ ဘာသာရေးနှင့် ကျင့်ဝတ်ဆိုင်ရာလမ်းညွှန်ချက်များ၊ ယဉ်ကျေးမှုအစဉ်အလာများ၊ ကျင့်ကြံအားထုတ်မှုများ စသည်တို့ရှိကြသည်၊ ဥပဒေပေါ်ထွန်းရာမူလဇစ်မြစ်မည်သို့ပင်ရှိစေကာမူ ဥပဒေများသည် ပြည်သူပြည်သားများ၏အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ကာကွယ်ပေးရန်အတွက် အတည်ပြုပြဋ္ဌာန်းထားခြင်းဖြစ်ရမည်။

ထို့ကြောင့်

–ဥပဒေအောက်တွင် ညီတူမျှစွာ ကာကွယ်စောင့်ရှောက်ပိုင်ခွင့်ရှိရမည်ဖြစ်သောကြောင့် ဥပဒေသည် တကျောင်းတဂါထာ တရွာတပုဒ်ဆန်းမဖြစ်စေရ၊

–ပြည်သူပြည်သားများသည် တရားမဲ့ဖမ်းဆီးခံရခြင်း၊ ကြောင်းကျိုးဆီလျော်ခြင်း မရှိပဲနှင့် ၎င်းတို့၏နေအိမ်များသို့ဝင်ရောက်ရှာဖွေခံရခြင်း၊ ၎င်းတို့ပိုင်ဆိုင်မှုများကို သိမ်းဆည်းခံရခြင်းများမှ လုံခြုံစေရမည်၊

–ရာဇဝတ်မှုဖြင့် တရားစွဲဆိုခံရသောပြည်သူပြည်သားများကို အများပြည်သူများရှေ့မှောက်တွင် လျင်မြန်စွာဖြင့် တရားစီရင်ခြင်းပြုရမည်၊ ထို့အတူ ၎င်းတို့ကိုစွပ်စွဲသူများအား တန်ပြန်ရင်ဆိုင်မေးခွန်းများကိုမေးပိုင်ခွင့်ရှိစေရမည်၊ အကယ်၍ ပြစ်မှုထင် ရှားကြောင်းစီရင်ခြင်းခံရပါက ၎င်းတို့အား ရက်စက်ကြမ်းတမ်း သောပုံမှန်မဟုတ်သောပြစ်ဒဏ်များမပေးရ။

– ပြည်သူပြည်သားများသည် ၎င်းတို့၏ဆန္ဒကိုဆန့်ကျင်ကာ အတင်းအဓမ္မသက်သေခံစေခြင်းမရှိစေရ၊ ဤအခြေခံစည်းမျဉ်းသည် ပြည်သူပြည်သားများအား အတင်းအကျပ်ပြုလုပ်ခြင်း၊ အနိုင်ကျင့်ခြင်း၊ ညှဉ်းပမ်းနှိပ်စက်ခြင်းနှင့် ရဲတပ်ဖွဲ့အား ထိုကဲ့သို့ လုပ်ရပ်များကို ဆောင်ရွက်ခြင်းမှ တားမြစ်ခြင်းစသည့် အကာအကွယ်များ ရှိစေရန်ဖြစ်သည်။ (ဆက်လက်ဖော်ပြပါမည်)

# မန္တလေးမြို့မှာ လေပြင်းတိုက်ခက်

**DVB। မေလ ၇။ ။** မနေ့ညနေပိုင်းက မန္တလေးမြို့မှာ လေပြင်းတိုက်ခက်မှုဖြစ်ပွားပြီး ကြော်ငြာဆိုင်းဘုတ်ကြီးများအပါအဝင် သစ်ပင်ကြီးအချို့ပါ လဲပြိုခဲ့တယ်လို့ သိရပါတယ်။ မန္တလေးမြို့ထဲက မြို့နယ်တွေထဲမှာ မနေ့ညနေ ၄ နာရီခန့်က မိနစ်နှစ်ဆယ်ခန့် လေပြင်းတိုက်ခက်သွားတာပါ။

ဒီတိုက်ခတ်မှုကြောင့် ပျက်ဆီးဆုံးရှုံးမှု သိပ်မရှိလှပေမယ့် သစ်ပင်ကြီးတွေလဲသွားတာကြောင့် ခဏတာ လမ်းပိတ်သွားခဲ့တယ်လို့ မန္တလေးမြို့ခံတွေက ပြောပါတယ်။ လေပြင်းတိုက်ပြီးချိန် မန္တလေးမြို့ရဲ့ အခြေအနေကိုတော့ မြို့ခံတဦးက...

"ကျနော်သိသလောက်က ၁၃ ပေ ၃၉ ပေ ဘုတ်ကြီး ၇ ဘုတ်လောက်လဲတယ်။ တမြို့လုံးအနေအထားနဲ့ဆိုရင် အပင် ၂၀ လောက်ရှိတယ်ဗျ"။

"မိုးလေဝသခန့်မှန်းချက်လောက်တော့ ပါတာပေါ့၊ ၁ နာရီ ဘယ်လောက်နှုန်း ဆိုတာမျိုးမပါဘူး။ ဖြစ်လေ့ဖြစ်ထရှိတာက နှစ်စဉ် ဒီလိုမိုးဦးလေဦးဆိုရင်၊ တအားပူပြီးရင် တခါတရံ မိုးသီးအကြီးကြီးတွေတောင် ကျတတ်တယ်။ အခုလည်း မန္တလေးမှာကတော့ ပူနေတာပဲ။"

"ကျနော်တို့ကတော့ ဒီအချိန်တွေမှာ လေတိုက်မယ်ဆိုတဲ့ဟာမျိုးကြိုပြီး သတိပေးထားပြီးသားပါ။ နေရာအတိအကျတော့ မဟုတ်ပါဘူး။ မိုးရာသီမစခင် ဒါမျိုး လေပြင်းတိုက်မယ်ဆိုတာ ထုတ်ထားပြီးသားပါ။"

မကြာသေး ရက်ပိုင်းကပဲ စလင်းမြို့နယ်၊ မကွေးမြို့နယ်နဲ့ ချောက်မြို့နယ်တွေမှာ လေနီကြမ်းခေါ်တဲ့ လေပြင်းများ တိုက်ခက်မှုတွေရှိခဲ့ပြီး စလင်းမြို့နယ်မှာ သေဆုံး ပျက်စီးမှုအချို့ရှိခဲ့တယ်လို့ သိရပါတယ်။

# နာဂစ်တနှစ်ပြည့် ကုသိုလ်ပြုပွဲများ ဧရာဝတီတိုင်းအတွင်း ကျင်းပကြ

**DVB၊ မေ ၃။** ။ နာဂစ်မုန်တိုင်း တနှစ်ပြည့် အမှတ်တရ ကုသိုလ်ကောင်းမှုတွေကို နာဂစ်ဒဏ်အမိကခံရတဲ့ ဧရာဝတီတိုင်းတွင်း သေဆုံးသူမိသားစုတွေက မနေ့ကနဲ့ ဒီနေ့တွေမှာ တတ်နိုင်သလောက် ကုသိုလ်ကောင်းမှုပြုခဲ့ကြပါတယ်။

နာဂစ်မုန်တိုင်းဒဏ်အမိကခံရတဲ့ လပွတ္တာ ပျဉ်ထောင်ကြီးရွာ ဆားလုပ်ငန်းရှင်တစ်ဦးက ဆုံးပါးသွားတဲ့မောင်ဖြစ်သူ မိသားစုဝင် ၅ ဦးစလုံးအတွက် တနှစ်ပြည့်မှာ ကောင်းမှုကုသိုလ်လုပ်ကြောင်း ပြောပါတယ်။

"ရွာကိုသွားလိုက်တော့ တနှစ်ပြည့်တော့လည်း အကုန်လုံး ဝမ်းနည်းကြေကွဲနေကြတာပဲ။ သွားတော့လည်းသတိရတာပေါ့။ သတိရတော့လည်း ဖြေရတာပေါ့လေ၊ သူတို့က ပြန်မှ မလာတော့တာကိုး၊ ရွာမှာ ကျောင်းတကျောင်းတည်းဆိုတော့ ရွာနားက ရွာလေးတွေက ဘုန်းကြီး ၃ ပါးပင့်တယ်။ အုန်းနို့ခေါက်ဆွဲ ဆွမ်းကပ်တယ်။ လူတွေလည်းကျွေးတယ်။ သင်္ကန်းတို့ဘာတို့ ထီးတို့ဘာတို့ လှူပေးလိုက်တာပေါ့။"

မုန်တိုင်းဒဏ်ထိတဲ့ ဘိုကလေးအောက်ဘက်ကျေးရွာတွေမှာတော့ အင်္ဂလိပ်ပြက္ခဒိန် တနှစ် ပြည့်တဲ့ မေလ ၂ ရက်နေ့မှာ မလုပ်ကြဘဲ မြန်မာပြက္ခဒိန် တနှစ်ပြည့်တဲ့ တန်ခူးလဆုတ် ၁၂ ရက်နေ့ကတည်းက နာဂစ်မုန်တိုင်း တနှစ်ပြည့် ကုသိုလ်ကောင်းမှုတွေကို ပြုလုပ်ခဲ့ပြီးပြီလို့ ဘိုကလေး ဒေသခံတွေက ပြောပါတယ်။

"ကျန်ခဲ့တဲ့လူတွေကတော့ ကိုယ့်အိမ်အတွက်ကိုယ် ပြီးခဲ့ တလလောက်ကလုပ်တယ်။ သူတို့က ဗမာလနဲ့တွက်လုပ်တာ။ ဟိုးတုန်းကတည်းက ဗမာရက်ကိုပဲ သုံးတာများတယ်။ ကိုယ့်အသိုင်းအဝိုင်းအတွက် အမတို့က အင်္ဂလိပ်လိုပေါ့။ မနေ့တုန်းက မနက်စောစော ဘုန်းကြီးဆွမ်းကပ်ပြီးတော့ အမျှပေးလိုက်တယ်။ စွဲလန်းမှုလား ဘာလားတော့မသိဘူး အိပ်မက်ပေးတယ်။ ဗမာလိုအယူတွေနဲ့ယူပြီးတော့ တန်ခူးလဆုတ် ၁၄ ရက် အဲဒီ့မှာ စုပြီး တောထဲမှာ စုပြီးတော့ သေတဲ့လူတွေအတွက် အမျှဝေတာတို့ တရားနာတာတို့လုပ်တယ်။" ဒါပေမယ့် ဘိုကလေးမြို့နယ် မယကက ဦးစီးပြီး ဘိုကလေးဒေသ ဘုန်းကြီးကျောင်းက သံဃာတော်တွေ၊ မုန်တိုင်းကာလအတွင်း သေဆုံးသွားသူတွေရဲ့ မိသားစုတွေကိုဖိတ်ကြားပြီး တရားနာ အမျှဝေပွဲကျင်းပခဲ့ကြောင်း ဘိုကလေးဒေသခံတဦးက ပြောပါတယ်။

"ဘိုကလေးမှာ သစ်တောဝန်ကြီး ဦးသိန်းအောင် ကိုယ်တိုင်ဆင်းလာပြီးတော့ ဓမ္မာရုံမှာ ဆွမ်းလောင်းတယ်။ နောက်တုန်းက သေဆုံးတဲ့လူတွေအတွက် အလှူဒါနလုပ်ပေးတယ်။ မိမြို့ဖတွေ၊ တောရွာတွေမှာရှိတဲ့ ဘုန်းကြီးတွေ၊ လက်ရှိကျောင်းထိုင်နေတဲ့ ဘုန်းကြီးတွေ၊ ဆရာတော်ကြီးတွေပါ ပင့်ပြီးတော့ မြို့နယ်ဓမ္မာရုံမှာ ဆွမ်းလည်းလောင်းတယ်။ နောက်ဆွမ်းကပ် အမျှဝေတယ်။ ကျန်ခဲ့တဲ့မိသားစုတွေကို အဲ့ဒီမဏ္ဍပ်မှာ၊ ဓမ္မာရုံမှာဖိတ်ပြီးတော့ လာပြီးတရားနာ၊ အမျှဝေဖို့ပေါ့။"

နာဂစ်မုန်တိုင်းတနှစ်ပြည့်မှာ သက်ရှင်ကျန်ရစ်နေသေးတဲ့ နာဂစ်မုန်တိုင်းဒုက္ခသည်တွေအပေါ် တေးဆိုအနုပညာရှင်တွေက သတိတရရှိနေဆဲဖြစ်ပါတယ်။ နာဂစ်မုန်တိုင်း တနှစ်ပြည့် သီချင်းခွေတခွေကို အေဂျင်စီက ဦးစီးပြီး ဒီလအတွင်း ဖြန့်ချိမှာ ဖြစ်ပြီး ဒီအခွေမှာ နာမည်ကြီး အဆိုတော် ၂၀ ကျော်၊ တေးရေးသူတွေ၊ နာမည် ကြီးတီးဝိုင်းတွေက မေတ္တာနဲ့အနုပညာလှူဒါန်းခဲ့ကြတယ်လို့ ဒီခွေမှာပါဝင်သီဆိုရေးသားထားတဲ့ အဆိုတော် ဆောင်းဦးလှိုင်က ပြောပါတယ်။

"ဒီလအတွင်းအမီ ထုတ်ဖို့လုပ်တာ မမီဘူးဖြစ်သွားတယ်။ မမီတာကလည်း အနုပညာရှင်အားလုံးပေါင်း ၂၀ ကျော်လောက် ပါဝင်လှုပ်ရှားနေကြတာဆိုတော့လေ ကြန့်ကြာမှုတချို့ရှိနေလို့ဖြစ်ပါလိမ့်မယ်၊ အဲ့ဒီအခွေကရတဲ့ အကျိုးအမြတ်အားလုံးကို လှူမှာပါ။ အဲ့ဒီမှာပါတဲ့ အနုပညာသမားတွေက သီချင်းရေးခ၊ ဆိုခ၊ အသံဖမ်းခ ဘာမှမယူဘဲ အခွေတွေရောင်းလို့ရတဲ့ဟာကိုပဲ လှူမှာပါ။ ဦးစီးစီစဉ်နေတာတော့ မဟေမာနေဝင်းတို့ ထူထောင်ထားတဲ့ ဟော့တ်မြူးဇစ် အေဂျင်စီပါခင်ဗျ။"

အခွေနာမည်ကို ဘယ်လို ပေးထားလဲရှင့်…

"နာမည်ကတော့ နာဂစ်နဲ့ သိပ်မဆိုင်လှဘူး၊ ဒါပေမယ့် မုန်တိုင်း သီချင်းတပုဒ်ပါတယ်။ နာဂစ်အကြောင်း သီချင်းတပုဒ်ပါတယ်။"

ကိုဆောင်းဦးလှိုင် ကိုယ်တိုင်ရေးထားတဲ့ မုန်တိုင်းသီချင်းက ဘယ်လိုအကြောင်းအရာကိုအခြေခံပြီး ရေးထားလဲရှင့်…

"အဲ့ဒါဖြစ်ကတည်းက ကျနော်ရေးထားတာပဲ။ ဒါပေမယ့် အခုအထိအကြိုးဝင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျနော့်ရဲ့အဲ့တုန်းက စိတ်ကူးကတော့ ဘယ်လောက်ပဲ လောကဓံခံရခံရ ပြန်ပြီးတော့မားမားရပ်ပြီး ဘဝခရီးကို ရဲရဲဆက်လျှောက် ကြဖို့ပေါ့။ အဲ့လို မက်ဆေ့ချ်လေးပါပဲ။"

# စစ်လက်နက်တိုက် အဖောက်ခံရ

**RFA၊ မေ ၅။** ။ မကွေးတိုင်း ရေစကြိုမြို့အခြေစိုက်တဲ့ ခလရ ၂၅၆ တပ်ရင်းရဲ့ စစ်လက်နက်တိုက် မနေ့က မေလ ၄ ရက်နေ့ညနေပိုင်းမှာ အဖောက်ခံရကြောင်းသိရှိရပါတယ်။ အဲဒီလို လက်နက်တိုက် အဖောက်ခံရလို့ စစ်သုံးလက်နက်ငယ်နဲ့ ကျည်ဆံအပြင် အခြားပစ္စည်းတွေလည်း အများအပြားပါသွားတယ်လို့သိရပါတယ်။

မကွေးတိုင်း ပခုက္ကူမြို့ အခြေစိုက် တပ်မ ၁၀၁ လက်အောက်ခံ ရေစကြိုမြို့က ခလရ ၂၅၆ တပ်ရင်းဝင်းအတွင်း စစ်လက်နက်တိုက် အဖောက်ခံခဲ့ရတာဖြစ်ပါတယ်။ လက်နက်တိုက် အဖောက်ခံရတာ မှန်ကန်ကြောင်းနဲ့အဲဒီလို အဖောက်ခံရလို့ စစ်လက်နက်ပစ္စည်းတွေ ပါသွားတာနဲ့ပတ်သက်လို့ ခလရ ၂၅၆ တပ်ရင်းက အရာရှိတဦးက RFA ကို အခုလိုပြောပြပါတယ်။

"သိတာက ညနေစောင်းလောက်မှ သိတာ၊ ၅ နာရီ ၆ နာရီလောက်မှ သိတာ၊ အဲ MA 3 ငါးလက်၊ ကျည်ဆံ ကျည်ကပ်ပါတယ်၊ ကျည်ဆံက ၁၂၆၀၊ ကျည်ကပ် ၁၁ ကပ်၊ တခြားပစ္စည်းတွေလည်းပါတယ်၊ တပ်ကလူ အကုန်ရှိတယ်။"

လက်နက်တိုက်အဖောက်ခံရတယ်လို့ သိတဲ့အချိန်မှာ ခလရ ၂၅၆ တပ်တွင်းမှာ ကင်းတာဝန်ကျတဲ့ စစ်သားတွေအပါအဝင် အားလုံးရှိနေကြောင်းနဲ့ အခင်းဖြစ်တဲ့နေရာကို တိုင်းအဆင့်အာဏာပိုင်တွေ အခုရောက်ရှိနေပေမယ့်လည်း လက်နက်တိုက်ဖောက်တဲ့ လက်သည်တရားခံ ဘယ်သူဘယ်ဝါဆိုတာ အခုချိန်ထိ ဖော်ထုတ်နိုင်ခြင်းမရှိသေးတဲ့အကြောင်း အဲဒီအရာရှိကပဲဆက် ပြောပြပါတယ်။

"အခုဟာက ဘယ်သူမှန်းကို ပြောလို့မရဘူးဖြစ်နေတာ၊ အတိအကျကို ပြောလို့မရဘူးဖြစ်နေတာလေ၊ အခု ဟိုမှာက သတင်းရတဲ့ အဆက်အသွယ်တွေ လျှောက်လိုက်နေကြတာပဲ၊ မရသေးဘူး၊ အခုချိန်ထိ၊ လုပ်တုန်းလိုက်တုန်းဖြစ်နေတာ၊ တိုင်းကလည်းရှိနေတယ်"။

အခုလို စစ်တပ်အတွင်းမှာရှိတဲ့ လက်နက်တိုက် အဖောက်ခံရတယ်ဆိုတာ အတွင်းလူပါလို့ ဖြစ်တာလို့ ဒေသခံအရပ်သားတွေက ပြောဆိုကြပါတယ်။ ဒေသတွင်းပြည်သူတွေ လုံခြုံရေးအတွက် စိုးရိမ်နေကြကြောင်း ဒေသခံ သံဃာတော်တပါးက အခုလို မိန့်ပါတယ်။

"ရေစကြိုတပ်ရင်း ၂၅၆ လက်နက်တိုက် အဖောက်ခံရတယ်၊ တခရိုင်လုံး ဟိုးဟိုးကျော်နေတယ်၊ သူတို့ထဲက မပါဘဲ၊ မသိပဲနဲ့ ဒါမဖြစ်နိုင်ဘူး၊ ဘယ်ကလဲသွားတာမဟုတ်ဘူး၊ အဲဒီလိုတွေတောင် ပျောက်တယ်ဆိုတော့ သူတို့လုံခြုံရေးကိုပါ စိုးရိမ်နေတာပေါ့"။

မကွေးတိုင်း ပခုက္ကူမြို့က မုံရွာ ပခုက္ကူပြေးဆွဲနေတဲ့ အောင်ချမ်းသာဘုရာအနီးက ရာပြည့် ကားဂိတ်မှာ ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့က ဖောက်ခွဲရေးပစ္စည်းတွေနဲ့အတူ အသက် ၁၅ နှစ်အရွယ် ချင်းတိုင်းရင်းသားတဦးကို ပခုက္ကူမြို့ခံအာဏာပိုင်အဖွဲ့က ဖမ်းဆီးခဲ့ပါတယ်၊ အဲဒီတုန်းက ဖမ်းဆီးမိတဲ့ ဖောက်ခွဲရေးပစ္စည်းတွေက စစ်တပ်တွင်း အသုံးပြုတဲ့ ယမ်းနဲ့စနက်တံတွေ ဖြစ်တယ်လို့ အတည်မပြုနိုင်တဲ့ သတင်းတွေ ထွက်ပေါ်ခဲ့ပါတယ်။




# သတင်းပြက္ခဒိန်

မေ ၁၊ **CHIANG MAI** ။ ။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့တွင် ထိုင်းရှိ လုပ်သားအခွင့်အရေးအဖွဲ့များသည် လူမျိုးဘာသာလိင်စသည် ခွဲခြားမှုမရှိ၊ တန်းတူအခွင့်အရေးရရေးတောင်းဆိုခဲ့ကြောင်း။

မေ ၁၊ **KL** ။ ။ မလေးရှားရောက် မြန်မာမှုဒုက္ခသည်မိသားစုများ၏သားသမီးများစုပေါင်း၍ နာဂစ်မုန်တိုင်းအတွက် အလှူငွေ မလေးရင်းဂစ် ၂၅၀၀၀ ထည့်ဝင်ကြောင်း။

မေ ၃၊ **CHIANG MAI, Mizzima** ။ ။ ကမ္ဘာ့ သတင်းလွတ်လပ်မှုနေ့ယနေ့မေ ၃ တွင် ထိုင်းရှိ မီဒီယာအဖွဲ့များမှ စာတမ်းထုတ်ပြန်ခဲ့၏။

မေ ၄၊ **Mizzima** ။ ။ နာဂစ်တနှစ်လွန်တွင် မုန်တိုင်းထိဒေသများသည် ယခုတိုင်ဒုက္ခသည်ထောင်ပေါင်းများစွာသည် အကူအညီလိုနေသေးကြောင်း ကုလသမဂ္ဂမှဆို၏။

မေ ၄၊ **Mizzima** ။ ။ ကင်ဆာအားပေးနိုင်သည့် ဆိုးဆေးများပါသည့် ငါးပိများကို တားမြစ်ခဲ့သော်လည်း လက်တွေ့တွင် ပြန်လည်ခေါ်ယူသိမ်းဆည်းရန် အလွန်ခက်ခဲကြောင်း။

မေ ၅၊ **BKK-DVB** ။ ။ နအဖအား နိုင်ငံတကာရာဇဝတ်မှုတရားရုံး ICC သို့ စွဲတင်နိုင်ရေးအတွက် BLC ရှေ့နေအဖွဲ့မှ ဦးစီး၍ ဆွေးနွေးပွဲ ဘန်ကောက်တွင် ကျင်းပ၏။

မေ ၅၊ **Mizzima** ။ ။ မဲဆိုင်တွင်ကျောင်းတက်သူ မြန်မာဖက်မှ ကျောင်းသားကြိုပို့ကားမှ မြန်မာဖက်သို့သယ်လာသော အေကေ ၄၇ ရိုင်ဖယ်နှင့် ကျည်များဖမ်းမိကြောင်း။

မေ ၅၊ **Mizzima** ။ ။ ၂၀၁၀ ရွေးကောက်ပွဲသည် အခွင့်အလမ်းတခုဖြစ်၍ United Democratic Party ညီညွတ်သောဒီမိုကရက်တစ်သပါတီအမည်ဖြင့် ရွေးကောက်ပွဲ ယှဉ်ပြိုင်ရန် ဆွေးနွေးနေကြောင်း ဝါရင့်နိုင်ငံရေးသမား ဦးသုဝေ (ဇနီးမှာ ထိုင်းနိုင်ငံသူ)မှ မဇ္ဈိမမေးမြန်းချက်တွင် ဖြေဆို၏။

မေ ၅၊ **UN** ။ ။ ကုလသမဂ္ဂတိုးတက်ရေးဖွံ့ဖြိုးရေးအဖွဲ့ UNDP သည် ချင်းပြည်နယ် မတူပီစသည့်ဒေသများတွင် ကြွက်သောင်းကြမ်း၍ ဆန်ရှားမှုဒုက္ခသည်များအား ကူညီနေရကြောင်း။

မေ ၅၊ **Bloomberg** ။ ။ ကျူးဘား၊ အီရန်တို့နှင့်စကားပြောသလို အိုဘားမားသည် နအဖနှင့် မြန်မြန်ဆွေးနွေးကြည့်သင့်ကြောင်း ဝေဖန်သူအချို့မှ ဆို၏။

မေ ၅၊ **DVB** ။ ။ မိမိအဖွဲ့အား တရားမဝင်ဟုစွတ်စွဲသူ နအဖစစ်အဖွဲ့သည်သာ တရားမဝင်အဖွဲ့ ဖြစ်ကြောင်း မြန်မာနိုင်ငံရှေ့နေများကောင်စီ (BLC)မှဆို၏။ တရားမဝင်အဖွဲ့ ဟု စွပ်စွဲကြေညာနိုင်သူသည် တရားဝင်ရွေးကောက်တင်မြှောက်ထားသည် သမတသာဖြစ်ကြောင်း ရှေ့နေဦးအောင်ထူး BLC မှချေပတင်ပြ၏။

မေ ၅၊ **DVB** ။ ။ တက္ကသိုလ်ပါရဂူဘွဲ့ဝင်ခွင့်ကို အသက် ၃၀ နှစ်အောက်သာ ဝင်ခွင့်ရမည်ဟု ပညာရေးဌာနမှ သတ်မှတ်ထားကြောင်း။

မေ ၆၊ **MAE SOT** ။ ။ မဲဆောက်ရှိ ပန်းထောင်းသိုးမွေးစက်ရုံလုပ်သား ၃၅၀ သည် ၂ လ လစာမရခြင်း၊ ကျန်းမာရေးအကူနှင့် သောက်သုံးရေမလုံလောက်ခြင်း များကို ဆန္ဒပြကြ၏။

မေ ၆၊ **DVB** ။ ။ ဒေါ်အောင်ဆန်းစုကြည်အား မည်သည့်အကြောင်းပြချက်နှင့်မှ ဆက်လက်ထိန်းသိမ်းမထားဘဲ အမြန်ဆုံးလွှတ်ရန် မိတ္ထီလာအဲန်အဲလ်ဒီမှ မေ ၁ အစည်းအဝေးတွင် တောင်းဆို၏။ နာဂစ်လေးဘေးကူညီ၍ အဖမ်းခံနေရသူ ၂၁ ဦးကိုလည်း အမြန်ဆုံးပြန်လွှတ်ပေးရန် တောင်းဆို၏။

မေ ၆၊ **DVB** ။ ။ နအဖ၏ မိမိတို့အားအင်အားလျှော့၍ ၂၀၁၀ ရွေးကောက်ပွဲဝင်ရန် ပြောဆိုမှုကို UWSA ဝ တပ်မှ လက်မခံကြောင်း UWSA မှဆို၏။

မေ ၆၊ **DVB** ။ ။ စလင်းမြို့နယ် ကြက်သကိုင်၊ လေးအိမ်စု၊ သမြင်ခင်းရွာများတွင် မေ ၂ ရက်က လေနီကြမ်းတိုက်၍ အိမ်များပျက်စီးပြီး လူသေဆုံးမှုရှိခဲ့ကြောင်း။

မေ ၆၊ **Irrawaddy** ။ ။ ဒေါ်အောင်ဆန်းစုကြည်အား ဆက်လက်ထိန်းသိမ်းထားရန် နအဖသည် အပြည်ပြည်ဆိုင်ရာဥပဒေကိုမဆိုနှင့် မိမိ၏ဥပဒေများကိုပင် မလေးစားချိုးဖောက်နေကြောင်း AltAsean အဖွဲ့မှ Debbie Stothard မှဆိုကြောင်း စောရန်နိုင်မှ သတင်းဝေဖန်၏။

မေ ၆၊ **DVB** ။ ။ ကချင်ပြည်နယ်လွတ်မြောက်ရေးတပ် (ကေအိုင်အို) ကို နယ်ခြားစောင့်တပ်အသွင်ပြောင်းပြီး နအဖတပ်လက်အောက်သွင်းရန် မြောက်ပိုင်းနအဖစစ်တိုင်းမှူးဗိုလ်ချုပ်စိုးဝင်းမှ ကေအိုင်အိုခေါင်းဆောင်များနှင့် ဧပြီ ၂၈ တွေ့ဆုံစဉ် ကမ်းလှမ်းခဲ့ကြောင်း ဒေါက်တာတူးဂျာ(ကေအိုင်အို ဒု–ဥက္ကဌ)မှဆို၏။

မေ ၇၊ **BP** ။ ။ ဒေါ်အောင်ဆန်းစုကြည်အိမ်သို့ ကန်မှ မေ ၃ တွင် ရေကူး၍ ဒေါ်အောင်ဆန်းစုကြည်အိမ်တွင် တညတည်း၍သတင်းယူခဲ့သူ အမေရိကန်နိုင်ငံသား John William Yeattaw အား အပြန်လမ်းငါးဂါလံရေဘူးအကူဖြင့် ကိုယ်ဖော့ရေးကူးထွက်လာစဉ် မေ ၅ ညဥ့် ဖမ်းမိထားကြောင်း မြန်မာ့အလင်းမှဆို၏။

မေ ၇၊ **VoB** ။ ။ ဒေါ်အောင်ဆန်းစုကြည်အိမ်ဝန်းမှ ရေကူး၍ပြန်ထွက်လာသူ အမေရိကန်သားတဦးမိမှုနှင့်ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်၏ အသက်လုံခြုံရေးစိုးရိမ်ရသောအခြေအနေကို သက်သေပြကြောင်းနှင့် သူမအား အန္တရယ်တခုခုဖြစ်ပါက နအဖ၏တာဝန်သာဖြစ်ကြောင်း DPNS ထုတ်ပြန်ကြေညာချက်မှဆို၏။

မေ ၇၊ **DVB** ။ ။ ၂၀၁၀ ရွေးကောက်ပွဲတွင် နိုင်ငံရေးအင်အားစုအားလုံး လွတ်လပ်စွာဝင်ရောက်ယှဉ်ပြိုင်ခွင့်ရလျှင် ယင်းရွေးကောက်ပွဲကို နိုင်ငံတကာမှ အသိအမှတ်ပြုသင့်၏ဟု အီးယူနှင့် ဂျပန်တို့မှ ဆို၏။

မေ ၈၊ **Mizzima** ။ ။ နအဖ၏ ကန်ပေါက်–မြိုင်ကလေး သဘာဝဓါတ်ငွေ့ပိုက်လိုင်းဆောက်လုပ်ရေးတွင် အဓမ္မလုပ်အားသုံးမှုများစွာရှိကြောင်း။

မေ ၈၊ **Mizzima** ။ ။ နအဖသည် အမေရိကန်တဦး ရေဘူးအကူဖြင့်ကန်ကိုဖြတ်၍ ဒေါ်အောင်ဆန်းစုကြည်အိမ်တွင် တညတည်းခဲ့မှုသတင်းကို သူမအား နာမည်ဖျက်ရန် သတင်းလိမ်ခြင်း၊ ပြောင်းလဲခြင်းများပြုလုပ်နိုင်၍ သတိချပ်ရန် ပြည်ပရောက်အဲန်အဲလ်ဒီထောက်ခံအဖွဲ့များမှ ဆို၏။

မေ ၈၊ **Mizzima** ။ ။ နာဂစ်မုန်တိုင်းဘေးဒုက္ခသို့ ကူညီမှုများပြုရန် အဲန်အဲလ်ဒီမှ တောင်းဆို၏။

မေ ၇၊ **AsiaTimes** ။ ။ ၂၀၁၀ ရွေးကောက်ပွဲနှစ်နီးလာ၍ **NLD** သည် ပါဝင်ယှဉ်ပြိုင်သင့်မသင့်စဉ်းစားရ ကျပ်နေကြောင်း Marwaan Macan-Makar မှသုံးသပ်၏။

မေ ၈၊ **LDN** ။ ။ ဗြိတိန်အမတ် ၆၀ ကျော်သည် နအဖ၏လူသားအပေါ်ကျူးလွန်မှုများအတွက် ကုလစုံးစမ်းရေးအဖွဲ့မှ အရေးယူရန် အဆိုပြုချက်လက်မှတ်ရေးထိုး၏။

မေ ၈၊ **RGN-AP** ။ ။ ဒေါ်အောင်ဆန်းစုကြည်အိမ်သို့ရေကူး၍သွားခဲ့သူ နအဖမှဖမ်းထားသူ အမေရိကန် John Yeattaw အား နအဖမှ ပေးမတွေ့သေးဟု ရန်ကုန်ရှိ အမေရိကန်သံရုံး မှဆို၏။

မေ ၈၊ **IPS** ။ ။ ကုလသမဂ္ဂသည် မြန်မာ၏ ကလေးစစ်သားကိစ္စတွင် ပါးစပ်ပိတ်ကြောင်း ချိုးဖောက်အခြေစိုက် Watchlist on Children and Armed Conflict မှ ပြစ်တင်ပြောဆို၏။

# နအဖစစ်အုပ်စုကို နိုင်ငံတကာခုံရုံးတင်ရေး ဘန်ကောက်တွင် ဆွေးနွေး

**DVB | မေလ ၄ ။ ။** လူ့အခွင့်ရေးချိုးဖောက်မှုတွေ ကျူးလွန်နေတဲ့ နအဖစစ်အုပ်စုကို နိုင်ငံတကာရာဇဝတ်ပြစ်မှုဆိုင်ရာ တရားရုံးတင်နိုင်ရေး ဘာတွေလုပ်နိုင်မလဲ ဆိုတာနဲ့ပတ်သက်လို့ လူ့အခွင့်အရေးလှုပ်ရှားသူတွေဟာ ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာ မေလ ၄ ရက်နေ့ကစလို့ ၂ ရက်ကြာ ဆွေးနွေးပွဲ ကျင်းပခဲ့ပါတယ်။

နအဖစစ်အုပ်စုရဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ ပတ်သက်လို့နိုင်ငံတကာ ရာဇဝတ်မှုတရားရုံး ICC ကနေ အရေးယူဆောင်ရွက်တာတွေ လုပ်လာနိုင်ဖို့၊ နအဖစစ်အုပ်စုအပေါ် ဖိအားတွေ ပိုပြီးပေးလာနိုင်စေဖို့ နည်းလမ်းတွေရှာဖွေရင်း နိုင်ငံတကာက လူ့အခွင့်ရေးလှုပ်ရှားသူတွေ၊ ဥပဒေရေးရာကျွမ်းကျင်သူတွေ ဆွေးနွေးခဲ့ကြတာပါ။ ဒီဆွေးနွေးပွဲကို ကမကထလုပ် ကျင်းပသူတွေထဲက တဦးဖြစ်တဲ့ မြန်မာနိုင်ငံရှေ့နေများကောင်စီ BLC က ဥက္ကဋ္ဌဦးသိန်းဦးက ပြောပါတယ်။

"အဓိက ကတော့ မြန်မာနိုင်ငံမှာ ဖြစ်ပွားခဲ့တဲ့ စစ်ရာဇဝတ်မှုတွေ၊ လူသားမျိုးပြုန်းအောင်လုပ်တဲ့ ကိစ္စမျိုးတွေ၊ အစုလိုက် အပြုံလိုက် သတ်ဖြတ်တဲ့ကိစ္စမျိုးတွေစသည်ဖြင့် ဒါမျိုးကိစ္စတွေနဲ့ပတ်သက်ပြီးတော့ ပြည်တွင်းတရားရုံးတွေက အရေးမယူဘူး။ ပြည်တွင်းတရားရေးစနစ်က ပျက်စီးနေတယ်။ ဒါကြောင့် နိုင်ငံတကာ ရာဇဝတ်ခုံရုံးကနေ တရားစွဲဆိုနိုင်ဖို့ နည်းလမ်းရှာဖွေတဲ့ကိစ္စကို ဆွေးနွေးခဲ့ကြတာဖြစ်ပါတယ်။ "အဓိက ဆွေးနွေးတာက တဘက်က ဒီလိုပြစ်မှုတွေထပ်ပြီး မကျူးလွန်အောင်ပေ့ါ။ ကျနော်တို့က တစုံတရာ မလုပ်ဘူးဆိုရင် ဒါမျိုးကိစ္စတွေ တခုပြီးတခုဆက်ပြီးဖြစ်နေမှာပဲ၊ ဥပမာ ၂၀၀၃ ကတည်းက ဒီပဲယင်းကိစ္စ ဖြစ်တယ်။ ၂၀၀၇ ရွှေဝါရောင်ကိစ္စဖြစ်တယ်။ နောက် နာဂစ်မုန်တိုင်းနဲ့ ပတ်သက်ပြီး လူတွေအများကြီး သေတဲ့ကိစ္စတွေဖြစ်တယ်။ "ဒါတွေကို တစုံတရာ အရေးမယူဘူးဆိုရင် အာဏာပိုင်တွေက ဒါမျိုးကိစ္စတွေ ဆက်ပြီး ကျူးလွန်နေဦးမှာဖြစ်တယ်။ တပြိုင်နက်ထဲမှာပဲ အမျိုးသားပြန်လည်သင့်မြတ်ရေး ကိစ္စကို ကျနော်တို့ လက်မလွှတ်ဘူး ဆိုလို့ရှိရင် တဘက်ကလည်း အမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စကိုလုပ်မယ်။ တဘက်ကလည်း နိုင်ငံတကာ ခုံရုံးမှာ အရေးယူမယ့်ကိစ္စတွေ လုပ်တဲ့အခါကျတော့ ဒီကိစ္စတွေအပေါ်မှာ ဘယ်လိုများလုပ်နိုင်မလဲဆိုတာကို နည်းလမ်းရှာဖွေတဲ့ကိစ္စကိုလည်း ကျနော်တို့ ဆွေးနွေးကြတာဖြစ်တယ်။"

လုံခြုံရေးကောင်စီကနေတဆင့် နိုင်ငံတကာရာဇဝတ်မှုရုံးကိုတင်ဖို့ဆိုတာ အခုတောင် လုံခြုံရေးကောင်စီက မြန်မာကိစ္စဆိုရင် တရုတ်နဲ့ရုရှားကြောင့် ဘာမှအောင်မြင်မှု မရှိတာတွေကြောင့် ဒီကိစ္စမှာ ဘယ်လောက် တိုးတက်မှုတွေ ရှိနိုင်မလဲဆိုတာနဲ့ ပတ်သက်လို့လည်း ဦးသိန်းဦးက ပြောပါတယ်။

"အဓိကအချက်က သာမန်လူ့အခွင့်အရေးချိုးဖောက်မှုတွေ မဟုတ်ပါဘူး။ တရုတ်နိုင်ငံက လူ့အခွင့်အရေးနဲ့ပတ်သက်ရင် ပြည်တွင်းရေးကိစ္စဖြစ်တယ်ဆိုပြီး အမြဲတမ်းပြောခဲ့တာပေ့ါ။ ဒါပေမယ့် ကမ္ဘာ့ရဲ့ပြောင်းလဲလာတဲ့ လူ့အခွင့်အရေး စံချိန်စံညွှန်းတွေအရ မျိုးပြုန်းအောင်သတ်ဖြတ်တဲ့ ကိစ္စမျိုးတွေ၊ တိုင်းရင်းသားတွေ နယ်မြေမှာလုပ်တဲ့ကိစ္စတွေ၊ နာဂစ်မုန်တိုင်းမှာ လူတွေကို ပိုပြီးတော့ သေဆုံးသွားစေတဲ့ အစားအစာနဲ့ ရိက္ခာတွေအချိန်မီမပို့နိုင်အောင်လုပ်တဲ့ကိစ္စမျိုးတွေက တရုတ်၊ ရုရှားအပါအဝင် အားလုံးက လက်မခံနိုင်တဲ့ ကိစ္စဖြစ်တယ်။ ဒါမျိုးကိစ္စတွေကတော့ ဗီတိုအာဏာသုံးပြီး မလုပ်သင့်ဘူးဆိုတာသူတို့ကိုလည်းပဲ ကျနော်တို့ကနေပြီးတော့ လော်ဘီလုပ်မှာဖြစ်ပါတယ်၊ အခက်အခဲအများကြီးရှိတာ မှန်ပါတယ်။ သာမန်ကြိုးစားရုံလောက်နဲ့တော့ သူတို့ ဒါကို အလျှော့ပေးမှာ မဟုတ်ဘူး။ ကျနော်တို့ဘက်ကလည်း ဒါတွေကိုတင်ပြပြီးတော့ နိုင်ငံရေးအရ လုပ်စရာရှိတာကို ဆက်လက်ပြီးလုပ်ဆောင်ဖို့ဖြစ်ပါတယ်။"

ဒီဆွေးနွေးပွဲကို နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့ချုပ် FIDH နဲ့ မြန်မာနိုင်ငံ ရှေ့နေများကောင်စီ BLC က ဦးစီးပြုလုပ်တာပါ။ ဒီဆွေးနွေးပွဲကို နိုင်ငံတကာက လူ့အခွင့်ရေးလှုပ်ရှားသူတွေ ဥပဒေရေးရာကျွမ်းကျင်သူတွေ၊ နိုင်ငံတကာရာဇဝတ်မှုခုံရုံးက တာဝန်ရှိသူတွေနဲ့ တာဝန်ထမ်းဆောင်ခဲ့ဖူးတဲ့ ရှေ့နေတွေတက်ရောက်ကြပါတယ်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီကနေ မြန်မာ့အရေးကိစ္စကို ကိုင်တွယ်ဖြေရှင်းပေးဖို့ နိုင်ငံတကာ ရာဇဝတ်ပြစ်မှုဆိုင်ရာ တရားရုံးကို လွှဲပြောင်းတာဝန်ပေးဖို့အတွက် မြန်မာနိုင်ငံရှေ့နေများကောင်စီနဲ့ အခြားအဖွဲ့စည်းတွေက လှုပ်ရှားမှုတွေကို မကြာသေးခင်နှစ် တွေကစပြီး လုပ်ဆောင်လာခဲ့ကြတာပါ။ ဒါပေမယ့် နိုင်ငံတကာ ရာဇဝတ်ပြစ်မှုဆိုင်ရာ တရားရုံးကို ကိုင်တွယ်ခွင့်ပေးဖို့ကိစ္စဟာ ရေတိုကာလအတွင်း မဖြစ်နိုင်ပေမယ့် မြန်မာနိုင်ငံအပေါ် ဖိအားတွေ တိုးပွားလာနိုင်သလို မြန်မာနိုင်ငံက အခြားနိုင်ငံတကာရာဇာဝတ်ပြစ်မှုတွေနဲ့ပတ်သက်လို့ တာဝန်ရှိသူတွေအပေါ် အကျိုးဆက်တွေ ရှိလာလိမ့်မယ်လို့ လှုံ့ဆော်သူတွေက ယူဆထား ကြပါတယ်။

ဒီလှုပ်ရှားမှုအရှိန်ကို မြှင့်တင်ရင် အခြားမြန်မာနိုင်ငံအပေါ် လက်နက်တင်ပို့မှု ပိတ်ဆို့တာမျိုး၊ အရေးယူဒဏ်ခတ်မှုတွေ လုပ်ဆောင်လာဖို့၊ လူ့အခွင့်ရေး အခြေအနေတွေ တိုးတက်လာစေဖို့နိုင်ငံတကာဖိအားတွေ ပိုမိုထွက်ပေါ်လာဖို့ကိုလည်း ရည်ရွယ်ထားတယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံရှေ့နေများကောင်စီက နအဖကို နိုင်ငံတကာရာဇဝတ်မှုတရားရုံးကို တင်နိုင်ဖို့ ပြီးခဲ့တဲ့နှစ် မေလ ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ် ၅ နှစ်ပြည့်မှာ သက်တမ်းတိုးလိုက်တုန်းကလည်း နိုင်ငံတကာကို တောင်းဆိုခဲ့ပါတယ်။ လွန်ခဲ့တဲ့ ရက်ပိုင်းတုန်းကတော့ နအဖစစ်အုပ်စုက မြန်မာနိုင်ငံ ရှေ့နေများကောင်စီကို မတရားသင်းအဖြစ် ကြေညာခဲ့ပါတယ်။

# မီးသတ်အရာရှိများ ကိုယ်ကျိုးရှာ

**DVB | မေ ၆ ။ ။** ပဲခူးတိုင်းအနောက်ခြမ်း သာယာဝတီခရိုင် နတ်တလင်းမြို့မှာ မီးသတ်ဌာနအရာရှိ ဦးမျိုးသူရဝင်းနဲ့ တပ်ကြပ်သိန်းတိုးဟာ အရန်မီးသတ်တပ်ဖွဲ့အတွက် ဆိုပြီး နတ်တလင်းမြို့တွင်းမှာရှိတဲ့ တရားမဝင်ဓာတ်ဆီဆိုင်တွေကို ဆီ ၅ ဂါလံနဲ့ ငွေတသောင်းခွဲ လိုက်လံကောက်ခံနေပါတယ်။

ဒီလို အရန်မီးသတ်အဖွဲ့အတွက်ဆိုပြီး ပြည်သူတွေဆီက ပိုက်ဆံလိုက်ကောက်ခံပေမယ့် အရန်မီးသတ်တပ်ဖွဲ့တွေကို ဘာမှကူညီပေးဆောင်တာမျိုး မရှိဘဲ သူတို့ကိုယ်ကျိုးအတွက်ပဲ သုံးနေတယ်လို့ အမည်မဖော်လိုတဲ့ အရန်မီးသတ်တပ်သားတယောက်က ပြောပါတယ်။

"ဦးမျိုးသူရဝင်းနဲ့ ဒု–တပ်ကြပ်သိန်းတိုးက အရန်မီးသတ်အတွက်ဆိုပြီး အလွဲသုံးစားလုပ်တော့ ကျနော်တို့က မခံနိုင်ဘူးဖြစ်နေတာ။ ပြည်သူလူထုကိုလည်း သူကအလွဲသုံးစားလုပ်တာ။ ငွေရေးကြေးရေးနဲ့ပတ်သက်လို့ ဒီမြို့နယ်မှာသူက အကုန်လုံး အရန်ကို အသုံးချပြီး လုပ်စားနေတာ။ ယူနီဖောင်းဘာညာ သူက လုပ်ပေးမယ်ဆိုပြီးတော့ လုပ်မပေးဘူး။ သူ့အိတ်ထဲပဲ သူထည့်တာ။"

ဒီကိစ္စနဲ့ပတ်သက်လို အရန်မီးသတ်တပ်ဖွဲ့တွေက သူတို့နာမည်ကို အလွဲသုံးစားလုပ်ပြီး ကိုယ်ကျိုးရှာနေတဲ့ မီးသတ်အရာရှိ ဦးမျိုးသူရနဲ့ တပ်ကြပ်သိန်းတိုးကို အရေးယူပေးဖို့ အထက်အရာရှိကို စာရေးတိုင်ကြားခဲ့ပေမယ့် ဘာမှဖြေရှင်းပေးခြင်းမရှိဘူးလို့ သူကပဲပြောပါတယ်။

"အရေးယူဖို့တိုင်စာကို ကျနော် စသုံးလုံးလည်း ပို့ပြီးပြီ၊ နေပြည်တော်လည်းပို့ပြီးပြီ၊ ခရိုင်ရုံးချုပ်လည်း ပို့ပြီးပြီ။ အရေးယူတာ ဘာမှမရှိပါဘူး။ ကျနော်တို့မီးသတ်တိုင်းမှူးလာသွားတော့ သူက ဒီမှာတင် ကြေအေးဖို့ပြောပါတယ်။ ကျနော်တို့က မကျေနပ်နိုင်ဘူး၊ ကျနော်တို့ ဘာမှမရဘဲ အလွဲသုံးစား အလုပ်ခံရတာ။ "

နတ်တလင်းမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ရဲ့အင်အားက တပ်ရင်း ၂ ရင်းရှိပါတယ်။ ပြည်သူတွေအပေါ်နဲ့ လက်အောက်ငယ်သားတွေကို အလွဲသုံးစားလုပ်ပြီး ကိုယ်ကျိုးရှာတဲ့ ဒီအရာရှိနှစ်ယောက်ကို နတ်တလင်းမြို့နယ်လူထုနဲ့အရန်မီးသတ်တွေက မလိုလားဘူးလို့ သူကပဲပြောပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး နတ်တလင်းမြို့မီးသတ်ဌာနကို ဆက်သွယ်ပေမယ့် ပြန်လည် ဖြေကြားခြင်းမရှိပါဘူး။

# သတင်းတိုထွေရာ ဖတ်စရာကလျာ

ကျော်စံကျော်



## နိုင်ငံရေးအကျဉ်းသားမရှိကြောင်း

နအဖဗျာနချုပ်က နိုင်ငံရေးလှုပ်ရှားမှုအကြောင်းရင်းတွေနဲ့ ဖမ်းဆီးခံရတဲ့သူ တွေကို စွဲချက်တင်တဲ့အခါ ရာဇဝတ်မှုအကြောင်းရင်းနဲ့သာ လုပ်ဆောင်ဖို့ ရခိုင်ပြည်နယ်ရဲဗျာနကို အမိန့်ထုတ်ထားတယ်လို့သိရပါတယ်။ မကြာသေး ခင်က နိုင်ငံရေးလှုပ်ရှားသူနှစ်ဦးကိုဖမ်းဆီးခဲ့ပြီးနောက် လူဝင်မှုကြီးကြပ်ရေး ဥပဒေနဲ့ စွဲချက်တင်ခဲ့ပါတယ်။ မြန်မာနိုင်ငံထဲမှာ နိုင်ငံရေးအကျဉ်းသားမရှိဘူး၊ ရာဇဝတ်သားတွေပဲရှိကြောင်း နိုင်ငံတကာအသိုင်းအဝိုင်းကိုပြသချင်လို့ ဖြစ်ပါတယ်။ **(NARINJARA, 5.5.2009)**

---

## ဆက်လက်အပြစ်ဒဏ်ခတ်ထားပါ

၈၈မျိုးဆက်ကျောင်းသားခေါင်းဆောင်တဦးဖြစ်တဲ့ ထွန်းမြင့်အောင်နဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာသံဃာ့တပ်ပေါင်းစုမှ အရှင်ဩဘာသတို့က အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်ထံကို မြန်မာစစ်အာဏာပိုင်တွေအပေါ် ထားရှိတဲ့ ပြစ်ဏ်ခတ်အရေးယူမှုတွေကို ဆက်လက်ကျင့်သုံးပါလို့ မေတ္တာရပ်ခံ တစောင်ကို ပေးပို့ခဲ့ပါတယ်။ အမေရိကန်က မြန်မာပြည်အပေါ်ထားတဲ့ပေါ်လစီ ပြန်လည်သုံးသပ်မှုတွေလုပ်နေချိန်မှာ ပြစ်ဒဏ်ခတ်အရေးယူမှုနဲ့ပတ်သက်ပြီး ပြောဆိုသံတွေ အမျိုးမျိုးထွက်ပေါ်နေပါတယ်။ **(AFP, VOB, 5.5.2009)**

---

## နယ်ခြားစောင့်တပ်သို့ပြောင်းလဲရေး

နအဖစစ်အုပ်စုဟာ အပစ်အခတ်ရပ်စဲထားတဲ့တိုင်း ရင်းသားလက်နက်ကိုင်တပ်ဖွဲ့တွေကို နယ်ခြားစောင့်တပ်အဖြစ်ပြောင်းလဲဖို့ အစီအစဉ်ရှိတယ်လို့သိရပါတယ်။ တပ်ရင်းတရင်းကို တပ်ဖွဲ့ဝင် ၃၂၆ ဦးထားပြီး အရာရှိ ၁၈ ဦးရှိမှာ ဖြစ်ပါတယ်။ အပစ်ရပ်အုပ်စုမှ ဗိုလ်မှူးအဆင့် ၂ ဦးနဲ့ နအဖအုပ်စုမှ ဗိုလ်မှူးအဆင့် တဦးတို့က အုပ်ချုပ်ရေးနဲ့ စီမံခန့်ခွဲရေးတာဝန်ယူမှာဖြစ်ပြီးအသေးစိတ်ကို အပစ်ရပ်အုပ်စုတွေကို အသိပေးထားပြီးလို့ဆိုပါတယ်။**(IRRAWADDY, 4.5.2009)**

---

## နာဂစ်ဘေးသင့်သူပိုလှူကြပါ

အာဆီယံအဖွဲ့က မြန်မာနိုင်ငံက နာဂစ်မုန်တိုင်းဘေးသင့်သူတွေကို ကူညီထောက်ပံ့မှုတွေ ပိုမိုပေးကြပါဆိုပြီး မေတ္တာရပ်ခံတိုက်တွန်းလိုက်ပါတယ်။ အာဆီယံဒုတိယအတွင်းရေးမှူးချုပ်က အာဆီယံ–ကုလ–မြန်မာတို့ရဲ့ သုံးပွင့်ဆိုင်အဖွဲ့ရဲ့အခန်းကဏ္ဍဟာ အရေးပါကြောင်းပြောဆိုပြီး မုတ်သုန်ဝင်တော့ မှာမို့ ပြန်လည်နာလန်ထူလာရေး အထောက်အပံ့တွေပေးဖို့ဆော်ဩလိုက်ပါတယ်။ ဒုက္ခသည်အတော်များများမှာ နေအိမ်အခိုင်အခန့်မရှိပဲ ယာယီတဲတွေမှာနေနေရဆဲဖြစ်ပါတယ်။ **(XINHUA, 4.5.2009)**

---

## နာဂစ်ဒုက္ခသည်ကိုဆက်လက်ကူမည်

ကုလသမဂ္ဂရဲ့ ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ FAO ကနာဂစ်မုန်တိုင်းဘေးဒုက္ခသည်တွေအတွက် အကူအညီတွေကို ဆက်လက်ပေးသွားမယ်လို့ ဆိုပါတယ်။ စားနပ်ရိက္ခာတွေတင်မက အသက်မွေးဝမ်းကျောင်းအတွက် လိုအပ်တဲ့အရာတွေကိုလည်း ပေးဝေခဲ့တဲ့အပြင် ဆက်လက်ပေးဦးမယ်လို့ သိရပါတယ်။ **(XINHUA, 7.5.2009)**

---

## ကလေးများကို အကာအကွယ်ပေးပါ

ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေနဲ့ မြန်မာပြည်က ကလေးတွေကို အဓမ္မပြုကျင့်တာတွေ၊ ဖမ်းဆီးခေါ်ဆောင်သွားတာတွေ၊ စစ်တပ်ထဲ အတင်းဆွဲသွင်းတာတွေကနေ အကာအကွယ်ပေးပါဆိုပြီး လူ့အခွင့်အရေးအဖွဲ့တွေက တောင်းဆိုလိုက်ပါတယ်။ လက်နက်ကိုင်ပဋိပက္ခတွေနဲ့ကလေးတွေကို စောင့်ကြည့်ရေးအဖွဲ့တဖွဲ့က မြန်မာစစ်အစိုးရရော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေကပါ ဒီလိုလုပ်ရပ်မျိုးတွေကို လုပ်ဆောင်ကြတယ်လို့ ဆိုထားပါတယ်။ **(VOA, 7.5.2009)**

---

## ဗြိတိန်အမတ်များနှင့် မြန်မာ့အရေး

ဗြိတိန်အမတ် ၆၀ ကျော်က မြန်မာပြည်အတွင်းမှာဖြစ်ပျက်နေတဲ့ လူမဆန်တဲ့ ပြုကျင့်မှုတွေကို စုံစမ်းစစ်ဆေးမှုတွေပြုလုပ်ပေးပါဆိုပြီး ကုလသမဂ္ဂကို တောင်း ဆိုလိုက်တယ်လို့သိရပါတယ်။ မြန်မာပြည်ရဲ့လူ့အခွင့် အရေးအခြေအနေတွေဟာ ဆိုးသထက်ဆိုးလာနေတာမို့ ကုလသမဂ္ဂအနေနဲ့အချိန်မီကာကွယ်တားဆီးဖို့ တာဝန်ရှိတယ်လို့ဆိုပါတယ်။ **(CSW, 7.5.2009)**

---

## အပစ်ရပ်တို့ ကျပ်နေပြီ

နအဖစစ်အုပ်စုနဲ့ အပစ်အခတ်ရပ်စဲမှုတွေလုပ်ထားတဲ့တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့တွေဟာ စက်တင်ဘာမှာနောက်ဆုံးထားပြီး သူတို့ရဲ့အဖွဲ့တွေကို ပြင်ဆင်ပြောင်းလဲရမယ်လို့ နအဖက ဖိအားပေးနေတယ်လို့သိရပါတယ်။ ဝတပ်ဖွဲ့ရဲ့အရာရှိတဦးက အနိမ့်ဆုံးအဆင့်အနေနဲ့ သူတို့ရဲ့တပ်အင်အားကို လျှော့ချရမယ်လို့ပြောနေတယ်လို့ ဆိုပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲအတွက် နအဖရဲ့ပြင်ဆင်မှုတစိတ်တဒေသဖြစ်ပါတယ်။ **(MIZZIMA, VOB, 6.5.2009)**

---

## စိတ်ကူးလော စိတ်ရူးလော

နအဖဗိုလ်ချုပ်မှူးကြီးသန်းရွှေက မြန်မာနိုင်ငံမှာ စပါးအထွက်ဟာ ပြည်တွင်း စားသုံးဖို့လုံလောက်ရုံတင်မကဘူး၊ ပိုလျှံနေတယ်လို့နာဂစ်မုန်တိုင်းတိုက်ခတ်တဲ့ တနှစ်ပြည့်နှစ်ပတ်လည်အပြီး မေလ ၃ ရက်နေ့မှာပြောခဲ့ပါတယ်။ အဲဒီလိုပြောဆိုချက်နဲ့ပတ်သက်ပြီး မြန်မာ့အရေးနဲ့ပတ်သက်ပြီးလေ့လာနေတဲ့ပညာရှင်တွေက လုံးဝလက်မခံပဲ ပယ်ချခဲ့ပါတယ်။ **(IRRAWADDY, 6.5.2009)**

---

## ဘလော့ဂါရဲ

မြန်မာ အီရန် နဲ့ ဆီးရီးယားတို့က အင်တာနက်ဘလော့ဂါတွေဟာ ကမ္ဘာပေါ်မှာ အဆိုးရွားဆုံးသောတင်းကျပ်မှုတွေကို ခံနေရတဲ့သူတွေဖြစ်တယ်လို့ စာနယ်ဇင်းသမားကာကွယ်စောင့်ရှောက်ရေးကော်မတီက အစီရင်ခံစာထုတ်ပြန်လိုက်ပါတယ်။ အဲဒီနိုင်ငံကအစိုးရတွေဟာ ဘလော့ဂါတွေရဲ့ သတင်းနဲ့ဆက်သွယ်ရေးအတတ်ပညာတွေကို အမျိုးမျိုးတားဆီးပိတ်ပင်၊ ခြိမ်းခြောက်မှုတွေကို လုပ်ကြတယ်လို့ ဆိုထားပါတယ်။ **(CNN, 4.5.2009)**

# မဲဆောက်မြို့ရှိ သိုးမွှေးစက်ရုံမှ မြန်မာလုပ်သားများ ဆန္ဒပြ

**DVB၊ မေ ၆။** ။ မဲဆောက်မှာရှိတဲ့ သိုးမွှေးစက်ရုံတရုံက အလုပ်သမားတွေ အလုပ်သမားအခွင့်အရေး ကာကွယ်ရေးရုံးကို ဒီနေ့သွားရောက်ဆန္ဒပြတယ်လို့ သတင်းရရှိပါတယ်။

မဲဆောက်မြို့ပေါ်ရှိ ပန်ထောင်းသိုးမွှေးစက်ရုံက အလုပ်သမား ၃၅၀ ကျော်ဟာ သူတို့ရဲ့လုပ်ခလစာမရရှိတာ ၂ လရှိပြီမို့ ဖြေရှင်းပေးဖို့အတွက် အလုပ်သမားအခွင့်အရေး ကာကွယ်ရေးရုံးကို သွားရောက်ဆန္ဒပြတာဖြစ်ပါတယ်။

"ကျနော်တို့ အလုပ်သမားတွေကနေ ထိုင်းဥပဒေက သတ်မှတ်ထားတဲ့ လုပ်အားခ အပြည့်ဝပေးရန်နှင့် စက်ရုံမှာနေထိုင်ရတဲ့ ကျန်းမာရေးအတွက် အထောက်အကူပေးဖို့၊ သောက်ရည်သုံးရေ လုံးလောက်စွာပေးဖို့ အဓိက ၃ ချက်အနေနဲ့တင်ပြီးတော့ ဆဝါဒီကန်ရုံးကို တောင်းဆိုထားပါတယ်"။

ထိုင်းဘာသာနဲ့ ဆဝါဒီကန် လို့ခေါ်တဲ့ အလုပ်သမားအခွင့်အရေးကာကွယ်တဲ့ရုံးကို သကြ်န်မတိုင်မီကတည်းက တိုင်စာပို့ပေမယ့် အချက်အလက်မပြည့်စုံလို့ လက်မခံကြောင်း၊ နောက်ပိုင်း အကြိမ်ကြိမ်သွားပေမယ့် ပူးပေါင်းဆောင်ရွက်မှုမရှိတာကြောင့် ခုလိုလာရောက်ဆန္ဒပြတာလို့ ဦးဆောင်တဲ့ အလုပ်သမားတဦးကပြောပါတယ်။

"ပြီးခဲ့တဲ့လ ၈ ရက်နေ့က စာလာတင်တယ်။ ဒီအရာရှိက စာတင်ခွင့်မပေးလို့ ကျနော်တို့ပြန်ခဲ့ရပါတယ်။ နောက် ၂၀ ရက်နေ့တခါ လာတာ အရာရှိအလုပ်မအားတာနဲ့မတင်ခဲ့ရဘူး။ ၂၁ ရက်နေ့ကျမှ စာတင်လို့ရတယ်။ ၂၁ ရက်နေ့ ၂ နာရီခွဲမှာ အရာရှိ ကျနော်တို့စက်ရုံကို လာပါတယ်။ စက်ရုံရောက်တော့ ကျနော်တို့ အမာခံကိုးယောက်နဲ့မန်နေဂျာတွေနဲ့ စကားတွေပြောဖြစ်ကြတယ်။ ဒါပေမယ့် အောင်မြင်မှုမရရှိခဲ့ပါဘူး။ စက်ရုံက မန်နေဂျာတွေကလည်း သူတို့က ဒီက မန်နေဂျာတွေမဟုတ်ဘူး၊ သူတို့လည်း အလုပ်သမားဖြစ်ကြောင်း ပြောပြီး ကျနော်တို့ကို ပထုတ်ခဲ့ပါတယ်။"

စက်ရုံက အလုပ်မရှိရင် အလုပ်သမားတွေကို ၁ လ ကြိုတင်အကြောင်းကြားရတဲ့ အလုပ်သမားဥပဒေရှိပေမယ့် မြန်မာနိုင်ငံသား အလုပ်သမားတွေအနေနဲ့ပေးတာယူ၊ ကျွေးတာစားဘဝနဲ့ပဲ နေထိုင်လုပ်ကိုင်စားရတာလို့ နောက်အလုပ်သမားတဦးက ပြောပါတယ်။

"ကျနော်တို့စားရတော့ ဆန်ဆိုတာကလည်း ဖွဲက တဝက်လောက်ပါတယ်။ အနံ့အသက်လည်း မကောင်းဘူး။ ဗိုင်ဈေးတောင်းဆိုတော့လည်း သူကမပေးဘူး။ တိုးပေးရင်လည်း ၅ ဘတ်လောက်တိုးပေးတယ်၊ နေ့စားနဲ့တိုင်းမယ်ဆိုရင်လည်း ကျနော်တို့က နေ့စားနဲ့မကိုက်ဘူး။ ဒါနဲ့ ပြီးခဲ့တဲ့လ ၁၀ ရက်နေ့က ကျနော်တို့ကို လစာထုတ်မပေးဘူး။ သကြ်န်အတွင်းမှာလည်း ကျနော်တို့အလုပ်သမားတွေ ပိုက်ဆံမရှိလို့ ဘယ်မှမသွားနိုင်၊ မလာနိုင်နဲ့စားရေးသောက်ရေးမှာပါ အခက်ခဲဖြစ်သွားတယ်။"

"ကျနော်တို့ ဒီမှာလည်း အနေကြာသွားတော့ ဗမာပြည်မှာ ကိုယ်လုပ်စားကိုင်စားဖို့က အရင်လို မဟုတ်တော့ဘူး၊ ဒီမှာကိုယ်က ရင့်ကျက်နေပြီဆိုတော့ ဒီမှာက နည်းနည်းအဆင်ပြေတယ်။ အဆင်ပြေနေတာ အခုသူဌေးက အဲ့ဒီလိုလုပ်တော့ ဒုက္ခရောက်တာပေါ့။ ဒါပေမယ့် ရပိုင်ခွင့်တောင်းပြီးသွားရင် ကိုယ့်နိုင်ငံပြန်ချင်လည်း ပြန်မယ်၊ မပြန်ရင်လည်း ဒီမှာ နောက်အလုပ်တခု ရှာရင်လည်း ဆက်ရှာမယ်ပေါ့။"

ထိုင်းနိုင်ငံထဲမှာ မြန်မာရွှေ့ပြောင်းအလုပ်သမားတွေ သန်းနဲ့ချီ ရှိနေပေမယ့် ဥပဒေအရ ပြဌာန်းထားတဲ့ တရားဝင်လုပ်ခရဲ့ တဝက်သာရရှိပြီး ကျန်းမာရေးအခွင့်အရေး၊ ခွင့်ရက်ခံစားခွင့်စတာတွေ မရရှိကြပါဘူးလို့သိရပါတယ်။

# သုခကုသိုလ်ဖြစ်ဆေးခန်းရွှေ့ပြောင်းခိုင်း

**NEJ၊ မေလ ၉။** ။ ရန်ကုန်စည်ပင်သာယာရေးကော်မတီ၏ ဖိအားပေးမှုကြောင့် နာရေးကူညီမှုအသင်းကလုပ်ကိုင်နေသည့် သုခကုသိုလ်ဖြစ်ဆေးခန်းကို သဃ်ၤကျွန်းမြို့နယ်မှ မြောက်ဒဂုံမြို့နယ်သို့ ရွှေ့ပြောင်းပေးရတော့မည်ဖြစ်သည်။

"မြောက်ဒဂုံမှာအဆောက်အဦတွေ ဆောက်နေပါပြီ၊ ပြီးတော့ မပြီးသေးပါဘူး။ ဒါပေမယ့် ရန်ကုန်စည်ပင်က ၃၁–၇–၂၀၀၉ ရက်မှာ အပြီးရွှေ့ပေးရမယ်ဆိုတော့ ဆေးခန်းကိုအဓိကထားဆောက်နေရတာပေါ့။ အသင်းရထားတဲ့မြေကွက်ကလည်း နဂိုက ပလတ်စတစ်အမှိုက်ပုံကြီးဆိုတော့ ၇ ပေလောက်တူးလည်း မြေသားကိုမတွေ့ရသေးဘူး။ အဲလိုအခက်အခဲတွေတွေ့နေတာပေါ့။"ဟု နာရေးကူညီမှုအသင်းဥက္ကဌဦးကျော်သူကပြောပါတယ်။

သုခဆေးခန်းတွင် မျက်စိ၊ အရိုးအကြော၊ သားဖွားမီးယပ်၊ အရေပြား၊ ကလေးအထူးကုစသည့် ဌာနခွဲများရှိရာ နေ့စဉ်လူနာ ၁၀၀ ကျော်လာရောက်ဆေးကုသခံလေ့ရှိပါတယ်။ "လက်ရှိကုသဆဲလူနာတွေလည်း ဟိုဘက်ကိုပြောင်းသွားပြီဆိုရင် လိုက်ကြရတာအခက်အခဲတော့ ရှိမှာပေါ့။ ဒါပေမယ့်လည်း လိုက်ကြလိမ့်မယ်ထင်တယ်။ ကျနော်တို့ဆီမှာ နယ်ကလာပြီးဆေးကုသခံတဲ့ လူနာတွေတောင်ရှိနေတော့ ဟိုဘက်ရောက်သွားလည်း လူနာအရေအတွက်က ကျဆင်းသွားမယ်လို့မထင်ဘူး။ နောက် မြောက်ဒဂုံဘက်မှာက ဆင်းရဲချို့တဲ့သူတွေများတော့ သူတို့အတွက်ပိုပြီးအကျိုးရှိမယ်လို့ ကျနော်မြင်တယ်။"ဟု ဦးကျော်သူကပြောပါတယ်။

ပြည်တွင်းစီးပွားရေးကျဆင်းမှုများကြောင့် အလှူငွေရရှိမှုကျဆင်းနေချိန်တွင် မြောက်ဒဂုံသို့အသင်းရုံးပြောင်းရွှေ့လိုက်ရတဲ့အတွက် အလှူငွေရရှိမှုပိုကျနိုင်တယ်လို့သုံးသပ်ပါတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်းကလည်း နာရေးကူညီမှုအသင်းပိုင်နိဗ္ဗာန်ယာဉ်များကို ရေးဝေးသုသာန်သို့ရွှေ့ပြောင်းရန် ရန်ကုန်စည်ပင်က ဖိအားပေးခဲ့ပါတယ်။

"ကားထားဘို့ဂိုဒေါင်တော့ဆောက်ပြီးသွားပြီ။ ကား ၁၅ စီးစာဆန့်အောင်တော့ ဆောက်လိုက်ရတာပေါ့။ ကျနော်တို့လိုချင်တဲ့မြေကွက်အတိုင်းအတာအတိုင်း ပေးတာမဟုတ်ဘူး။ သူတို့ချပေးတဲ့အတိုင်းအတာအတိုင်း ကျနော်တို့က ဆောက်ရတာ။ ကားတွေအားလုံးလည်း မနက်ဖြန်ရွှေ့ရမယ်။"ဟု ဦးကျော်သူကရှင်းပြပါတယ်။ နားရေးကူညီမှုအသင်းမှ တရက်လျှင် နာရေးကိစ္စပေါင်း ၄၀ နဲ့ ၅၀ အကြားလက်ခံဆောင်ရွက်ပေးနေတယ်။

နားရေးကူညီမှုအသင်းကို ကွယ်လွန်သူဒါရိုက်တာကြီး ဦးသုခ၏ဦးဆောင်မှုဖြင့် ၂၀၀၁ ခု၊ ဂျန်နဝါရီလအတွင်း ထူထောင်ခဲ့ပါတယ်။ အသင်းသား ၂၀၀ ကျော်ရှိကာ အားလုံးစေတနာ့ဝန်ထမ်းများဖြစ်ကြပြီး အသင်းသား ၃၀ ခန့်က နေ့စဉ် နာရေး၊ ကျန်းမာရေးကိစ္စရပ်များကို ဆောင်ရွက်ပေးနေကြပါတယ်။

**မျက်နှာဖုံးမှ**

ဒီလူကို ဖိတ်ကြားတာမဟုတ်တဲ့အတွက် သူ့ကိုအပြစ်ပေးနိုင်တာကို မစိုးရိမ်ဘဲ၊ သူ့လုံခြုံရေးကိုသာ တကယ်စိုးရိမ်ရတယ်လို့ ပြောပါတယ်။

"ဒီ လောက်လုံခြုံရေးအကျပ်အတည်းကြားထဲက ဒေါ်အောင်ဆန်းစုကြည်အိမ်ကို ရောက်အောင်သွားနိုင်တယ်။ နောက် သူ့ဟာသူ ပြန်လာနိုင်တယ်ဆိုတဲ့ အခြေအနေဟာ မလုံခြုံဘူးဆိုတဲ့သဘောမျိုးတွေ့တယ်။ အဲဒီလိုမလုံခြုံတဲ့ အခြေအနေမှာ ဒေါ်အောင်ဆန်းစုကြည်ကို ကျနော်တို့အရမ်းစိုးရိမ်တယ်။ ထိန်းသိမ်းထားတဲ့ပုဂ္ဂိုလ်တွေ ဟာလုံခြုံရေးတာဝန်ယူထားပြီးတော့ လုံခြုံရေးကလျော့ရဲရဲဖြစ်နေတာအတွက် ကျနော်တို့အရမ်းစိုးရိမ်ပါတယ်။"

ဒေါ်အောင်ဆန်းစုကြည်ရဲ့မိသားစုဆရာဝန် ဒေါက်တာတင်မျိုးဝင်းဟာ လစဉ်သွားနေကျအတိုင်း တက္ကသိုလ်ရိပ်သာလမ်းနေအိမ်ကို မနေ့ကသွားခဲ့ပေမယ့် တွေ့ခွင့်မရခဲ့ဘူးလို့လည်းသိရပါတယ်။

# လူ့အခွင့်အရေးချိုးဖောက်မှုတွေစုံစမ်းပေးရန် ဗြိတိသျှပါလီမန်အမတ်များအဆိုပြု

**VOA၊ မေလ ၇။ ။** မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုတွေ ဟာ လူသားမျိုးနွယ်စုအပေါ်ကျူးလွန်တဲ့ ရာဇဝတ်မှုတွေဟုတ် မဟုတ် နိုင်ငံတကာ စုံစမ်းစစ်ဆေးရေးကော်မရှင်တရပ်ဖွဲ့စည်းပြီး စစ်ဆေးပေးဖို့ ဗြိတိသျှပါတီမန်အမတ်တွေက ဒီနေ့ဘဲဗြိတိသျှပါလီမန်မှာ အဆိုပြုတင်သွင်းလိုက်ပါတယ်။

ဒီအဆိုကို မြန်မာ့ဒီမိုကရေစီရေးအတွက် ပါတီစုံပါတဲ့ ဗြိတိသျှပါလီမန်အမတ်များအဖွဲ့ရဲ့ဒုတိယဥက္ကဋ္ဌ အောက်လွှတ်တော်အမတ် ဂျွန်ဘရောင်းက ဦးဆောင်တင်သွင်းသွားတာဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ပတ်သက်ပြီး ဒီအဖွဲ့အနေနဲ့မကြာမကြာ သူတို့ရဲ့စိုးရိမ်ပူပန်မှုတွေကို ထုတ်ဖော်ပြောဆိုဘူးပါတယ်။ ဒီနေ့ဗြိတိသျှပါလီမန်မှာတင်သွင်းတဲ့ မြန်မာ့အရေးအဆိုပြုချက်နဲ့ပတ်သက်ပြီး CSW နိုင်ငံတကာခရစ်ယာန်သွေးစည်းညီညွတ်ရေးအဖွဲ့ရဲ့ ပြောခွင့်ရသူတဦးဖြစ်တဲ့ အလစ်ဇာပါပါဒိုးရပ်စ်ကို မေးမြန်းခဲ့ပါတယ်။

ဗြိတိသျှလွှတ်တော်ထဲမှာ ဒီနေ့မြန်မာ့အရေးအဆိုပြုချက်ကို ဗြိတိသျှလွှတ်တော်အမတ် ဘယ်လောက်လောက်ထောက်ခံခဲ့ကြပါသလဲ။

"ဗြိတိသျှပါလီမန်အမတ်တွေရဲ့ ဒီအဆိုပြုချက်ကို လွှတ်တော်အမတ် ၆၀ ကျော်ကလက်မှတ်ရေးထိုးခဲ့ပါတယ်။ ဒီအဆိုပြုချက်ထဲမှာ ကုလသမဂ္ဂစုံစမ်းရေးကော်မရှင်တရပ်အနေနဲ့ မြန်မာနိုင်ငံအတွင်း လူသားမျိုးနွယ်စုအပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုတွေအတွက် စုံစမ်းစစ်ဆေးပေးဖို့ နိုင်ငံတကာအစိုးရတွေကိုတောင်းဆိုထားပါတယ်။ နေအိမ်အကျယ်ချုပ်နဲ့ထိန်းသိမ်းခံထားရတဲ့ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးဖို့အချိန်ကလည်း သီတင်း ၂ ပတ်လောက်ဘဲကျန်တော့တာမို့ ဒီအချိန်ဟာ အချိန်အခါကောင်းပါဘဲ။"

အခုလိုမျိုး မြန်မာနိုင်ငံတွင်းက လူသားမျိုးနွယ်စုအပေါ် ကျူးလွန်တဲ့ရာဇဝတ်မှုဟုတ် မဟုတ် ဒါကိုစုံစမ်းစစ်ဆေးပေးဖို့ဆိုရင် အချက်အလက်တွေကဘယ်လောက်အထိ အခိုင်အမာရှိလို့ပါလဲ။

"မြန်မာနိုင်ငံအရှေ့ဘက်ခြမ်းမှာ အရပ်သားပြည်သူတွေအပေါ် လူ့အခွင့်အရေးချိုးဖောက်တဲ့အချက်အလက်တွေကို စုဆောင်းတင်ပြထားတဲ့အစီရင်ခံစာတွေ အများကြီးရှိထားပြီးသားပါ။ ဒါတွေဟာ လူသားမျိုးနွယ်စုအပေါ် ကျူးလွန်တဲ့ ရာဇဝတ်ပြစ်မှုတွေဖြစ်တယ်လို့ ယူဆနေသူတွေ၊ ယုံကြည်နေသူတွေလည်း အများကြီးရှိပါတယ်။ ဒီအဖြစ်အပျက်ဆိုးတွေကို ကျမတို့ CSW အနေနဲ့မှတ်တမ်းပြုစုထားတာရှိသလို တခြားလူ့အခွင့်အရေးအဖွဲ့တွေမှာလည်း မှတ်တမ်းမှတ်ရာတွေ အများကြီးရှိပါတယ်။"

ပြဿနာတခုက မြန်မာနိုင်ငံတွင်းက လူ့အခွင့်အရေးအခြေအနေတွေနဲ့ ပတ်သက်လို့ မြန်မာ့အိမ်နီးချင်း တရုတ်အပါအဝင် အာဆီယံနိုင်ငံတော်တော်များများက ဒါတွေဟာ ပြည်တွင်းရေးဘဲဖြစ်တယ်ဆိုပြီး တစိုက်မတ်မတ်ပြောနေတာရှိပါတယ်။ တကယ်တမ်း ကုလသမဂ္ဂအနေနဲ့ နိုင်ငံတကာအနေနဲ့ ဒီပြဿနာတွေဟာ Crimes against Humanity လူသားမျိုးနွယ်စုအပေါ် ကျူးလွန်တဲ့ရာဇဝတ်မှုဟုတ် မဟုတ်ဆိုတာ စုံစမ်းစစ်ဆေးဖို့ကော်မရှင်ဖွဲ့ရေးမှာ နိုင်ငံတကာအားလုံးက ပါဝင်လာနိုင်ပါ့မလားခင်ဗျ။

"ဒီလိုဖြစ်ပျက်နေတာတွေကို နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့ လက်ခံအသိအမှတ်ပြုဖို့တာဝန်ရှိပါတယ်။ ဒီရာဇဝတ်မှုတွေအတွက် နိုင်ငံတကာစုံစမ်းစစ်ဆေးရေးကော်မရှင်တရပ်ထားဖို့ ကြိုးပမ်းရမယ့်အချိန်ရောက်နေပါပြီ။ မြန်မာပြည်သူတွေအနေနဲ့ ဆက်ပြီးဖိနှိပ်ခံဖို့မဖြစ်နိုင်တော့ပါဘူး။ လူ့အခွင့်အရေးချိုးဖောက်မှုတွေကလည်း သိသိသာသာကြီးကိုပေါ်လွင်နေတာပါ။ ဒီတော့ တာဝန်ရှိတဲ့စစ်ဗိုလ်ချုပ်တွေကို တရားဥပဒေနဲ့အညီ အရေးယူဖို့အတွက် ကမ္ဘာ့တဝန်းနိုင်ငံအသီးသီးရဲ့အစိုးရတွေမှာ လုံးဝ တာဝန်ရှိပါတယ်။"

ဗြိတိသျှနိုင်ငံအခြေစိုက် CSW ကပြောခွင့်ရသူတဦးဖြစ်တဲ့ အလစ်ဇာပါပါဒိုးရပ်စ်ရှင်းပြသွားတာဖြစ်ပါတယ်။ သူတို့အနေနဲ့ မြန်မာနိုင်ငံအတွင်းက အခုလို လူ့အခွင့်အရေးချိုးဖောက်မှု တွေဟာ Crimes against Humanity လူသားမျိုးနွယ်စုအပေါ် ကျူးလွန်တဲ့ရာ ဇဝတ်မှု ဟုတ် မဟုတ်ဆိုတာ နိုင်ငံတကာ အနေနဲ့ စုံစမ်းစစ်ဆေးပေးဖို့ ဒီကနေပြီး ICC နိုင်ငံတကာရာဇဝတ်မှုတရားရုံး အထိတင်သွင်းဖို့ ကြိုးစားသွားမယ်လို့ လည်း သူမကပြောဆိုခဲ့ပါတယ်။

# တောင်ကိုရီးယား သမတ၏ အထူးကိုယ်စားလှယ်အဖွဲ့မြန်မာနိုင်ငံသွား

**RFA၊ မေလ ၈။ ။** တောင်ကိုရီးယားနိုင်ငံအာဏာရ Grand National Party က လွှတ်တော်အမတ်နှစ်ဦးဟာ တောင်ကိုရီးယားသမတ ယီမြောင်ဘတ်ရဲ့ အထူးကိုယ်စားလှယ်အနေနဲ့ မေလ ၈ ရက်နေ့မှာ မြန်မာနိုင်ငံကိုသွားရောက်လည်ပတ်ပြီး စီးပွားရေးဆိုင်ရာကိစ္စရပ်တွေကို နေပြည်တော်မှာဆွေးနွေးဖို့ရှိတယ်လို့ သတင်းရရှိပါတယ်။

တောင်ကိုရီးယားလွှတ်တော်အမတ်တွေဖြစ်တဲ့ ဂျီယဲဂျင်နဲ့ဟော်ထဲယောလ်တို့ဟာ မေလ ၆ ရက်ကနေ ၁၀ ရက်အကြား ထိုင်းနိုင်ငံနဲ့မြန်မာနိုင်ငံကို တောင်ကိုရီးယားသမတရဲ့စေလွှတ်ချက်အရ အခုလိုသွားရောက်တာဖြစ်တယ်လို့ သိရပါတယ်။ ပြီးခဲ့တဲ့အပတ်တွေတုန်းက ထိုင်းနိုင်ငံမှာအနီရောင်ဝတ်ဆန္ဒပြသမားတွေကြောင့် အာဆီယံညီလာခံပျက်သွားတာကြောင့် မဆွေးနွေးဖြစ်လိုက်တဲ့ကိစ္စတွေကို ကိုရီးယား–အာဆီယံဆွေးနွေးပွဲအဖြစ် အခုလာမယ့် ဂျွန်လ ၁ ရက်နဲ့ ၂ ရက်နေ့အတွင်း တောင်ကိုရီးယားနိုင်ငံ ဂျဲဂျူးကျွန်းမှာ ပြန်လည်ကျင်းပဖို့ရှိနေပါတယ်။

အခုလို ဂျဲဂျူးထိပ်သီးညီလာခံမတိုင်ခင် အာဆီယံအဖွဲ့ဝင်နိုင်ငံခေါင်းဆောင်တွေကို လိုက်လံဖိတ်ကြားရင်း မြန်မာနိုင်ငံမှာ ဘယ်လိုဆွေးနွေးဖို့ရှိတယ်ဆိုတာနဲ့ပတ်သက်လို့ NLD လွှတ်မြောက်နယ်မြေ ကိုရီးယားဌာနခွဲက ကိုရန်နိုင်ထွန်းကအခုလိုပြောပြပါတယ်။ "အဓိက ကတော့ ထိုင်းနိုင်ငံမှာပျက်သွားခဲ့တဲ့ အာဆီယံနိုင်ငံတွေနဲ့ကိုရီးယားနိုင်ငံအစည်းအဝေးကို ဂျဲဂျူးကျွန်းမှာပြုလုပ်မယ့်အစည်းအဝေးအတွက် ဖိတ်ကြားလွှာပေးဖို့တာဖြစ်သလို ဝန်ကြီးချုပ်ဦးသိန်းစိန်နဲ့အတူ ကုန်သွယ်ရေးဝန်ကြီးနဲ့ တွေ့ဆုံဆွေးနွေးဖို့အစီအစဉ်နဲ့သွားတာဖြစ်ပါတယ်။ နိုင်ငံရေးကိစ္စထက် ဒေဝူးရေနံနဲ့သဘာဝဓာတ်ငွေ့ကိစ္စတွေရှိပါတယ်။ နောက် အခုအချိန်မှာ ကိုရီးယားနိုင်ငံဟာ မြန်မာနိုင်ငံတွင်းမှာ စီးပွားရေးစားကျက်ချဲ့ထွင်နေတဲ့ကာလဖြစ်ပါတယ်။ ကိုရီးယားထုတ်ကုန်တွေကို မြန်မာပြည်ကိုတင်ပို့လို့ရအောင် စာချုပ်တွေချုပ်ဖို့သွားတဲ့သဘောပါ။"

တောင်ကိုရီးယားနိုင်ငံဟာ မြန်မာပြည်နဲ့ပတ်သက်လာရင် မြန်မာ့ဒီမိုကရေစီရေးကိစ္စတွေမှာ အားပေးပေမယ့် စီးပွားရေးကိစ္စပေါ်မှာ ပိုပြီးအခြေခံထားကြောင်း ကိုရန်နိုင်ထွန်းကပြောပါတယ်။ "စိတ်မဝင်စားဘူးလို့ ပြောလို့တော့မရပါဘူး။ မကြာသေးခင်ကဘဲ ကျောင်းသားခေါင်းဆောင်ကိုမင်းကိုနိုင်ကို ကိုရီးယားနိုင်ငံရဲ့အမြင့်ဆုံးဖြစ်တဲ့ ဂွမ်ဂျူးလူ့အခွင့်အရေးဆု ပေးအပ်ထားတာဖြစ်ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွှတ်မြောက်နယ်မြေ ကိုရီးယားဌာနခွဲနဲ့ထိစပ်နေတဲ့ လွှတ်တော်အမတ်တွေထဲမှာဆိုရင် အာဏာရပါတီလွှတ်တော်အမတ်တွေ ပါပါတယ်။ အတိုက်အခံပါတီ လွှတ်တော်အမတ်တွေလည်း ပါပါတယ်။ ကျနော်တို့အမြင်ကတော့ ကိုရီးယားအစိုးရပိုင်းဟာ ဗမာပြည်နဲ့ပတ်သက်ပြီးတော့ စီးပွားရေးလုပ်ငန်းတွေကို တိုးချဲ့သလို ရရှိထားတဲ့အကျိုးအမြတ်တွေကို လက်လွှတ်ဆုံးရှုံးမခံနိုင်သလို တဘက်ကလည်း နောင်လာမယ့်အနာဂါတ်မှာ ပြောင်းလဲလာမယ့်မြန်မာ့ဒီမိုကရေစီရေးနဲ့ မြန်မာ့ဒီမိုကရေစီအသိုင်းအဝိုင်းကို မျက်နှာမနာအောင် လုပ်နေတဲ့သဘောမျိုးရှိပါတယ်။"

ပြီးခဲ့တဲ့ ၂၀၀၀ ခုနှစ်တုန်းက အာဆီယံညီလာခံကို တောင်ကိုရီးယားမှာ တကြိမ်နဲ့ ၂၀၀၅ ခုနှစ်တုန်းကလည်း APEC ညီလာခံကို တောင်ကိုရီးယားနိုင်ငံမှာ တာဝန်ယူကျင်းပခဲ့တာမျိုးရှိခဲ့ပါတယ်။

# ကေအိုင်အိုတပ်ကို တပ်မတော်လက်အောက်သွတ်သွင်းရန် ကမ်းလှမ်း

**DVB | မေလ ၆ ။ ။** ကချင်ပြည်လွတ်မြောက်ရေးတပ်မတော် (ကေအိုင်အို) ကို နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းပြီး တပ်မတော်လက်အောက်မှာ သွတ်သွင်းဖို့ကိစ္စကို နအဖစစ်အုပ်စုက ကေအိုင်အိုခေါင်းဆောင်တွေကို အဆိုပြုပြောဆိုခဲ့ပါတယ်။

မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းက ကချင်ပြည်လွတ်လပ်ရေးတပ်မတော် ကေအိုင်အိုခေါင်းဆောင်တွေနဲ့ ပြီးခဲ့တဲ့လ ၂၈ ရက်နေ့ကတွေ့ဆုံစဉ်မှာ ပြောဆိုခဲ့တာလို့ ကေအိုင်အို ဒု–ဥက္ကဋ္ဌ ဒေါက်တာ တူးဂျာက ပြောပါတယ်။ တိုင်းမှူးက ကေအိုင်အိုကို နယ်စပ်လုံခြုံရေးတပ်အနေနဲ့ အသွင်ကူးပြောင်းပြီး နိုင်ငံရေးအရ ကေအိုင်အိုအနေနဲ့ အသွင်ကူးပြောင်းချင်တယ်ဆိုရင် ပါတီထောင်ပြီး ရွေးကောက်ပွဲဝင်နိုင်ကြောင်း နအဖရဲ့အစီအစဉ်ကို ကေအိုင်အိုဗဟိုလူကြီးတွေထံ အသိပေးတာလို့လည်း ဒေါက်တာတူးဂျာက ပြောပါတယ်။ အသွင်ကူးပြောင်းမှုဖြစ်ရင် အသက် ၁၈ နှစ်ကနေ အသက် ၅၀ အကြားအရွယ်တွေကို နယ်ခြားစောင့်တပ်မှာ လက်ခံမယ့်အကြောင်းနဲ့ ကေအိုင်အိုတပ်မှူးတွေကို ပဲတပ်မှူးအဖြစ်ခန့်ထားဖို့၊ ဆက်သွယ်ရေး၊ ရုံးလုပ်ငန်းနဲ့ သင်တန်းတွေကို တပ်မတော်ကတာဝန်ယူဖို့စတဲ့ အဆိုပြုချက်တွေ ပါဝင်ပါတယ်။ လာမယ့် မေ ၂၀ ရက်နေ့မှာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနဲ့ ကေအိုင်အိုခေါင်းဆောင်တွေ ထပ်မံတွေ့ဆုံဖို့ ရက်သတ်မှတ်ထားတယ်လို့ သူကဆက်ပြောပါတယ်။

ကေအိုင်အိုကို နယ်ခြားစောင့်တပ်ဖွဲ့အသွင် ကူးပြောင်းမယ့် မြန်မာစစ်အုပ်စုရဲ့ကမ်းလှမ်းချက်ဟာ မနှစ်မေလမှာ အတည်ပြုခဲ့တဲ့ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံမှာ နိုင်ငံတခုမှာ တပ်တခုတည်းရှိရမယ်ဆိုတဲ့အချက် ထည့်သွင်းထားတဲ့အပေါ် စတင်အကောင်အထည်ဖော်မှုလို့ ဆိုနိုင်ပါတယ်၊ ကေအိုင်အို၊ ကချင်ပြည်ဒီမိုကရေစီသစ်တပ်မတော် (အန်ဒီအေကေ)၊ လဆန်အောင်ဝါ ငြိမ်းချမ်းရေးအဖွဲ့ သုံးဖွဲ့တို့ ကချင်ပြည်နယ် တိုးတက်ရေးပါတီ (ကေအက်စ်ပီပီ) ကို ဖွဲ့စည်းပြီး နှစ်လခန့်အကြာမှာ အဆိုပြုချက်လည်း ဖြစ်ပါတယ်၊ ဒေါက်တာတူးဂျာတို့ ဦးဆောင်ဖွဲ့စည်းခဲ့တဲ့ ဒီပါတီဟာ ၂၀၁၀ ရွေးကောက်ပွဲမှာ ဝင်ရောက် ယှဉ်ပြိုင်မယ်လို့ ကြေညာထားပါတယ်။

ဒီကိစ္စနဲ့ပတ်သက်လို့ ကေအိုင်အိုခေါင်းဆောင်တွေ နှစ်ရက်သုံးရက်အတွင်း ဆွေးနွေးကြမယ်လို့ ဒေါက်တာတူးဂျာက ပြောပါတယ်၊ အခုကမ်းလှမ်းချက်ကိစ္စဟာ နှစ်ဘက်အကြား အလေးအနက်ထားအချိန်ယူ ဆွေးနွေးရမယ့်ကိစ္စဖြစ်တယ်လို့ ဒေါက်တာ တူးဂျာက မှတ်ချက်ပြုပါတယ်။

"မလွဲမသွေ အပြန်အလှန်ညှိနှိုင်းရမယ့် ကိစ္စရပ်ဖြစ်နေပြီ။ အလေးအနက်ထားပြီး အပြန်အလှန် အချိန်ယူညှိနှိုင်းဆွေးနွေးပြီး အဖြေရှာသွားတာ အကောင်းဆုံးဖြစ်မယ်လို့ ကျနော်တို့အမြင်ရှိပါတယ်၊ ငြိမ်းချမ်းရေးဆိုတာကလည်း ကျယ်ပြန့်တဲ့ ငြိမ်းချမ်းရေးဖြစ်ဖို့လိုအပ်တယ်။ ဒါမှလည်း တည်တံ့ခိုင်မြဲမှာပဲ။ မကျယ်ပြန့်ဘူးဆိုလို့ရှိရင်၊ ယာယီပဲ တည်တံ့မယ်ဆိုရင် ရရှိထားတဲ့ငြိမ်းချမ်းရေးလည်း ဘာမှအကျိုးမရှိနိုင်ဘူး။ ကျယ်ပြန့်တဲ့ ငြိမ်းချမ်းရေးရရှိဖို့ ဘက်ပေါင်းစုံကနေရှုမြင်သုံးသပ်ပြီး၊ အချိန်ယူပြီး စိတ်ရှည်ရှည်နဲ့ ညှိနှိုင်းဆွေးနွေးရမယ်လို့ အမြင်သဘောထားရှိပါတယ်။"

ကေအိုင်အိုနဲ့တွေ့ဆုံခဲ့တဲ့ ဧပြီ ၂၈ ရက်နေ့မှာပဲ စစ်ဘက်ရေးရာ လုံခြုံရေးအဖွဲ့အကြီးအကဲ ဗိုလ်ချုပ်ကြီးရဲမြင့်အပါအဝင် တပ်မတော်ကတပ်မှူးကြီးတွေဟာ ဝ ပြည်သွေးစည်းညီညွတ်ရေး တပ်မတော်အပါအဝင် အပစ်အခတ်ရပ်စဲထားတဲ့ အဖွဲ့တချို့နဲ့တွေ့ဆုံခဲ့ပြီး မတူကွဲပြားတဲ့ အဆိုပြုချက်တွေ ပေးအပ်ခဲ့တယ်လို့ နယ်စပ်သတင်းတွေက ဆိုပါတယ်။ ဝ ပြည်သွေးစည်းညီညွတ်ရေးပါတီကို အင်အား ၃၀၀၀ အထိလျှော့ချဖို့ ကမ်းလှမ်းခဲ့ပေမယ့် ကေအိုင်အိုကိုတော့ အင်အားလျှော့ချဖို့ ကိစ္စမပြောပါဘူး။ ကေအိုင်အို ကချင်လွတ်လပ်ရေးအဖွဲ့ကို ၁၉၆၂ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့မှာ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဌာန်းခွင့်အတွက် ထူထောင်ခဲ့ပြီး ၁၉၉၄ ခုနှစ်မှာ စစ်အုပ်စုနဲ့ အပစ်ရပ်ခဲ့ပါတယ်။ ဒီနောက် အထူးဒေသ ၂ ကို ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရပြီး ကေအိုင်အိုဟာ စစ်အုပ်စုဦးစီးကျင်းပတဲ့ အမျိုးသားညီလာခံကို တက်ရောက်ခဲ့ပါတယ်။ ကေအိုင်အေဟာ ကေအိုင်အိုရဲ့ လက်အောက်ခံတပ်ဖြစ်ပြီး ကချင်ပြည်နယ်ထဲမှာ တပ်မဟာ လေးခုရှိပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်းမှာ တပ်မဟာတခုရှိသလို မိဘိုင်းတပ်မတခုလည်းရှိပါတယ်။ နအဖစစ်အစိုးရရဲ့ ကေအိုင်အိုအပါအဝင် အပစ်ရပ်အဖွဲ့တွေအပေါ် ကမ်းလှမ်းချက်တွေနဲ့ပတ်သက်လို့ ထိုင်း-မြန်မာနယ်စပ် အခြေစိုက်စစ်ရေးအကဲခတ်ဦးဌေးအောင်က သုံးသပ်ပြပါတယ်။

"တိုင်းရင်းသားတွေက သူတို့ရဲ့နိုင်ငံရေးပြဿနာတွေ ဖြေရှင်းဖို့ မကြာသေးခင်က ကျင်းပခဲ့တဲ့အမျိုးသားညီလာခံမှာတက်ရောက် တင်ပြတောင်းဆိုခဲ့ပေမယ့် စစ်အုပ်စုက တချက်မှလိုက်လျောခဲ့တာမရှိဘူး။ အခုအချိန်ကျမှ သူတို့ရဲ့တပ်တွေကို လာပြီးတော့ နအဖရဲ့ တပ်တွေအောက်မှာ ထည့်သွင်းဖွဲ့စည်းမယ်ဆိုတဲ့ပုံစံကိုလည်းပဲ သူတို့အနေနဲ့လက်မခံနိုင်တဲ့ အနေအထားတွေ ရှိနေတာတွေ့ရပါတယ်။

"တချို့အပစ်အခတ်ရပ်စဲရေးအဖွဲ့လေးတွေကတော့ စစ်အုပ်စုရဲ့စီးပွားရေးအရ စည်းရုံးခဲ့မှုတို့၊ လက်နက်အင်အားနဲ့ ခြိမ်းခြောက်မှုတို့အရ စစ်အုပ်စုရဲ့မူအတိုင်း ပြောင်းလဲကောင်း ပြောင်းလဲနိုင်ပေမယ့် ဝသပ တို့လို၊ ကေအိုင်အိုတို့လို၊ မွန်ပြည်သစ်ပါတီတို့လို အင်အားတောင့်တင်းတဲ့ အဖွဲ့ကြီးတွေကတော့ စစ်အုပ်စုရဲ့တောင်းဆိုမှုတွေကို ဘယ်လိုမှ လိုက်လျောနိုင်မယ့် အနေအထားမရှိဘူးလို့ ကျနော်ကတော့ သုံးသပ်ပါတယ်။"

# နာဂစ်ခံရသူအခြေအနေ သုံးပွင့်ဆိုင်အဖွဲ့စစ်ဆေးမည်

**NEJ | မေလ ၈ ။ ။** နာဂစ်မုန်တိုင်းတိုက်ခတ်ခဲ့သည့် ဧရာဝတီတိုင်းနှင့်ရန်ကုန်တိုင်းတို့တွင် လူသားချင်းစာနာမှုအကူအညီများနှင့် အိုးအိမ်အခြေအနေလိုအပ်မှုများအား ဒုတိယအကြိမ်ပြန်လည်သုံးသပ်ရန်အတွက် အာဆီယံ၊ မြန်မာအစိုးရနှင့် ကုလသမဂ္ဂတို့ပါဝင်သော သုံးပွင့်ဆိုင်အဖွဲ့က မြန်မာနိုင်ငံသို့လေ့လာရေးအဖွဲ့များ ယမန်နေ့ကစေလွှတ်လိုက်ကြောင်းသိရပါတယ်။

အဆိုပါအဖွဲ့များက မုန်တိုင်းသင့်ဒေသများမှ လက်ရှိအခြေအနေများအပေါ် အချက်အလက်များကောက်ယူမည်ဖြစ်ကြောင်း နာဂစ်ကယ်ဆယ်ရေးသုံးပွင့်ဆိုင်အဖွဲ့က သတင်းထုတ်ပြန်ပါတယ်။ လေ့လာရေးအဖွဲ့များတွင် အစိုးရဝန်ကြီးဌာနများ၊ အာဆီယံ၊ ကုလသမဂ္ဂ၊ နိုင်ငံတကာနှင့် ပြည်တွင်းအဲန်ဂျီအိုများ ပါဝင်သည့်အဖွဲ့ ၁၅ ဖွဲ့မှ လူပေါင်း ၉၅ ဦးပါဝင်ကာ မြို့နယ်ပေါင်း ၃၀ အတွင်းသွားရောက်စစ်ဆေးမှာဖြစ်ပါတယ်။

ယင်းအဖွဲ့များက နာဂစ်မုန်တိုင်းကျရောက်ရာဒေသများသို့သွားရောက်ပြီး လေဘေးဒုက္ခသည်များအား တွေ့ဆုံမေးမြန်းကာ လူမှုကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအခြေအနေများကို ပြန်လည်သုံးသပ်ကြမည်ဟု သိရပါတယ်။ ထိုသို့လေ့လာသုံးသပ်ရရှိသည့်အချက်အလက်များကို လာမည့်ဂျူလိုင်လတွင် အစီရင်ခံစာတစောင်ထုတ်ပြန်သွားမည်ဟုလည်း သိရပါတယ်။

နာဂစ်ကယ်ဆယ်ရေးအဖွဲ့များမှ ယခင်ထုတ်ပြန်ချက်များတွင် မြန်မာနိုင်ငံနာဂစ်ကျရောက်ရာအချို့ဒေသများတွင် ကလေးများအာဟာရချို့တဲ့မှုခံစားနေရပြီး ဒေသတွင်းရှိကျန်းမာရေးဆေးခန်းများတွင် ဆေးဝါးပြတ်လပ်မှုများတွေ့ရှိရကြောင်း၊ ဒေသအတော်များများတွင် အသက်မွေးဝမ်းကြောင်းမှုအလုပ်အကိုင်များရှားပါးနေကြောင်း ဖော်ပြထားပါတယ်။

ပြီးခဲ့တဲ့နှစ် မေ ၂ ရက်နှင့် ၃ ရက်တွင် တိုက်ခတ်ခဲ့သည့်နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြောင့် လူပေါင်း ၂ သန်း ၄ သိန်းခန့် ထိခိုက်ပျက်ဆီးခဲ့ကြပြီး ရှေ့လာမည့် ၃ နှစ်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများလုပ်ဆောင်ရန် အမေရိကန်ဒေါ်လာ ၆၉၁ သန်းလိုအပ်မည်ဟု ကယ်ဆယ်ရေးအဖွဲ့များက ခန့်မှန်းပါတယ်။

# ILO နဲ့ နေပြည်တော်ဆုံးဖြတ်ချက်အပေါ် အောင်လံအာဏာပိုင်များတုန့်ပြန်

**RFA၊ မေလ ၅။ ။** အစိုးရပိုင်သကြားစက်ကသိမ်းယူသွားတဲ့ အောင်လံကလယ်သမားတွေရဲ့စိုက်ပျိုးမြေတွေကို ပြီးခဲ့တဲ့ မတ်လက ILO ကမ္ဘာ့အလုပ်သမားအဖွဲ့ရဲ့အကူအညီနဲ့ လယ်သမားတွေပြန်ပြီး လုပ်ပိုင်ခွင့်ရရှိသွားတဲ့အကြောင်း RFA ကထုတ်လွှင့်ခဲ့ပါတယ်။

ILO ကမ္ဘာ့အလုပ်သမားအဖွဲ့ရဲ့ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Steve Marshall နဲ့ နေပြည်တော်က ဗိုလ်မှူးကြီးယုလွင်အောင်တို့ ပြီးခဲ့တဲ့ မတ်လ ၁၁ နဲ့ ၁၂ ရက်တွေက လာရောက်ပြီးဒေသခံအာဏာပိုင်တွေ၊ သကြားစက်ဝန်ထမ်းတွေ၊ လယ်သမားတွေနဲ့တွေ့ဆုံစစ်ဆေးပြီးတဲ့နောက် လယ်သမားတွေကို လယ်ယာလုပ်ပိုင်ခွင့်ပြန်လည်ပေးအပ်ခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့် အခုစိုက်ပျိုးရာသီစခါနီး လယ်ယာမြေတွေကိုအစပျိုးဘို့ပြင်ဆင်နေချိန်မှာဘဲ ဒေသခံအာဏာပိုင်တွေရဲ့အမိန့်နဲ့ လယ်ယာမြေတွေပေါ်မှာ လာရောက်ကျူးကျော်ဆောက်လုပ်တာ ထွန်အငှားချတာတွေ ပြုလုပ်နေတဲ့အတွက် ရွာပေါင်း ၁၀ ရွာက လယ်သမား ၅၀ ကျော်တို့က ဒီကိစ္စအရေးယူပေးဘို့ မေလ ၄ ရက်နေ့က တိုင်ကြားထားကြောင်း လက်မှတ်ရေးထိုးရာမှာ တောင်သူဦးသန်းစိုးကအခုလိုပြောပြပါတယ်။

“ကျနော်တို့ရုံးဆိပ်အမှတ် ၅ သကြားစက်က ဗိုလ်မှူးလပုန်းအမိန့်၊ နောက်ကျနော်တို့ ဒရင်ဒဘိုအမှတ် ၆ သကြားစက်က ဗိုလ်မှူးဇော်ဝင်းအမိန့်ဆိုပြီး ဝန်ထမ်းပေါ့ဗျာ ဦးလှရွှေ ဦးဉာဏ်ရှိန်တို့ကနေ ကျနော်တို့တောင်သူလယ်သမားတွေရဲ့မြေပေါ်မှာ တဲအတင်းဝင်ဆောက်တယ်။ ပြီးတော့ စီးပွားရေးအုပ်စုတွေကို မြေငှားတွေချပေးတယ်။ နောက်သူတို့ကိုယ်တိုင်လည်းဘဲ ထွန်သူရင်းငှားတွေ၊ နွားရှင်းခေါ်တာပေါ့။ အတင်းဝင်ရောက်ထွန်ယက်တာတွေ ပေါ်ပေါက်လာတဲ့အခါကျတော့ အခု ၄ ရက် ၅လပိုင်း မနေ့က ILO ရုံးပေါ်တက်ပြီး ဒါဟာ ILO နဲ့ နေပြည်တော်အစိုးရတို့ရဲ့သဘောတူထားတဲ့ ကတိကဝတ်တွေကို ဒေသခံအာဏာပိုင်တွေဟာ ချိုးဖောက်တဲ့အကြောင်း ကျနော်တို့တက်ရောက်တိုင်ကြားတာပါ။”

ဒီဒေသကရွာပေါင်း ၁၀ ရွာမှာနေထိုင်သူ ၁၃,၀၀၀ ကျော်ရှိပြီး လယ်ယာလုပ်ငန်းကိုအဓိကမှီခိုအားထားနေရတဲ့အပြင် ၂၀၀၇ ခုနှစ်ကတည်းက မိမိတို့လယ်ယာတွေမှာ စိုက်ပျိုးခွင့်ဆုံးရှုံးခဲ့ရတာဖြစ်ပါတယ်။ အခု မေလအတွင်း စိုက်ပျိုးရာသီအတွက် ပြင်ဆင်ရမှာဖြစ်တဲ့အတွက်လည်း ဆက်လက်နှောင့်ယှက်ဟန့်တားမှုတွေရှိနေမယ်ဆိုရင် စိုက်ပျိုးရာသီလွန်သွားမှာဖြစ်လို့ လယ်သမားတွေစိုးရိမ်ပူပန်နေတယ်လို့လည်း သိရပါတယ်။

ILO ကမ္ဘာ့အလုပ်သမားအဖွဲ့နဲ့ နေပြည်တော်အထက်ပိုင်းအာဏာပိုင်တွေ အတည်ပြုဆုံးဖြတ်ထားတဲ့အမိန့်ကို ဒေသခံအာဏာပိုင်တွေက အလေးဂရုမပြုဘဲ လုပ်ဆောင်နေတဲ့အပေါ် လယ်သမားတွေရဲ့အမြင်ကိုလည်း ဦးသန်းစိုးကအခုလိုပြောပြပါတယ်။ “နိုင်ငံတော်အစိုးရကလည်း ကျနော်တို့တောင်သူလယ်သမားတွေကို ကနေ့ ILO နဲ့ပူးတွဲဆင်းလာတဲ့အခါကျတော့ ဘာဘဲဖြစ်ဖြစ် ကျနော်တို့တောင်သူလယ်သမားတွေရဲ့ ဒုက္ခဆင်းရဲတွေ အခက်အခဲတွေကို ဖြေရှင်းပေးနိုင်တယ်လို့ကျနော်တို့ယူဆပါတယ်။

သို့သော်လည်းဘဲ ကျနော်တို့ဒေသခံအာဏာပိုင်တွေရဲ့ မတော်လောဘတိုက်မှု၊ သူတို့ကိုယ်ကျိုးစီးပွားရှာမှု၊ အစရှိသည်အားဖြင့် ဒါမျိုးတွေဖြစ်နေကြတဲ့အခါကျတော့ ကျနော်တို့မှာကနေပြည်တော်မှာရှိတဲ့ အကြီးအကဲတွေရဲ့ အမိန့်အာဏာကို သူတို့ဘာကြောင့် ဒီလောက်ဖီဆန်ရဲနေသလဲဆိုတာတောင်မှ ကျနော်တို့စဉ်းစားစရာဖြစ်လာတယ်။

နောက် ကျနော်တို့တောင်သူလယ်သမားတွေဟာ ILO ကွန်ဗင်းရှင်းမှာလည်းဆိုထားတာကိုး အရေးယူဆောင်ရွက်မှု၊ ကျနော်တို့တိုင်တန်းသူကို အရေးယူဆောင်ရွက်မှုမပြုလုပ်ဘူးဆိုတာတို့၊ တိုင်တန်းအရေးယူမှုမလုပ်ဘူးဆိုတာတို့ ဒီလိုမျိုးတွေလည်းရှိတာကိုး။ ဒါဟာ ဘာနည်းဘဲဖြစ်ဖြစ် ကျနော်တို့ကိုအထက်လူကြီးတွေနှုတ်မိန့်ပေးခဲ့တဲ့ လယ်ယာမြေတွေကို ဒီလိုနှောင့်ယှက်ဟန့်တားတာဟာ ကျနော်တို့အနေနဲ့တန်ပြန်အရေးယူမှုနေးတယ်လို့ အောက်ခြေအာဏာပိုင်တွေက ဒီလိုလည်းယူဆပါတယ်။ အာဏာဖီဆန်နေတယ်လို့လည်း ကျနော်တို့ယူဆပါတယ်။

**စာမျက်နှာ ၂၂ မှ**

ဒီရေကိုပဲသုံးရတယ်။ သောက်ရေကို ဝယ်ပြီးသောက်နိုင်တဲ့လူက ရေသန့်ဗူးဝယ်သောက်တယ်။ ဝယ်မသောက်နိုင်တဲ့လူက ဒီရေကို ကြိုချက်သောက်တယ်။ ကြိုချက်မသောက်နိုင်တော့ ဒါပဲသောက်ရတယ်။ အခု အဲ့လိုကိုသောက်မရတဲ့အဆင့်ဖြစ်နေတော့ စိမ့်တွင်းတွေ ဘာတွေကနေပေါ့ ၁၀ ဂါလံဝင်ပုံး တပုံးကို ၁၅၀၊ ရေစည် တပေပါဆိုရင် ၁၈၀၀ နှုန်းလောက်သွားကျတယ်။ “အဲလိုတွေ တင်ပြလာတဲ့အတွက် ကျန်းမာရေးနဲ့မညီညွတ်သော ရေများပေးဝေနေမှုကို ကန့်ကွက်ကြောင်းနှင့် မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က သန့်ရှင်းသောရေများပေးဝေနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးပါရန် တောင်းဆိုကြောင်းဆုံးဖြတ်သည်။”

ဒီတောင်းဆို ဆုံးဖြတ်ချက်ကို လာမယ့်ရက်ပိုင်းအတွင်း စည်ပင်ကိုသွားရောက် စာတင်မယ်လို့လည်း ဒေါ်မြင့်မြင့်အေးကပြောပါတယ်။ အဲဒီ စည်းဝေးပွဲကို မိတ္ထီလာ၊ သာစည်နဲ့ ဝမ်းတွင်း သုံးမြို့နယ်က စည်းအဖွဲ့ဝင်တွေတက်ရောက်ခဲ့ကြပါတယ်။

# အပစ်ရပ်အဖွဲ့တွေကို နအဖဖြိုခွဲနေ

**RFA၊ မေလ ၆။ ။** မြောက်ပိုင်းအခြေစိုက် ဝပသ အပါအဝင် အပစ်အခတ်ရပ်စဲရေးအဖွဲ့တွေကို နယ်ခြားစောင့်တပ်တွေအဖြစ် ပြောင်းလဲဖွဲ့စည်းဘို့ စစ်အစိုးရကပြောဆိုလိုက်တဲ့ကိစ္စဟာ ၂၀၀၈ ခုနှစ်၊ စစ်အစိုးရဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံစည်းမျဉ်းအတိုင်း လက်နက်ကိုင်တပ်အားလုံးကို ကာကွယ်ရေးဦးစီးချုပ်လက်အောက်သွတ်သွင်းရေးကိုအကောင်အထည်ဖော်တာဖြစ်ကြောင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေပါဝင်ဖွဲ့စည်းထားတဲ့ NDF တိုင်းရင်းသားတပ်ပေါင်းစုက ဆိုလိုက်ပါတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး NDF ခေါင်းဆောင်တဦးဖြစ်တဲ့ ခွန်ဥက္ကာကအခုလိုပြောပါတယ်။ “နည်းပရိယာယ်အခန်းဘဲခင်ဗျ။ နအဖ ကတော့ တိုင်းရင်းသားလက်နက်ကိုင်တွေကို မရှိရေး၊ နံပါတ် ၁ ရည်ရွယ်ချက်ကတော့ လုံးဝမရှိရေး။ ရှိမယ်ဆိုရင်တောင်မှာ ကာကွယ်ရေးစစ်ဦးစီးချုပ်လက်အောက်မှာရောက်ရှိရေး ဖွဲ့စည်းပုံအရ။ ဒီတော့ သူတို့ကပြင်ဆင်နေတဲ့အခါကျတော့ အခုလိုလျှော့တာတို့၊ နယ်စပ်စောင့်ရဲလုပ်ခိုင်းတာတို့၊ ဒါတွေအားလုံးကနည်းပရိယာယ်အခန်းပါဘဲ။ ဘယ်လိုဘဲဖြစ်ဖြစ် သူအပစ်အခတ်ရပ်ထားတဲ့အဖွဲ့တွေကို ဖြိုခွဲနေပြီလို့ပြောရင်လည်းမမှားဘူးပေါ့။”

၁၉၈၈ ခုနှစ်လောက်ကတည်းက စတင်ခဲ့တဲ့အပစ်အခတ်ရပ်စဲရေးဟာ တိုင်းရင်းသားအင်အားစုတွေအတွက် ကောင်းတဲ့အကျိုးရလာဒ် ဖြစ်ထွန်းခဲ့တာထက် တိုင်းရင်းသားအင်အားစုတွေနဲ့ ဒီမိုကရေစီအင်အားစုတွေအကြား ခွဲခြားခံထားရတဲ့အကျိုးကိုသာ ပိုမိုဖြစ်ထွန်းစေခဲ့ကြောင်း ဦးခွန်ဥက္ကာကပြောပါတယ်။ စစ်အစိုးရပြောဆိုချက်အတိုင်း လိုက်နာလုပ်ဆောင်ပါက သက်ဆိုင်ရာတိုင်းရင်းသားအဖွဲ့အစည်းအနေနဲ့ ဆုံးရှုံးမှုသာကြုံရမှာဖြစ်တယ်လို့ ပြောပါတယ်။

NDF အနေနဲ့စစ်အစိုးရကို ရင်ဆိုင်ခုခံတိုက်ခိုက်နိုင်မယ့် နိုင်ငံရေး၊ စစ်ရေးအင်အားစုတရပ်ပေါ်ထွန်းရေးကိုကြိုးပမ်းနေပြီး စစ်အစိုးရကတိုင်းရင်းသားအင်အားစုတွေကို စစ်ရေးအရဖိအားပေးလာပါက တိုင်းရင်းသားအင်အားစုတွေအနေနဲ့ စုပေါင်းပြီးခုခံတိုက်ပွဲဝင်ဘို့ဆိုတဲ့နည်းလမ်းတရပ်သာ အဓိကရှိတော့ကြောင်း NDF ခေါင်းဆောင်တဦးဖြစ်တဲ့ ဗိုလ်မှူးကြီးခွန်ဥက္ကာကပြောပါတယ်။

NDF တိုင်းရင်းသားလက်နက်ကိုင်တပ်ပေါင်းစုမှာ ကရင်၊ ကရင်နီ၊ မွန်၊ ပအို့၊ ရခိုင်၊ ချင်း၊ ဝ၊ ပလောင်စတဲ့အဖွဲ့တွေပါဝင်ပြီး မွန်ပြည်သစ်ပါတီကလွဲရင်ကျန်တဲ့အဖွဲ့တွေက စစ်အစိုးရနဲ့အပစ်အခတ်ရပ်စဲထားခြင်းမရှိပါဘူး။ ဒီအဖွဲ့အစည်းမှာအရင်က KIO ကချင်အဖွဲ့လည်းပါဝင်ခဲ့ပေမယ့် အပစ်အခတ်ရပ်စဲရေးလုပ်ပြီးနောက်ပိုင်း တပ်ပေါင်းစုမှာဆက်လက်ပါဝင်လှုပ်ရှားခြင်း မရှိတော့ပါဘူး။

# နယ်ခြားစောင့်တပ်ဖွဲ့ရန် နအဖ ဖိအားပေးသည်ကို ဝ တပ်မှ လက်မခံ

**DVB | မေ ၅ ။** ။ နအဖစစ်တပ်ပြီးရင် မြန်မာပြည်မှာ ဒုတိယအင်အားအတောင့်ဆုံးဖြစ်တဲ့ UWSA ဝ ပြည် သွေးစည်းညီညွတ်ရေးတပ်မတော်ကို အင်အားလျှော့ချပြီး နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းဖို့ နအဖက လုပ်ဆောင်နေတယ်လို့ သိရပါတယ်။

ပြီးခဲ့တဲ့လ ၂၈ ရက်နေ့က ဝ ခေါင်းဆောင်တွေနဲ့ နအဖထိပ်တန်းစစ်ဘက်အရာရှိ ဗိုလ်ချုပ်ရဲမြင့်တို့ ရှမ်းပြည်မြောက်ပိုင်း တန့်ယန်းမြို့မှာ တွေ့ဆုံစဉ် အင်အား ၃ သောင်းရှိတဲ့ ဝ အင်အားကို ၃ ထောင်အထိ လျှော့ချပြီး ဝ ခေါင်းဆောင်တွေအနေနဲ့ နိုင်ငံရေးပါတီထောင်ဖို့ ပြောကြားခဲ့တယ်လို့ အမည်မဖေါ်လိုတဲ့ ဝ တပ်မှူးတဦးက အတည်ပြုပြောပါတယ်။

"ကျနော်တို့ ဝ ပြည်နယ်ပြည်သူ့အစိုးရက လက်မခံချင်ဘူး။ နိုင်ငံရေးပါတီဖွဲ့ခိုင်းပြီး ရွေးကောက်ပွဲဝင်ရမယ်လို့ ကမ်းလှမ်းထားတာ တွေ့တယ်။ ဗဟိုကော်မတီကလည်း ဘာမှအကြောင်းမပြန်သေးပါဘူး။ နယ်ခြားစောင့်တပ် အင်အားနဲ့ပတ်သက်ပြီးတော့ အင်အား ၃ ထောင်လို့သူတို့ပြောတယ်။ သူတို့အင်အား စစ်အင်အားက ၃ သောင်းကျော်တယ်။ ကျန်တဲ့လူက လက်နက်သိမ်းမှာပေါ့။ ကေအန်ယူလို သူတို့က သွေးခွဲတော့မှာပဲ။ ဒီကောင်တွေလုပ်တဲ့ပုံက ကျနော်တို့လုံးဝလက်မခံနိုင်ဘူး။ ကျနော်တို့လူကြီးတွေကလေ၊ အင်အား ၃ ထောင်ဆိုတာ တပ်ကိုခွဲထုတ်တာပဲ၊ ကျနော်တို့တပ်ကို ကျနော်တို့ဦးစီးမှာပဲ ကျနော်တို့တပ်ကို ကျနော်တို့အုပ်ချုပ်မယ်၊ ကျနော်တို့တပ်အပြင်မရောက်ဖို့ အရေးကြီးတယ်လေ။ အောက်ကလူလည်း လက်ခံမှာမဟုတ်ဘူး၊ စဉ်းစားကြည့် လေ၊ နှစ်ပေါင်း ၃–၄ ဆယ် ချွေးနဲ့သွေးနဲ့ လဲလှယ်ယူပြီးတော့ တိုက်ခိုက်လာတဲ့ အင်အားတပ်ဖွဲ့ကြီးဖြစ်တယ်။ အဲ့ဒါ အလွယ်တကူ ပြည်သူ့စစ်အဖြစ်နဲ့လက်ခံဖို့တော့ မဖြစ်နိုင်ဘူးလေ။"

ဝ တပ်ဖွဲ့အနေနဲ့ ခိုင်မာတဲ့ဆုံးဖြတ်ချက် မှုဝါဒချထားပြီးဖြစ်လို့ ကျူးကျော်ရန်စမှုတွေကို တွန်းလှန်သွားမယ်လို့ သူကပဲပြောပါတယ်။

"ကျနော်တို့ မူကတော့ ရှိပါတယ်။ အလံနှစ်ခုကိုင်ထားတယ်။ နံပါတ် ၁ ငြိမ်းချမ်းရေးအလံကို ကျနော်တို့ ကိုင်ထားမယ်။ နံပါတ် ၂ မိမိ ဝ ပြည်နယ်ကို ကာကွယ်ဖို့ ကျနော်တို့တပ်မတော်ရှိတယ်။ ကျနော်တို့အရင်တုန်းက အစိုးရကို မတိုက်ဘူး။ သူတို့လာဝင်တိုက်တယ်၊ လာစော်ကားတယ်။ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ အခွင့်အရေးရှိပြီးသား။ ကျနော်တို့ပြည်နယ် ကျနော်တို့ကာကွယ်မယ်။ သူများကို ကျူးကျော်ရန်စမှာမဟုတ်ဘူး။ လာရန်စတဲ့လူမှန်သမျှ ကျနော်တို့က ရွတ်ရွတ်ချွန်ချွန်တိုက်ထုတ် ကာကွယ်သွားမယ်။"

ဝ တပ်ဖွဲ့ရဲ့ သဘောထားကိုလာမယ့် ဇွန် ၃၀ ရက်နေ့မှာ အကြောင်းပြန်ဖို့ နအဖကတောင်းဆိုထားတယ်လို့လည်း သိရပါတယ်။ ဝ တပ်ဖွဲ့ကို အင်အားလျှော့ချပြီး နယ်ခြားစောင့်တပ်ဖွဲ့ခိုင်းနေသလို ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ကိုလည်း အလားတူ နယ်ခြားစောင့်တပ်ဖွဲ့ဖို့ ဧပြီ ၂၈ ရက်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှာ ဆွေးနွေးခဲ့ပြီး ဒီလမကုန်ခင် နောက်တကြိမ် ထပ်ဆွေးနွေးဖို့ရှိတယ်လို့လည်း တရုတ်မြန်မာနယ်စပ်ကလာတဲ့ သတင်းတွေအရ သိရပါတယ်။ ဝ တပ်ဖွဲ့အပါအဝင် ငြိမ်းချမ်းရေးအဖွဲ့တွေကို နအဖက နယ်ခြားစောင့်တပ်ဖွဲ့ဖွဲ့ခိုင်းနေတဲ့အပေါ် တရုတ်–မြန်မာနယ်စပ် စစ်ရေးလေ့လာသူ ဦးအောင်ကျော်ဇောက သုံးသပ်ဝေဖန်ပါတယ်။

"အခုက လက်နက်ရော၊ တပ်ရော အပ်ရမယ့်သဘောဖြစ်တယ်။ ပိုဆိုးတာက လက်နက်နဲ့တပ် အပ်ပြီးရင် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းတွေမရှိတော့ဘူး။ ဝ ပြည်နယ်အစိုးရလည်း မရှိတော့ဘူး။ နောက်အထူးဒေသ ၁ ရယ်၊ ကိုးကန့်ဒေသအစိုးရလည်း မရှိတော့ဘူး။ ဒေသအသီးသီးမှာရှိတဲ့ အုပ်ချုပ်ရေးယန္တရားကို လုပ်ကိုင်နေတဲ့ လူမျိုးစု မူလအဖွဲ့တွေရဲ့ အချို့ဟာတွေ မရှိတော့ဘူး။ ပါတီဖွဲ့ရင် ပါတီရှိမယ်။ ပါတီထောင်ပြီး တရားဝင်ရွေးကောက်ပွဲကို ဝင်ရမယ်။ လူမျိုးစုအဖွဲ့အစည်းတွေ ရွေးကောက်ပွဲဝင်တဲ့အတွက် သူရဲ့ရွေးကောက်ပွဲရဲ့တရားဝင်မှု ပိုပြီး ခိုင်လုံသွားအောင် လုပ်သလိုဖြစ်တယ်။ ယေဘုယျပြောရမယ်ဆိုရင် နိုင်ငံရေးအရ အမြတ်အစွန်းထွက်တာပေါ့ဗျာ။"

# လူ့အခွင့်အရေးညီလာခံ မြန်မာအတိုက်အခံအဖွဲ့တက်

**RFA | မေလ ၅ ။** ။ အာဆီယံဒေသတွင်း ထိရောက်ကောင်းမွန်တဲ့ လူ့အခွင့်အရေးဆောင်ရွက်မှုတွေရှိလာဖို့အတွက် အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာမြို့တော်မှာ မေလ ၄ ရက်နဲ့ ၅ ရက်နေ့တွေမှာ နိုင်ငံတကာနဲ့ဒေသဆိုင်ရာ လူ့အခွင့်အရေးအဖွဲ့စည်းတွေက ၂ ရက်ကြာ ညီလာခံတရပ်ကိုကျင်းပခဲ့ပါတယ်။

ဒီညီလာခံကို မြန်မာနိုင်ငံအနေနဲ့ အတိုက်အခံအင်အားစုတွေထဲကနေ ကိုယ်စားလှယ်အဖြစ် မြန်မာ့မိတ်ဆွေများအသင်း Burma Partnership ကဦးစိုးအောင်တက်ရောက်ခဲ့ပါတယ်။ သူကအခုလိုရှင်းပြပါတယ်။ "ဒေသဆိုင်ရာလူ့အခွင့်အရေးနဲ့ပတ်သက်တဲ့ Expert တွေ၊ ကျွမ်းကျင်သူတွေ၊ နောက် အာဖရိကပါမယ်၊ အမေရိကတိုက်များပါမယ်၊ ပြီးရင် ဥရောပပါမယ်၊ အဲဒီက expert တွေနဲ့တွေ့ဆုံဆွေးနွေးကြတဲ့ ဆွေးနွေးပွဲတခုပေါ့။ အဲဒါ ရည်ရွယ်ချက်ကဘာလည်းဆိုရင် လာမယ့် ဂျူလိုင်လမှာအတည်ပြုမှာဖြစ်တဲ့ ASEAN Human Rights Body ကို ကျနော်တို့ ဒီလူထုအခြေပြုအဖွဲ့အစည်းတွေကနေ"

အရှေ့တောင်အာရှအသင်းကြီးကနေ ပြဋ္ဌာန်းလိုက်တဲ့ပဋိဉာဉ်စာချုပ်အရ ဖွဲ့စည်းမယ့် လူ့အခွင့်အရေးဌာနဟာ လာမယ့် ဂျူလိုင်လမှာအတည်ပြုတော့မှာဖြစ်ပါတယ်။ အာဆီယံလူ့အခွင့်အရေးအဖွဲ့ကြီးပေါ်ပေါက်လာတဲ့အခါ ဒေသတွင်းပြည်သူတွေအတွက် ထိရောက်အကျိုးရှိအောင် ဘယ်လိုဆောင်ရွက်သင့်တယ်ဆိုတာကို ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ အခုလိုအစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေကစုဝေးတိုင်ပင်ကြတာဖြစ်ပါတယ်။

ဒီအစည်းအဝေးကို အာဖရိက၊ လက်တင်အမေရိကနဲ့ဥရောပတိုက်တွေမှာ ဒေသဆိုင်ရာလူ့အခွင့်အရေးအဖွဲ့တွေနဲ့ပတ်သက်ပြီး အတွေ့အကြုံရှိသူတွေ၊ ကျွမ်းကျင်သူတွေတက်ရောက်သလို အာဆီယံနိုင်ငံတွေက အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကအကြီးအကဲတွေ၊ ဒေသတွင်းဦးဆောင်လှုပ်ရှားနေတဲ့ လူ့အခွင့်အရေးအဖွဲ့အစည်းတွေ တက်ရောက်ခဲ့ပါတယ်။

# လက်နက်များ မြန်မာဘက်တွင်ဖမ်းမိ

**DVB | မေ ၄ ။** ။ ထိုင်း–မြန်မာနယ်စပ် တာချီလိတ်နယ်စပ်ဂိတ်မှာ ဒီကနေ့ညနေပိုင်း ၂ နာရီကျော်က ထိုင်းနိုင်ငံဘက်ကလာတဲ့ ကားတစီးပေါ်မှာ လက်နက်ပစ္စည်းတွေဖမ်းမိတယ်လို့ အမည်မဖော်လိုတဲ့ အာဏာပိုင်နဲ့နီးစပ်သူတယောက်က ပြောပါတယ်။

ကားပေါ်မှာပါတဲ့လက်နက်တွေကတော့ ပစ္စတိုတလက်နဲ့ကျည်ဆံ ၅၀၀ တောင့်၊ အေကေ ၄၇ ခေါက်တင်တလက်၊ ၅၂၂ တလက်၊ စနိုင်ပါ တလက်၊ ကျဉ်ကာအင်္ကျီတထည်၊ အေကေ ၄၇ ကျည်ဆံ ဖြ၁ တောင့်နဲ့ ၅၂၂ ကျည် ၅၀ တောင့်ဖြစ်ပါတယ်။ ထိုင်းဘက်ကလာတဲ့ အဖြူရောင် ကားနံပါတ် ၄၃၄ဖြ ကားပေါ်မှာဖမ်းမိခဲ့တာဖြစ်ပြီး ကားမောင်းသူဟာ အသက် ၃၅ နှစ်အရွယ် ထိုင်းလူမျိုးဆုရချိုင်းဖြစ်ပါတယ်။ အဲဒီကားဟာ မြန်မာနိုင်ငံဘက် တာချီလိတ်ကနေ ထိုင်းနိုင်ငံမယ်ဆိုင်ကို ကျောင်းတက်တဲ့ ကလေးငယ်တွေကို အကြိုအပို့လုပ်တဲ့ကားဖြစ်ပြီး ဖမ်းဆီးမိချိန်မှာ ကားပေါ်မှာ မူကြိုကလေး ၁၁ ဦးနဲ့ ကျောင်းဆရာမတဦးတို့ရှိနေပါတယ်။

တာချီလိတ်အကောက်ခွန်ဂိတ်ကို ကျော်သွားပြီး ကားပေါ်မှာအဝတ်တွေနဲ့ဖုံးထားတဲ့ပစ္စည်းကို မသင်္ကာလို့ တာဝန်ကျရဲတွေက ခေါ်ယူစစ်ဆေးရာမှ အခုလို လက်နက်မိတာ ဖြစ်ပါတယ်။ လက်နက်တွေကို ဘယ်ကိုပို့မှာလဲ ဆိုတာကိုတော့ ကားသမားဆုရချိုင်းကို စစ်ဆေးနေဆဲဖြစ်ပြီး သူ့ကို တာချီလိတ်မြို့နယ်စခန်းမှာအမှုဖွင့်ထားတယ်လို့ အမည်မဖေါ်လိုတဲ့ အာဏာပိုင်နဲ့နီးစပ် သူတယောက်က ပြောပါတယ်။ အဆိုပါကားကိုလည်း တာချီလိပ်မြို့နယ်ရဲစခန်းမှာ ပို့ထားပြီး မနက်ဖြန်ရမန်ယူမှာဖြစ်ပါတယ်။ အရင်တုန်းက မြန်မာဘက်က မူးယစ်ဆေးဝါးတွေကို ထိုင်းအာဏာပိုင်တွေက မကြာခဏ ဖမ်းဆီးရမိပေမယ့် ထိုင်းဘက်က လက်နက်ဖမ်းမိတာ ဒါပထမဆုံးအကြိမ်ဖြစ်ပါတယ်။

# စီးပွားရေးပိတ်ဆို့အရေးယူမှုအကြောင်း တစေ့တစောင်း

ခင်မမျိုး

အခုတလော စီးပွားရေးပိတ်ဆို့အရေးယူမှုနဲ့ပတ်သက်တဲ့အသံတွေ ကျယ်ကျယ်လောင်လောင်ကြားနေရပါတယ်။ ဖိုရမ်တွေမှာ၊ မီဒီယာတွေမှာ၊ Chat room တွေမှာ ငြင်းကြ၊ ခုန်ကြ၊ ရန်ဖြစ်ကြ၊ အမုန်းတွေပွားကြ၊ ဆွေးနွေးတဲ့အကြောင်းအရာနဲ့ လုံးဝမပတ်သက်တော့တဲ့ ကိုယ်ရေးကိုယ်တာတွေကို အမြစ်လှန်တူးဖော်ပြီး တယောက်နဲ့တယောက် တိုက်ခိုက်ကြနဲ့ဖြစ်နေပါတယ်။

တကယ်တော့ စီးပွားရေးပိတ်ဆို့အရေးယူမှုဆိုတဲ့ သဘောတရားဟာ နိုင်ငံတကာအဆင့်ကနေ တဦးချင်းအဆင့်တွေအထိ ပတ်သက်ဆက်နွှယ်နေသလို ကြည့်မြင်တဲ့ရှုဒေါင့်ပေါ်မှာမူတည်ပြီး အမြင်မျိုးစုံကွာခြားတာကြောင့် အဖြေမှန်တခုတည်းရှိမှာမဟုတ်ပါဘူး။ အခုဒီဆောင်းပါးမှာ စီးပွားရေးပိတ်ဆို့အရေးယူမှု အခြေခံသဘောတရားနဲ့ ရည်ရွယ်ချက်တွေကို ရေးသားတင်ပြပါတယ်။

## စီးပွားရေးပိတ်ဆို့မှုဆိုရာဝယ်

အိမ်တအိမ်မှာ မိသားစုဝင်တဦးက တဦးချင်းကိုဘဲဖြစ်ဖြစ်၊ အများစုကိုဘဲဖြစ်ဖြစ် ထိခိုက်စေတဲ့ လုပ်ငန်းဆောင်တာတွေပြုလုပ်တဲ့အခါ မိသားစုအကြီးအကဲကဘဲဖြစ်ဖြစ်၊ ကျန်တဲ့မိသားစုဝင်တွေကဘဲဖြစ်ဖြစ် ဒဏ်ခတ်အရေးယူမှုပြုလုပ်ပါတယ်။ ဒီလိုဘဲ ရပ်ရွာထဲမှာနေထိုင်သူတယောက်ယောက်က ရပ်ရွာအကျိုးကိုထိခိုက်စေတဲ့ လုပ်ငန်းဆောင်တာတွေဘဲဖြစ်ဖြစ်၊ ရပ်ရွာထဲကနေထိုင်သူတယောက်ယောက်ကို ထိခိုက်စေတာဘဲဖြစ်ဖြစ် ပြုလုပ်လာတဲ့အခါမှာ ဒီရပ်ရွာရဲ့တရားဥပဒေအရ အရေးယူဆောင်ရွက်မှုဆိုတာရှိလာပါတယ်။ လူ့အဖွဲ့အစည်းမှာဒါတွေဟာ နေ့စဉ်နဲ့အမျှဖြစ်ပျက်နေတဲ့ အရာတွေပါဘဲ။

အဲ...ဒီအခါမှာ လူအများရဲ့အကျိုးစီးပွားကို နိုင်ငံတော်အဆင့်အနေနဲ့ ထိခိုက်လာပြီဆိုတဲ့အခါမှာရော ဆိုတဲ့မေးခွန်းက မေးစရာဖြစ်လာပါတယ်။ Realism ရှုထောင့်အနေနဲ့ကြည့်မယ်ဆိုရင် နိုင်ငံတွေရဲ့အထက်မှာ ဘယ်သူမှမရှိပါဘူး။ ဒီတော့ နိုင်ငံတော်အဆင့်အနေနဲ့ လူအများရဲ့အကျိုးစီးပွားကိုထိခိုက်မှုတွေ ဥပမာ... မိမိနိုင်ငံတွင်းမှာ မှီတင်းနေထိုင်တဲ့ပြည်သူလူထုရဲ့ လူ့အခွင့်အရေးတွေကို ပိတ်ပင်စော်ကားမှုတွေ၊ နိုင်ငံတော်အကြမ်းဖက်ပြုလုပ်တာတွေ၊ နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုတွေကို အားပေးဆောင်ရွက်တာတွေ၊ လူအများစုသေကြေပျက်ဆီးစေနိုင်မယ့် လက်နက်ခဲယမ်းထုတ်လုပ်မှုတွေ) ကိုလုပ်ဆောင်လာတဲ့အခါ ဘယ်သူတွေက အရေးယူမှာလည်းဆိုတာက စဉ်းစားစရာဖြစ်လာပါတယ်။ ဒီအတွက် နိုင်ငံတကာအဖွဲ့အစည်းတွေပေါ်လာတယ်၊ နိုင်ငံတကာဥပဒေတွေပေါ်လာတယ်၊ ဒီဥပဒေတွေကို တနိုင်ငံချင်းကဘဲဖြစ်ဖြစ်၊ စုပေါင်းဘဲဖြစ်ဖြစ်အသုံးပြုပြီး တရားဥပဒေစိုးမိုးဖို့ ဆောင်ရွက်လာကြတယ်။ အပြည်ပြည်ဆိုင်ရာတရားရုံးတွေပေါ်လာတယ်။

လူတွေမှာကိုယ်ကျိုးစီးပွားအတွက် ဘက်လိုက်မှုဆိုတာရှိသလို နိုင်ငံတော်အဆင့်တွေမှာလည်း ကိုယ်ကျိုးစီးပွားဘက်လိုက်မှုဆိုတာလေးတွေ ရှိတာအတွက်ကြောင့် နိုင်ငံတကာတရားဥပဒေတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ အပြည်ပြည်ဆိုင်ရာတရားရုံးတွေရဲ့ ထိရောက်စွာဆောင်ရွက်နိုင်မှုတွေမှာလည်း အားနည်းချက်လေးတွေကတော့ ရှိနေဆဲပါဘဲ။ ဒါပေမယ့် ရပ်ရွာထဲမှာ တရားဥပဒေမရှိတာထက်စာရင် ထိရောက်မှုနည်းပေမယ်လည်း ရှိတာက ခံသာသလို နိုင်ငံတော်အဆင့်တွေမှာလည်း အများပြည်သူရဲ့အကျိုးစီးပွားကို ထိခိုက်စေတဲ့နိုင်ငံတွေနဲ့ အစိုးရတွေကို အရေးယူဒဏ်ခတ်မှုရှိတာက ပိုမိုကောင်းမွန်တာကြောင့် နိုင်ငံတခုချင်းကဘဲဖြစ်ဖြစ်၊ နိုင်ငံအများစုကဘဲဖြစ်ဖြစ်ပြုလုပ်တဲ့ Unilateral Sanction, Bilateral Sanction, Multilateral Sanction တွေပေါ်ပေါက်လာပါတော့တယ်။

ဒီလို Sanction တွေလုပ်ကြတဲ့အခါမှာ သံတမန်ရေး၊ စီးပွားရေး၊ စစ်ရေး၊ စသဖြင့် အမျိုးမျိုးရှိပါတယ်။ သံတမန်ရေးအရအရေးယူမှုဆိုတာက သံတမန်ရေးရာဆက်နွှယ်မှုတွေကိုလျှော့ချတာ၊ ဒါမှမဟုတ် ဖယ်ရှားပြစ်တာဖြစ်ပြီး စစ်ရေးအရအရေးယူမှုဆိုတာကတော့ စစ်ရေးအရဝင်ရောက်စွက်ဖက်မှုကို ဆိုလိုတာဖြစ်ပါတယ်။ အခုဒီဆောင်းပါးမှာ စီးပွားရေးပိတ်ဆို့မှု Economic Sanction ကိုအဓိကထားပြီးဖော်ပြပါမယ်။

စီးပွားရေးပိတ်ဆို့မှုဆိုတာကို Routledge ဘောဂဗေဒအဘိဓာန်ထဲမှာ နိုင်ငံတခုရဲ့အခြေခံနိုင်ငံရေးစနစ် သို့မဟုတ် ပေါ်လစီများကိုပြောင်းစေဖို့အတွက် အဲဒီနိုင်ငံအပေါ်မှာ အခြားနိုင်ငံတခုကဖြစ်စေ၊ နိုင်ငံအများစုကဖြစ်စေပြုလုပ်တဲ့ ကုန်သွယ်မှုအတားအဆီးနဲ့ ကုန်သွယ်မှုနှင့်ဘဏ္ဍာရေးဆိုင်ရာ ပြစ်ဒဏ်ခတ်အရေးယူမှုများလို့ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ ဒီလိုစီးပွားရေးပိတ်ဆို့အရေးယူမှုကို နိုင်ငံခြားရေးမူဝါဒအနေနဲ့ အသုံးပြုခဲ့တာအခုမှမဟုတ်ပါဘူး။ BC-25th; Century လောက်က အေသင်နိုင်ငံရဲ့အကြီးအကဲဖြစ်တဲ့ Pericles က အေသင်ရဲ့ရန်သူဖြစ်တဲ့ စပါတာတွေဘက်ရပ်တည်ခဲ့တဲ့ Megra ဆိုတဲ့မြို့ပြနိုင်ငံလေးကို ကုန်သွယ်မှုပိတ်ဆို့ဘို့ အေသင်အင်ပါယာတခုလုံးကို အမိန်ပေးခဲ့ဘူးပါတယ်။

နောက်ပိုင်းကာလတွေမှာ ကမ္ဘာ့နိုင်ငံများအကြားက ဒီလိုပိတ်ဆို့အရေးယူမှုလေးတွေ ကြိုကြားကြိုကြားပေါ်ပေါက်ခဲ့ပေမယ့် နှစ်ဆယ်ရာစုကနဦးပိုင်းကစပြီး ကမ္ဘာ့နိုင်ငံရေးမှာ စီးပွားရေးပိတ်ဆို့အရေးယူမှုတွေ အများအပြားပေါ်ပေါက်လာခဲ့ပါတော့တယ်။ ဥပမာ... ၁၉၁၄–၁၉၁၈ ကာလက ဗြိတိန်နိုင်ငံရဲ့ ဂျာမဏီနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုတွေ၊ Co-Com လို့ခေါ်တဲ့ နေတိုးအုပ်စုနဲ့ဂျပန်ကနေ ဆိုဗီယက်ပြည်ထောင်စုအပေါ် ပိတ်ဆို့အရေးယူမှုတွေ၊ ကမ္ဘာ့ကုလသမဂ္ဂကနေ ၁၉၉၀–၂၀၀၃ ကာလမှာ အီရတ်နိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုတွေ၊ စတာတွေဖြစ်ပါတယ်။ ၁၉၆၅ ခု၊ စူးအက်အရေးမှာတုန်းကဆိုရင် အမေရိကန်ပြည်ထောင်စုဟာ သူ့ရဲ့မဟာမိတ်နိုင်ငံတွေဖြစ်တဲ့ ဗြိတိန်၊ ပြင်သစ်နဲ့ အစ္စရေးနိုင်ငံတို့ကိုပါ စီးပွားရေးအရ ဒဏ်ခတ်အရေးယူမှုတွေရှိခဲ့ပါတယ်။

ဒီလိုစီးပွားရေးပိတ်ဆို့အရေးယူမှုတွေ ပြုလုပ်ရတဲ့ရည်ရွယ်ချက်ကလည်း အမျိုးမျိုးရှိပါတယ်။ ပစ်မှတ်နိုင်ငံကပေါ်လစီတွေပြုပြင်ပြောင်းလဲဖို့ကနေ ပစ်မှတ်နိုင်ငံရဲ့ ခေါင်းဆောင်ပြောင်းလဲမှု၊ အစိုးရပြောင်းလဲမှုစတာတွေအထိ ရည်ရွယ်ချက်ပုံစံအမျိုးမျိုးကွာခြားပါတယ်။ နိုင်ငံရေးပညာရှင် Barbour ကတော့ Primary Objective, Secondary Objective နဲ့ Tertiary Objective ဆိုပြီး အမျိုးအစားသုံးမျိုးခွဲခြားဖော်ပြခဲ့ပါတယ်။ Primary Objective ကတော့ ပစ်မှတ်နိုင်ငံရဲ့ပြုမူဆောင်ရွက်မှု၊ အုပ်ချုပ်ရေးနဲ့ပေါ်လစီရေးရာ ပြောင်းလဲမှုတွေပါ။ ဥပမာ... အီရန်နိုင်ငံမှာ နယူးကလီးယားလက်နက်ထုတ်လုပ်ဘို့ကို တားဆီးဘို့အတွက် အမေရိကန်ပြည်ထောင်စုရဲ့စီးပွားရေးပိတ်ဆို့အရေးယူမှု၊ Rhodesia နိုင်ငံမှာ တရားဥပဒေစိုးမိုးရေးနဲ့ ငြိမ်ဝပ်ပိပြားရေးရရှိလာဘို့အတွက် စီးပွားရေးပိတ်ဆို့အရေးယူမှု စတာတွေဖြစ်ပါတယ်။

Secondary Objective ကတော့ Economic Sanction ပြုလုပ်တဲ့အစိုးရတွေအနေနဲ့ သူတို့နိုင်ငံကပြည်သူတွေရဲ့ထောက်ခံအားပေးမှုကိုရရှိဘို့ Credibility ရဘို့ဖြစ်ပါတယ်။ Tertiary Objective ကတော့ အပြည်ပြည်ဆိုင်ရာအဆင့် တွေးခေါ်မှုတွေနဲ့ဆိုင်ပါတယ်။ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ အဆင့်အတန်းမြှင့်တင်ရေး၊ နိုင်ငံတကာဥပဒေတွေရဲ့ အသုံးဝင်မှုကိုဖော်ဆောင်ရေး၊ နိုင်ငံကြီးတချို့ရဲ့အတွေးအခေါ် အယူအဆတွေကိုဖြန့်ဝေမှု စတာတွေအတွက်လည်း စီးပွားရေးအရပိတ်ဆို့အရေးယူမှုကို နိုင်ငံခြားရေးမူဝါဒတခုအနေနဲ့ အသုံးပြုတတ်ကြပါတယ်။ ဥပမာဆိုရရင် Abyssinian Crisis မှာတုန်းက League of Nations ရဲ့အဆင့်ကိုမြှင့်တင်ဘို့အတွက် စီးပွားရေးပိတ်ဆို့အရေးယူမှုကို Foreign Policy Tool တခုအနေနဲ့ ဗြိတိန်နိုင်ငံကအသုံးပြုတာတွေ၊ ကွန်မြူနစ်ဝါဒ Western Hemisphere မှာ ပျံ့နှံ့လာတာကိုရပ်တန့်ဘို့ အမေရိကန်က Strategic Tool တခုအနေနဲ့အသုံးပြုခဲ့တာတွေ ဖြစ်ပါတယ်။

**ဆက်လက်ဖော်ပြမည်**

# ဒေါ်အောင်ဆန်းစုကြည်ရဲ့ အထူးအယူခံ နအဖစစ်အုပ်စုက ပယ်ချ

**DVB၊ မေ ၄။** ။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အထူးအယူခံကို နအဖအစိုးရအဖွဲ့က ပယ်ချလိုက်တယ်လို့ ရှေ့နေကြီး ဦးကြည်ဝင်းက ပြောပါတယ်။

ဧပြီလ ၃၀ ရက် ညပိုင်းက အထူးသတင်းတပ်ဖွဲ့ရဲ့ အကြောင်းကြားချက်အရ မေလ ၁ ရက်နေ့မှာ ဦးကြည်ဝင်းရဲ့ လက်ထောက်ရှေ့နေ ဦးလှမျိုးမြင့် နေပြည်တော်လိုက်သွားရာမှာ အထူးအယူခံပယ်ချတဲ့ အကြောင်းကြားစာ လက်ခံရရှိခဲ့တာလို့ ဦးကြည်ဝင်းက ပြောပါတယ်။ အယူခံပယ်တဲ့အကြောင်း ချိတ်ပိတ်စာထဲမှာ ဖေါ်ပြထားတာနဲ့ ပတ်သက်ပြီး ဦးကြည်ဝင်းက ပြောပါတယ်။

"ကျနော်တို့ဆီအကြောင်းကြားတဲ့စာထဲမှာတော့ သူတို့ကို စိစစ်ရေးအဖွဲ့ဆိုလား၊ အကြံပေးအဖွဲ့ဆိုလား အဲဒီအဖွဲ့ကနေပြီးတော့ လိုအပ်တဲ့ စာရွက်စာတမ်းတွေကို ဌာနဆိုင်ရာတွေကနေ တောင်းကြည့်ပြီးမှ အဲဒီက အကြံပေးချက်အရ အစိုးရအဖွဲ့က အယူခံကို ပလပ်တယ်ပေါ့။ ပယ်တယ်ပေါ့ဗျာ ဒါပါပဲ။"

ဒေါ်အောင်ဆန်းစုကြည်အတွက် အထူးအယူခံကို ပြီးခဲ့တဲ့နှစ် အောက်တိုဘာလ ၉ ရက်နေ့ ကတည်းက နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံ တင်ပြထားတာဖြစ်ပါတယ်။ ၆ လကျော်တဲ့အထိ ဆောင်ရွက်ပေးခြင်းမရှိတဲ့အတွက် ဧပြီလ ၂၈ ရက်က ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ စာရေးပြီး အယူခံကို ကြားနာပေးဘို့ မေတ္တာရပ်ခံခဲ့တယ်လို့ ဦးကြည်ဝင်းက ပြောပါတယ်၊ ဒီလို စာရေးတောင်းဆိုပြီး ၂ ရက်အကြာမှာဘဲ အယူခံပယ်ချတဲ့ အကြောင်းကြားစာ ရခဲ့တာဖြစ်ပြီး ဥပဒေပြဌာန်းချက်နဲ့အညီ နှစ်ဘက်လျှောက်လဲကြားနာခွင့်မပြုဘဲ အယူခံပယ်ချလိုက်တဲ့အပေါ် ဘဝင်မကျမိဘူးလို့ ဦးကြည်ဝင်းက ပြောပါတယ်။

"ပလပ်မယ် ဆိုတဲ့ဟာကလည်း ဒီလိုပဲဖြစ်ဖို့များတယ် ဆိုတာကိုတော့ ကျနော်တို့ မှန်းထားပြီးသားပါ။ ဘာလို့လဲဆိုတော့ ပြဿနာက ၂၀၀၃ ခုနှစ် ဒီပဲယင်းပြီးတော့ ဖြစ်တဲ့ကိစ္စ။ အခုကျမှ ဒေါ်အောင်ဆန်းစုကြည်အမှုအယူခံကို လက်ခံတယ်၊ ဟုတ်တယ် ကွင်းလုံးကျွတ်၊ သို့မဟုတ် ရာဇဝတ်မှုထဲမှာ ပြောသလိုပေါ့ဗျာ၊ တရားရှင်လွှတ်တယ်၊ တရားသေလွှတ်တယ်ဆိုတဲ့သဘောမျိုးကတော့ မျှော်လင့်လို့ မရဘူးဗျ။ ဘာလို့လဲဆိုတော့ ၅ နှစ် အရေးယူထားပြီးသားဖြစ်တယ်လေ။ အဲလိုလုပ်လိုက်ရင် သူတို့ ဟိုတုန်းက မှားပါတယ်ဆိုတဲ့ သဘောသွားဖြစ်မယ်။ ကျနော်တို့ကိုယ်တိုင်ကလည်း အဲလောက်အထိအောင် မျှော်မှန်းမထားပါဘူး။"

အယူခံပယ်ချခံရတာကို အသိပေးဖို့နဲ့ ဘာဆက်လုပ်ရမလဲဆိုတာ ညှိနှိုင်းဆွေးနွေးဖို့ ဒေါ်အောင်ဆန်းစုကြည်နဲ့ အမြန်ဆုံးတွေ့ခွင့်ပြုဖို့ ဒီနေ့ပဲ သတင်းအထူးတပ်ဖွဲ့ထံ တင်ပြတောင်းဆိုခဲ့တယ်လို့လည်း ရှေ့နေဦးကြည်ဝင်းက ပြောပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို ၂၀၀၃ ဒီပဲယင်းအရေးအခင်း ဖြစ်ပြီးကတည်းက နေအိမ်အကျယ်ချုပ် ချထားတာဖြစ်ပြီး အခုမေလ ၂၇ ရက်ဆိုရင် ၆ နှစ် ပြည့်မှာဖြစ်ပါတယ်။ ဒီရက်ကျော်ရင် ဒေါ်အောင်ဆန်းစုကြည်ကို ဆက်ချုပ်ထားခွင့်မရှိတော့ဘူးဘဲ လွှတ်ပေးရမှာဖြစ်တယ်လို့လည်း ရှေ့နေကြီးဦးကြည်ဝင်းက ပြောပါတယ်။

# ပြည်ပသတင်းဌာနနှင့်ဆက်သွယ်သူများ ထောင်ချ

**Mizzima၊ မေလ ၆ ။** ။ ပြည်ပသတင်းဌာနများနှင့်ဆက်သွယ်သူများအားနယ် စပ်ဖြတ်ကျော်မှုနှင့်ချိတ်ဆက်အမှုဆင်ပြီး ထောင်ဒဏ်ချမှတ်ရန် ရခိုင်ပြည်နယ်၊ အမ်းမြို့အခြေစိုက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်က ညွှန်ကြားခဲ့ပါတယ်။

ရခိုင်ပြည်နယ်အတွင်း ပြည်ပသတင်းသတင်းဌာနများဖြင့် ဆက်သွယ်သူများကို လူဝင်မှုကြီးကြပ်ရေး လဝက ပုဒ်မတတ်ကာထောင်ဒဏ်ချမှတ်ရန် ယခုနှစ် ဖေဖော်ဝါရီလအတွင်းမှ စတင်ကာညွှန်ကြားထားခြင်းဖြစ်ပါတယ်။ "နိုင်ငံရေးနဲ့ဆက်စပ်လူတွေကိုဖမ်းမိရင် နိုင်ငံရေးပုဒ်မမတတ်ဘဲ လဝက ပုဒ်မလောက်ကိုတတ်ပြီး ပြစ်ဒဏ်အမြင့်ဆုံးအမိန့်ချဘို့ အနောက်ပိုင်းတိုင်းက ဖေဖော်ဝါရီလလောက်ကတည်းက ညွှန်ကြားထားတယ်။ ရခိုင်တပြည်နယ်လုံးမှာပါ။"စစ်တွေမြို့အမှတ် ၂ ရဲစခန်းမှ အမည်မဖော်လိုသူ ရဲအရာရှိတဦးကပြောပါတယ်။

နိုင်ငံရေးပုဒ်မတတ်ကာတရားစွဲနိုင်သောအမှုများကို လဝက ပုဒ်မတတ်ပြီးပြစ်ဒဏ်ချမှတ်ခြင်းသည် မြန်မာနိုင်ငံအကျဉ်းထောင်များတွင် နိုင်ငံရေးအကျဉ်းသားမရှိကြောင်း မြန်မာအစိုးရကပြသချင်၍ဖြစ်ကြောင်း သူကပြောပါတယ်။ ပြီးခဲ့တဲ့လ နောက်ဆုံးပတ်အတွင်းက ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်ရှိ သဝန်ချောင်းကျေးရွာသားဦးမြတ်ထွန်း(ရဲဝန်ထမ်းဟောင်း) အား ပြည်ပသတင်းဌာနများသို့ သတင်းပေးသည်ဆိုကာ ဘင်္ဂလားဒေ့ရှ်မှအပြန် ဘူးသီးတောင်အခြေစိုက် အမှတ် ၂ ဗျူဟာရှေ့တွင် စစ်ဘက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့ စရဖ ကဖမ်းဆီးခဲ့ပါတယ်။

ထိုနောက်မောင်းတောရဲစခန်းသို့လွှဲပြောင်းကာ တရားမဝင်နယ်စပ်ဖြတ်ကျော်မှုပုဒ်မ ၁၃–၁ ဖြင့် ယခုလ ၁ ရက်နေ့တွင် မောင်းတောမြို့နယ်တရားရုံးက ထောင်ဒဏ် ၅ နှစ်ချမှတ်ခဲ့ကြောင်း အဆိုပါတရားရုံးနှင့်နီးစပ်သူ ဒေသခံတဦးက ပြောပါတယ်။ "အမှန်တကယ်ဆိုရင် တရားမဝင်အသင်းအဖွဲ့နဲ့ဆက်သွယ်မှုပုဒ်မ ၁၇–၂ နဲ့ဆိုရင် ၂ နှစ်လောက်ဘဲပြစ်ဒဏ်ချလို့ရမယ်။ အခုလို လဝက ပုဒ်မနဲ့တော့ ၅ နှစ်လောက်အထိချလို့ရတယ်။ နောက် နိုင်ငံရေးသမားစာရင်းထဲကိုလည်း မဝင်တော့အောင်လုပ်တဲ့သဘောပေါ့။"ဟု ပြောပါတယ်။

ယခုနှစ်ဖေဖော်ဝါရီလအတွင်းကလည်း တောင်ကုတ်မြို့မှကိုစန်းလွင်နှင့် စစ်တွေမြို့ ပါတလိတ်ချိတ်ရပ်ကွက်နေ ကိုသာထွန်းကို ဘင်္ဂလားဒေ့ရှ်အခြေစိုက် နိုရိဋ္ဌရာသတင်းဌာနနှင့်ဆက်သွယ်သည်အထောက်အထားရရှိပါလျှက်နှင့် တရားမဝင်နယ်စပ်ဖြတ်ကျော်မှုနှင့်ပင် ထောင်ဒဏ် ၅ နှစ် ပြစ်ဒဏ်ချခဲ့သေးကြောင်း နိုရိဋ္ဌရာသတင်းထုတ်ပြန်ချက်အရသိရပါတယ်။

# ၂၀၁၀ ရွေးကောက်ပွဲ ဂျပန်နှင့် အီးယူသဘောထား

**DVB၊ မေ ၆။** ။ ၂၀၁၀ မှာ ကျင်းပမယ့် ရွေးကောက်ပွဲအတွင်း နိုင်ငံရေးအင်အားစုအားလုံးလွတ်လပ်စွာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရင် အဲဒီရွေးကောက်ပွဲကို နိုင်ငံတကာ အသိုင်းဝိုင်းက အသိအမှတ်ပြုသင့်တယ်လို့ အီးယူနဲ့ ဂျပန်နိုင်ငံက ပြောဆိုလိုက်ပါတယ်။

လက်ရှိ အီးယူဥက္ကဋ္ဌက ချက်နိုင်ငံမှာကျင်းပခဲ့တဲ့ အီးယူ–ဂျပန် အစည်းဝေးကနေထုတ်ပြန်တဲ့ ပူးတွဲကြေညာချက်မှာ ထုတ်ဖော် ပြောဆိုလိုက်တာဖြစ်ပါတယ်။ ဒ့ါအပြင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေကို ရွေးကောက်ပွဲမတိုင်မီ လွှတ်ပေးဖို့လည်း တောင်းဆိုထားပါတယ်။ နအဖစစ်အုပ်စုအနေနဲ့ နိုင်ငံရေးပြဿနာ၊ စီးပွားရေးအကျပ်အတည်းတွေကနေ လွတ်မြောက်စေရေးအတွက် ဒီမိုကရေစီနည်းကျ အရပ်သားအစိုးရသစ်တရပ်ဆီ ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းရေးကို အချိန်မဆွဲဘဲ လုပ်ဆောင်လိမ့်မယ်လို့ အီးယူ–ဂျပန် ဆွေးနွေးပွဲကိုတက်ရောက်တဲ့ ခေါင်းဆောင်တွေက မျှော်လင့်ထားကြောင်း ပူးတွဲကြေညာချက်မှာ ဖေါ်ပြထားပါတယ်။

ဝါရှင်တန်ကနေဝင်လာတဲ့ အေအက်ဖ်ပီ သတင်းတပုဒ်မှာတော့ စစ်အုပ်စုအပေါ် ပြုလုပ်ထားတဲ့ စီးပွားရေးပိတ်ဆို့မှုကို ပြန်ရုပ်သိမ်းမှု မလုပ်သေးဘဲ ဆက်ထားပေးစေချင် ကြောင်း ၈၈ မျိုးဆက်ကျောင်းသားတွေနဲ့ သံဃာတော်တွေက အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဆီ စာရေးတောင်းဆိုလိုက်ကြောင်း ဖေါ်ပြထားပါတယ်။ ၂၀၀၇ စက်တင်ဘာဆန္ဒပြပွဲပြီးကတည်းက ပုန်းအောင်းနေရတဲ့ ၈၈ ခေါင်းဆောင် ကိုထွန်းမြင့်အောင်နဲ့ သံဃာ့တပ်ပေါင်းစုခေါင်းဆောင် အရှင်ဩဘာသတို့က အဲဒီစာကို လက်မှတ်ရေးထိုး ပေးပို့လိုက်တာဖြစ်ပါတယ်။ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်လာတဲ့အထိ၊ စစ်မှန်တဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေ ဖြစ်လာတဲ့အထိ ပိတ်ဆို့ထားမှုတွေကို ဆက်ထားဖို့လိုကြောင်း၊ ပိတ်ဆို့မှုတွေကြောင့် ပြည်သူတွေ ထိခိုက်နေတယ်ဆိုတဲ့ နအဖရဲ့ အကြောင်းပြချက်ဟာ ခိုင်လုံမှုမရှိဘဲ စစ်အုပ်စုရဲ့ စီမံခန့်ခွဲမှုညံ့ဖျင်းလို့သာ တိုင်းပြည်ဆင်းရဲနေရတာ ဖြစ်တယ်လို့ အဲဒီစာမှာ ထောက်ပြထားကြောင်း သိရပါတယ်။

# သင်တန်းကြေးမရလို့ ငွေချေးပြီးလာရတဲ့ ဆရာ ဆရာမများ အခက်ကြုံ

**DVB | မေလ ၄ ။ ။** ရောဝတီတိုင်း ဘိုကလေးမြို့မှာ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ ယူနီဆက်ကပြုလုပ်တဲ့ သင်တန်းကိုလာတက်တဲ့ ကျောင်းဆရာ၊ ဆရာမတွေ သင်တန်းကြေးမရလို့ အခက်တွေ့ကြရတယ်လို့ ပြောပါတယ်။

ရောဝတီတိုင်း ဘိုကလေးမြို့အထက ၁ ကျောင်းမှာ ၁၂ ရက်ကြာပြုလုပ်ခဲ့တဲ့ ကလေးပျော်ကျောင်းသင်တန်းကို ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ ယူနီဆက်က ဦးစီးပြုလုပ်ပေးတာပါ။ ဒီနေ့ ပြီးဆုံးသွားပေမယ့် တနေ့ ဖ ထောင် ပေးမယ်လို့ ပြောထားတဲ့အတိုင်း ထောက်ပံ့ကြေးမရသေးတဲ့အတွက် သင်တန်းတက်တဲ့ ဆရာ ဆရာမတွေအခက်တွေ့နေကြရတာလို့ ဆိုပါတယ်။ ဘိုကလေးမှာ သင်တန်းတက်ဖို့ ငွေကိုချေးငှားပြီး လာရတဲ့ ကျောင်းဆရာတဦးက သူ့အခက်အခဲကို ပြောပါတယ်။

“ဒီသင်တန်းမှာစားရမယ့် စရိတ်ကို ဘေးကနေ အတိုးနဲ့ဆွဲရတယ်။ ကျနော်ဆိုရင် စားစရိတ် ၁ သောင်းခွဲ ယူလာရတယ်။ ဒါ ဖ ရက်စာလောက်ပေါ့။ ၁ သောင်းခွဲကို တနေ့ကို ၁၅၀၀ အတိုးပေးရတာ။ ကျနော်ကိုသနားလို့ဆိုပြီး ၁ ထောင်ပဲပေးရတယ်။ ၁၂ ရက်ကြာရင် ၁ သောင်း ၂ ထောင်ပေးရမယ်။ အခု ထိကျနော်တို့ သင်တန်းစရိတ်မရလို့ ဒုက္ခရောက်နေတယ်၊ စားဝတ်နေရေးအဆင်မပြေဘူး။ အခုသူငယ်ချင်းဆီမှာသွားပြီး ကပ်စားနေရတယ်။ သူ့ဆီက ပိုက်ဆံလည်း ၂ သောင်းလောက် ချေးပြီးတော့ သုံးနေရတယ်။”

သင်တန်းကြေးမရလို့ အခက်အခဲတွေနဲ့ ရင်ဆိုင်နေရတဲ့ စိန်ဟိုင်းရွာအုပ်စုကျောင်းဆရာမ တဦးကလဲ သူ့အခက်အခဲကို ပြောပါတယ်။

“ကျမတို့အခက်အခဲက ရွာထဲကနေတဆင့် လာတက်ရတယ်။ ကျမတို့ ဆရာ၊ ဆရာမတွေဆိုတာ ငွေရေးကြေးရေး ပြည့်စုံမှုမရှိဘူး။ ပြည့်စုံမှုမရှိတော့ ဆွဲလာရတာပေါ့။ သူတို့က သင်တန်းကြေးပေးမယ်ဆိုပြီး မပေးတဲ့ အခါကျတော့ ပြန်ဆပ်ရမယ့် အခက်အခဲရှိသလို အခုသွားရေးလာရေးကအစ အဆင်သိပ်မပြေဘူးပေါ့။ သူတို့ကတော့ ရုံးချုပ်ကနေပြီးတော့ ငွေမပေးသေးလို့၊ သူတို့မှာ အဆင်မပြေလို့ဆိုပြီး ရှင်းတော့ ရှင်းပြတာပဲ။ တိတိကျကျတော့ဘာမှ မပြောဘူး။”

အဲဒီသင်တန်းမှာ ဆက်ရှင် ၂၅ ခုရှိပြီး ဆက်ရှင် တခုစီမှာ သင်တန်းသား ၃၀ ခန့် ရှိတယ်လို့လည်း ပြောပါတယ်။ သင်တန်းသားတွေအားလုံး ကိုယ့်နီးစပ်ရာမိတ်ဆွေအပေါင်းအသင်း၊ ဘုန်းကြီးကျောင်းတွေမှာ တည်းကြရပြီး အချို့ကတော့ အခကြေးငွေပေးပြီး တည်းကြရတယ်လို့ လည်း ပြောပါတယ်။ သင်တန်းကြေးမရှင်းပေးတာနဲ့ပတ်သက်လို့ ဘိုကလေးအခြေစိုက် ယူနီဆက်ဖ ဝန်ထမ်းတဦးကို မေးကြည့်ရာမှာတော့ ဘိုကလေးမြို့နယ် ပညာရေးမှူးရုံးကို မေးပါလို့ ပြောပေမယ့် ဘိုကလေးမြို့နယ် ပညာရေးမှူးရုံးကို ဆက်သွယ်လို့ မရပါဘူး။

# လေနီကြမ်းကြောင့် အိမ်များပျက်စီး

**DVB | မေ ၆ ။ ။** မြန်မာနိုင်ငံ မြေလတ်ပိုင်း စလင်းမြို့နယ်မှာ ပြီးခဲ့တဲ့ စနေနေ့က လေကြမ်းတိုက်ခတ်ခဲ့တာကြောင့် ကျေးရွာအချို့ လူနေအိမ်အများအပြား ပျက်စီးခဲ့ပြီး သေဆုံးသူအချို့ရှိခဲ့တယ်လို့ သိရပါတယ်။

မကွေးတိုင်း စလင်း–ဆင်ဖြူကျွန်းကားလမ်း အနောက်ဘက် ကျေးရွာ တချို့မှာ ဒီလ ၂ ရက်နေ့ ညနေပိုင်းက လေနီကြမ်းတိုက်ခဲ့တာပါ၊ စလင်းမြို့နယ်ရှိ ကြက်သကိုင်၊ လေးအိမ်စု၊ သမြင်ခင်းစတဲ့ ကျေးရွာတွေဟာ လေနီကြမ်းဒဏ် အများဆုံးခံစားခဲ့ရပြီး အသေအပျောက်ရှိတယ်လို့ ဒေသခံတွေက ပြောပါတယ်။ လေးအိမ်စုရွာနဲ့နီးတဲ့ ဆင်ဖြူကျွန်း မြို့ခံတဦးက အခုလိုပြောပါတယ်။

“ညနေ ဖ နာရီလောက် လေတိုက်တာ ဆင်ဖြူကျွန်းကိုတော့ မဝင်ဘူး၊ နည်းနည်းပဲ အဖျားခတ်တယ်၊ အဲ့ဒီရွာဘက်ကို လေက ဦးတည်တိုက်သွားတယ် ထင်တယ်၊ အဲ့ဒီရွာမှာတော့ တော်တော်လေးပျက်စီးသွားတယ်၊ ကလေးမလေး တယောက် အိမ်ပြိုရင်းနဲ့ အိမ်ပိသေသွားတယ်။ ခနပဲပေါ့နော် ၁၇ မိနစ်လောက် ကိုတအားတိုက်သွားတာ၊ အလွန်ဆုံး မိနစ် ၂၀ ပေါ့”။

သမြင်ခင်းရွာမှာလည်း လူတဦးသေဆုံးခဲ့ပြီး လူနေအိမ် ၄၀ လောက် ပျက်စီးသွားတယ်လို့ စလင်းမြို့ခံတဦးက ပြောပါတယ်။

“လေနီကြမ်းခင်ဗျ၊ လေဆင်နှာမောင်းမဟုတ်ဘူး၊ ကောင်းကင်နီပြီးတော့ လေတိုက်ချသွားတာ တော်တော်ဆိုးသွားတယ်။ စလင်းချောင်းဘေးက သမြင်ခင်းရွာတဲ့။ မြို့နယ်ဥက္ကဋ္ဌတွေ၊ မြို့နယ်ကယ်ဆယ်ရေးအဖွဲ့တွေသွားကြတယ်။ အိမ်အမိုးလွင့်ပြီး အဲ့ဒီသွပ်ပြားနဲ့ လူတယောက် လည်ပင်းပြတ်သွားတယ်လို့ ပြောတယ်။”

လေနီကြမ်းမတိုက်မီ အာဏာပိုင်အဖွဲ့အစည်းတွေက ရာသီဥတုနဲ့ပတ်သက်တဲ့ ကြိုတင်သတိပေးမှု မရှိခဲ့ဘူးလို့လည်း သူက ပြောပါတယ်။ လေနီကြမ်းမတိုက်ခင်ရာသီဥတုအခြေအနေက နေသာနေရာကနေ ရုတ်တရက် မှောင်ကျလာပြီး ကောင်းကင်နီလာကာ ပြင်းပြင်းထန်ထန် တိုက်ခတ်သွားတာလို့လည်း အဲဒီစလင်းမြို့ခံက ပြောပါတယ်။ လေနီကြမ်းတိုက်ခက်မှုကြောင့် ကားလမ်းဘေးတလျှောက်က သစ်ပင်တွေ ကျိုးကျတာကြောင့် လမ်းတွေပိတ်ဆို့သွားပြီး အခုအခါ လေနီကြမ်းဒဏ်ကိုခံစားခဲ့ရတဲ့ ကျေးရွာသားတွေက ကိုယ်ထူကိုယ်ထစနစ်နဲ့ ပြန်လည်ထူ ထောင်ရေး လုပ်ဆောင်နေကြရတယ်လို့ သိရပါတယ်။

# မင်းကိုနိုင်ကျန်းမာရေး မိသားစု ပူပန်

**DVB | မေလ ၄ ။ ။** ကျိုင်းတုံထောင်က ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်ကို မတ်နဲ့ ဧပြီအတွင်း မျက်စိအထူးကုဆရာဝန်၊ ရောဂါအထူးကု ဆရာဝန်နဲ့ ကုသမှုပေးခဲ့တယ်လို့ ဧပြီလ ၂၉ ရက်နေ့က ထောင်ဝင်စာတွေ့ ပြီးပြန်လာခဲ့တယ် အစ်မဖြစ်သူ မကြည်ကြည်ညွှန့်က ပြောပါတယ်။

၂၅ မိနစ်ကြာ မင်းကိုနိုင်ကို ထောင်ဝင်စာတွေ့ခဲ့ရစဉ်အတွင်း သိခဲ့ရတဲ့ ထောင်တွင်းအခြေအနေနဲ့ မျက်စိရောဂါနဲ့ပတ်သက်တဲ့ ဆရာဝန်ရဲ့ညွှန်ကြားချက်တွေကို အစ်မဖြစ်သူ မကြည်ကြည်ညွှန့်က ပြောပါတယ်။

“သူကတော့ လန်းလန်းဆန်းဆန်းပါပဲ။ ထောင်ရဲ့ အဆောက်အဦးအနေ အထားအရ ထောင်တခုနဲ့တခု အရမ်းနီးပြီး ကပ်နေလို့ လမ်းလျှောက်ခွင့်ပေးလို့ မရတာပါလို့ ပြောတယ်။ မတ်လတုန်းက မျက်စိအထူးကုနဲ့ စစ်ပေးတယ်။ မျက်မှန်ပါဝါလည်း လဲလိုက်ရတယ်။ ပါဝါတိုးသွားတာပေါ့။ ”

သွေးပေါင်ချိန် ၁၄၀–၉၀ ဖြစ်လာတဲ့နောက် ဧပြီလမှာ ရောဂါအထူးကု ဆရာဝန်နဲ့ ပြသပေးခဲ့တဲ့အခါ ဆရာဝန်က သွေးကျဆေး နေ့စဉ်သောက်ဖို့ညွှန်ကြားခဲ့ပါတယ်။ ကိုမင်းကိုနိုင်အနေနဲ့ လမ်းလျှောက်ခွင့် လုံးဝမရဘဲနဲ့အခန်းကျဉ်းထဲမှာ လှုပ်ရှားမှုမရှိဘဲ သွေးကျဆေး နေ့စဉ်သောက်နေရတဲ့ ကုသမှုအပေါ် အစ်မဖြစ်သူမှာ စိတ်ပူပန်စရာဖြစ်နေရတယ်လို့ပြောပါတယ်။

“ဧပြီမှာ သူ့ကို ရောဂါအထူးကုဆရာဝန် ဝင်ကြည့်သေးတယ်၊ ဝင်ကြည့်တော့ သူ့ကို ဆရာဝန်က နေ့တိုင်း သွေးကျဆေး အွန်တော့ ကိုယ်က စိတ်ပူတာပေါ့။ နားလည်တဲ့သူတွေနဲ့ တိုင်ပင်ပြီး၊ နည်းလမ်းတခုခုရှာပြီး လုပ်ချင်တယ်။ အစားအသောက်တော့ ဆင်တော့ ဆင်ခြင်ပါတယ်။ ကျိုးပေါင်းကြောင့် ဖြစ်နေ တယ်ဆိုတော့လေ လည်ပင်းအပတ်တပ်ပြီးတော့ သက်သာခဲ့လို့ရှိရင်လည်း ပရက်ရှာမှာသွား သိသာမလားလို့ စဉ်းစားမိတယ်။ အန်ကယ်ဦးဝင်းတင်တို့ ဦးအုန်းကြိုင်တို့လည်း ကျိုးပေါင်းကြောင့်ဖြစ်တာတဲ့။ သူတို့က လည်ပတ်ကြိုးတွေ တပ်စေချင်တာလေ။”

၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်အပါအဝင် ၃၆ ဦးဟာ ၂၀၀၇ ခုနှစ် လောင်စာဆီဈေးနှုန်းကျဆင်းရေး လမ်းလျှောက်ဆန္ဒပြမှုနဲ့ဖမ်းဆီးခံရပြီးနောက် ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၁၁ ရက်နေ့မှာ ထောင်ဒဏ် ၆၅ နှစ်စီ အသီးသီး ကျခံခဲ့ရပါတယ်။ ကိုမင်းကိုနိုင်ကိုတော့ အာဏာပိုင်တွေက ကျိုင်းတုံထောင်ကို ပြောင်းရွှေ့အကျဉ်းချခဲ့တာဖြစ်ပါတယ်။

# ဘလော့ဂါအတွက် အဆိုးရွားဆုံး၊ သတင်းလွတ်လပ်ခွင့်အကင်းမဲ့ဆုံးဖြစ်

**DVB ၊ မေလ ၃ ။ ။** မြန်မာနိုင်ငံဟာ ဘလော့ဂါတွေအတွက် အဆိုး ရွားဆုံးနိုင်ငံဖြစ်နေပြီး သတင်းလွတ်လပ်ခွင့် ချိုးဖောက်ခံရမှုမှာ ဆိုးရွားနေတယ်လို့ သတင်းလွတ်လပ်ခွင့်စောင့်ကြည့်ရေးအဖွဲ့တွေက နိုင်ငံတကာသတင်းလွတ်လပ် ခွင့်နေ့ အထိမ်းအမှတ်အဖြစ် ထုတ်ပြန်ကြေညာပါတယ်။

နအဖစစ်အုပ်စုဟာ အင်တာနက်ကဖေးတွေကို စည်းကမ်းတင်းကျပ်၊ အီးမေးလ်တွေကို စစ်ဆေးရုံတင်မက ကိုယ်ပိုင်အင်တာနက်တင်ဆက်တဲ့ ဘလော့ဂါတွေကို ဖမ်းဆီးထောင်ချ၊ ခြိမ်းခြောက်ဟန့်တားတဲ့အထိ အင်တာနက်လွတ်လပ်ခွင့်ချိုးဖောက်မှုတွေ ကျူးလွန်နေတယ်လို့ အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့အခြေစိုက် စာနယ်ဇင်းသမားများကာကွယ် စောင့်ရှောက်ရေးအဖွဲ့ (စီပီဂျေ)က ထုတ်ပြန်ကြေညာပါတယ်၊ စစ်အုပ်စုလက်အောက်မှာ အခြေအနေဘယ်လောက်ဆိုးရွားတယ်ဆိုတာကို အမျိုးသမီးဘလော့ဂါသမားတဦးက ပြောပြပါတယ်။

"သူများနိုင်ငံတွေမှာလည်း မရှိဖူးတဲ့၊ ဘလော့ဂါကိုထောင်ချတဲ့ဟာမျိုးတို့၊ အီလက်ထရော နစ်ပုဒ်မတွေဘာတွေ ထွက်လာတာတို့၊ အဲဒါမျိုးဆိုတာကတော့ အဆိုးဆုံးဆိုတဲ့အထဲမှာ ပြောလို့ရှိရင် လက်ခံနိုင်မယ်လို့တော့ ယူဆလို့ရပါတယ်။"

စကားပြောတာတောင် ဆင်ခြင်နေရတာပါလို့ အဲဒီဘလော့ဂါက ပြောပါတယ်။ နည်းပညာကို အသုံးချပြီး ဖိနှိပ်ချုပ်ချယ်ရုံမက ပိတ်ဆို့တားဆီးနေတဲ့ ဝိုင်းဝန်းကူညီဖြေရှင်းပေးကြဖို့ နိုင်ငံတကာအစိုးရတွေ၊ အင်တာနက်နည်းပညာကုမ္ပဏီတွေ၊ လူ့အခွင့်အရေးအဖွဲ့တွေကို စီပီဂျေက တိုက်တွန်းပါတယ်၊ သတင်းလွတ်လပ်ခွင့်စောင့်ကြည့်ရေးအဖွဲ့ဖြစ်တဲ့ ဖရီးဒမ်းဟောက်စ်ကလည်း မြန်မာနိုင်ငံဟာ သတင်းလွတ်လပ်ခွင့်ချိုးဖောက်မှု အဆိုးရွားဆုံးနိုင်ငံစာရင်းဝင်နေပြီး အခြေအနေပိုဆိုးလာတယ်လို့ စစ်တမ်းထုတ်ပြန်ပါတယ်။ ဂျာနယ်သတင်းထောက်တဦးက "ပိုဆိုးတာတယ်၊ အဓိကကတော့ ၂၀၀၇ စက်တင်ဘာ အရေးအခင်းကစပြီးတော့ တင်းကျပ်လာလိုက်တာ အခု နာဂစ်ဆိုင်ကလုံးမုန်တိုင်းကိစ္စရဲ့နောက်ပိုင်းကျ ပိုဆိုးသွားတာပေါ့။" သတင်းတခုတည်းကိုပဲ တချို့ဂျာနယ်ကိုဖော်ပြခွင့်ပြုပြီး တချို့ဂျာနယ်ကိုကျတော့ ပိတ်ပင်တာလည်း ရှိသေးတယ်လို့ ဆိုပါတယ်။ "အဲဒီဒေသမှာ တော်တော်ဆိုးရွားပါတယ်ဆိုတာမျိုးကို ရေးတာလည်းမဟုတ်ဘူး၊ ဘယ်သူ့ကိုမှလည်း ထိခိုက်တာလည်းမဟုတ်ဘူး သူတို့ကိုမကောင်းပြောတာလဲ မပါဘူး၊ ဒါပေမယ့် လည်း သူတို့ဖြုတ်တာပဲ"။

အဲဒီလို အခြေအနေမှန်ထင်ဟပ်တဲ့ သတင်းတွေကို စစ်တပ်ထိပ်ပိုင်းခေါင်းဆောင်တွေ ဖတ်လေ့ရှိတယ်ဆိုတဲ့ ဂျာနယ်တွေမှာ ဖော်ပြခွင့်မပြုတော့ဘူးလို့လည်း ဆိုပါတယ်။

"စာပေစိစစ်ရေးမှူးတွေက ခွင့်မပြုကြတာများတယ်၊ တချို့သတင်းတွေကို သူတို့ကိုယ်နှိုက်က ပြောတယ်၊ သူတို့ပါးစပ်ကပါ ထုတ်ပြောတာခင်ဗျ၊ ဘာလို့ ဒီသတင်းကို ဟိုဂျာနယ်မှာပါတယ်၊ ဒီဂျာနယ်မပါလဲ' ဆိုပြီးတော့ မေးတဲ့အခါမှာ မေးတဲ့ခါလည်း တရားဝင်မေးတာမဟုတ်ဘူးနော် ကပ်ပြီးမေးတာတောင် – သူတို့တရားဝင်မေးပိုင်ခွင့်မရှိဘူး မေးခွန်းထုတ်တာမရှိဘူး – အဲဒီခါမျိုးမှာ သူတို့က 'ခင်ဗျားတို့ဂျာနယ်က ဗိုလ်ချုပ်မှူးကြီးဖတ်တယ်ဗျ' ဆိုတဲ့ စကားတလုံးနဲ့တင်ကျနော်တို့ ခံရတာပဲ ဘာမှမတတ်နိုင်ဘူး"။

Voice of Burma

1-507, Horifune Jutaku
Horifune 2-27-1
Kita Ku, Tokyo
Japan. 114 - 0004

Tel/Fax: 81 3-6323-5114
E-mail: sayarkway@yahoo.com
voburma@ac.auone-net.jp

၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

To

AIR MAIL

PRINTED MATTER